# မြဝတီ နေ့စဉ်

မှန်ရမည်၊ မြန်ရမည် ပြည်သူ့အတွက်မြဝတီ


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

မိမိထက်အသက်သိက္ခာဝါကြီးသောသူတို့ကို အမြဲ အရိုအသေပြုလေ့၊ ရှိခိုးလေ့ရှိသောသူမှာ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော အကျိုးထူးတရားလေးပါးတို့သည် တိုးပွားကုန်၏။

ဓမ္မပဒ

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**မဲပေးတယ်ဆိုတာ သင့်အနာဂတ်ကို သင်ကိုယ်တိုင်ဆုံးဖြတ်လိုက်တာပါ။**


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၂၇၃)

၁၃၈၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ ရက်
၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၁၆ ရက်၊ သောကြာနေ့


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး (၇၄)နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ်အခမ်းအနားနှင့် ပြည်နယ်ဂုဏ်ထူးဆောင်ဆုများ ချီးမြှင့်ခြင်းအခမ်းအနားတက်ရောက်

လွိုင်ကော် ဇန်နဝါရီ ၁၅

၂၀၂၆ ခုနှစ် (၇၄)နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ်အခမ်းအနားနှင့် ပြည်နယ်ဂုဏ်ထူးဆောင်ဆုများချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ကျင်းပသည်။

အခမ်းအနားသို့ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တာဝန်ရှိသူများ၊ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဗဟိုအကြံပေးအဖွဲ့ဝင်များ၊ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးစိန်ဦး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့်ကယားတိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဦးဉာဏ်ထွန်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးစိန်ဦး၊


**စာမျက်နှာ ၅ ကော်လံ ၁ ❍**




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ (၇၄) နှစ်မြောက် ကယားပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာအား အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးက ဖတ်ကြားစဉ်။

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ်ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ**


စာ - ၃ သို့


**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက်**


စာ - ၁၄ သို့


**ဆောင်းပါး လူငယ်ငြိမ်းချမ်းရေးဖိုရမ်နှင့် ယနေ့လူငယ်**


စာ - ၁၃ သို့





## အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၁၆ ရက်)

# အစဉ်တစိုက်ကြိုးပမ်းနေရမည့်ပညာရေးကဏ္ဍ

မြန်မာနိုင်ငံတွင်ဖြတ်သန်းခဲ့ရသည့် သမိုင်းကြောင်းတစ်လျှောက်၌ ကြုံတွေ့ခဲ့ရသည့်အရေးအခင်းများ၊ ပဋိပက္ခများ၊ ဆူပူမှုများ၏အကြောင်းရင်းကိုကြည့်မည်ဆိုပါက အသိပညာ၊ အတတ်ပညာအားနည်းသည့် အခြေခံအချက်ဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်သည်။ အဆိုပါအချက်ကိုအသုံးချ၍ ပြည်တွင်း၊ ပြည်ပမှ သွေးထိုးလှုံ့ဆော်မှုများကြောင့် ပြည်တွင်းပဋိပက္ခများဖြစ်ပွားခဲ့သည်။ နိုင်ငံတော်အတွင်း ပညာတတ်လူသားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်လာစေရေး ပညာရေးကဏ္ဍကိုမြှင့်တင်ပေးနေခြင်းမှာ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ထိုမှတစ်ဆင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အဓိကထားခြင်းဖြစ်သည်။

နိုင်ငံတော်၏အနာဂတ်ကိုကောင်းမွန်စွာဖော်ဆောင်ရာတွင် ပညာရေးသည်ရှေ့ဆုံးတွင်ရှိနေသည်။ အတန်းပညာရှိမှသာလျှင် အတတ်ပညာနှင့်အသိပညာများရှိလာမည်ဖြစ်သည်။ အတတ်ပညာသည် လူတော်ဖြစ်စေပြီး အသိပညာသည်လူကောင်းဖြစ်စေနိုင်သည်။ လူတော်လူကောင်းများပေါများသည့် နိုင်ငံသည် ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းတွင်ရှိနေမည်ဖြစ်သည်။ လက်ရှိလူငယ်မောင်မယ်များကို လူတော်လူကောင်းများဖြစ်လာစေရေး အတတ်ပညာသာမက အသိပညာများပါကြွယ်ဝသည့် လူသားအရင်းအမြစ်ကောင်းများဖြစ်လာစေရေး မိဘနှင့်ဆရာသမားများက ထိန်းကျောင်းပြုပြင်ပေးကြရမည်ဖြစ်သည်။

ကျောင်းသား၊ ကျောင်းသူတို့၏အနာဂတ်ကို အကောင်းမွန်ဆုံးဖြစ်အောင် ဖန်တီးပေးနိုင်သည်မှာ စာသင်ကျောင်းများဖြစ်သည်။ "အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက" ဆိုသည့်အတိုင်း စည်းကမ်းရှိသော လူငယ်များဖြစ်လာစေရေး၊ အတန်းပညာများကိုပြီးမြောက်အောင် တက်ရောက်သင်ကြားရေးကို ငယ်စဉ်ကလေးဘဝကတည်းက ပညာအားပြည့်ဝစွာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးရန်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံအတွင်းပညာတတ်လူသားအရင်းအမြစ်များပေါများစေရေးအတွက် KG+9 အဆင့်အထိ မဖြစ်မနေသင်ကြားနိုင်ရေးဆောင်ရွက်နေခြင်းဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ (၇၈)နှစ်မြောက် ကချင်ပြည်နယ်နေ့အခမ်းအနားသို့ပေးပို့သည့်သဝဏ်လွှာတွင် **"အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီအနေဖြင့် နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ဆောင်ရွက်ပေးလျက်ရှိပါသည်။ ပညာရေးကဏ္ဍတွင် အတန်းပညာ အတတ်ပညာသာမက အရာရာကိုမှန်မှန်ကန်ကန်စဉ်းစားတွေးခေါ်ဆုံးဖြတ်နိုင်သည့် အသိပညာနှင့်တိုင်းချစ်ပြည်ချစ်စိတ်၊ အမျိုးဂုဏ်ဇာတိဂုဏ်ထိန်းသိမ်းလိုသည့်စိတ်များရှိသည့် အနာဂတ်မျိုးဆက်သစ်လူငယ်များဖြစ်အောင် လေ့ကျင့်ပြုစုပျိုးထောင်ပေးကြရန်ကိုလည်း အလေးထားမှာကြားလိုပါသည်"**ဟူ၍ဖော်ပြထားသည်။

မကြာမီကာလအတွင်း အခြေခံပညာကျောင်းများ၌ အတန်းတင်စာမေးပွဲများကျင်းပတော့မည်ဖြစ်သည်။ ကျောင်းသား၊ ကျောင်းသူများစာမေးပွဲကိုအောင်မြင်စွာဖြေဆိုနိုင်ရေး တာဝန်ရှိသူများနှင့်မိဘများက ဝိုင်းဝန်းဆောင်ရွက်ပေးကြရမည်ဖြစ်သည်။ မိဘများအနေဖြင့် ငွေကြေးကုန်ကျမှုများရှိသကဲ့သို့ ကျောင်းသား၊ ကျောင်းသူများအနေဖြင့်လည်း အချိန်များပေး၍ ပညာသင်ကြားကြရခြင်းဖြစ်၍ အတန်းတင်စာမေးပွဲများကိုအောင်မြင်စွာဖြေဆိုနိုင်ရေးမိဘများအနေဖြင့် မိမိတို့၏သားသမီးများကို တိုက်တွန်းအားပေးဆောင်ရွက်ကြရမည်ဖြစ်သည်။ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ပညာရေးနှင့်ပတ်သက်၍ မိမိတို့ကြိုးစားလျှင်ကြိုးစားမှုရှိသည့်အတိုင်းအောင်မြင်မှုရှိလာမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ထူးချွန်စွာအောင်မြင်သူများကိုလည်း ထိုက်ထိုက်တန်တန်ဂုဏ်ပြုချီးမြှင့်ပေးလျက်ရှိသည်။ တက္ကသိုလ်ဝင်စာမေးပွဲတွင်ထူးချွန်စွာအောင်မြင်ကြသူများကို ပြည်ပနိုင်ငံများသို့လေ့လာရေးခရီးစဉ်များစေလွှတ်ပေးလျက်ရှိသည့်အတွက် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ပညာရေးကို အလေးထားကြိုးစားကြရမည်ဖြစ်သည်။ လူငယ်ဆိုသည်မှာ အနာဂတ်နိုင်ငံတော်၏တာဝန်များကို မဖြစ်မနေထမ်းဆောင်ကြရမည့်သူများဖြစ်သည်။ လူငယ်များအရည်အချင်းပြည့်ဝနေမှသာ နိုင်ငံ၏အနာဂတ်သည် ပိုမိုဖွံ့ဖြိုးတိုးတက်သာယာမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးလျက်ရှိရာ ဒီမိုကရေစီယဉ်ကျေးမှုထွန်းကားရေးအတွက်လည်း ပညာတတ်များပေါကြွယ်နေရန်လိုအပ်သည်။ ပညာရေးမှာ နိုင်ငံရေးနှင့်ဆက်နွှယ်လျက်ရှိသည့်အတွက် နယ်စပ်ဒေသများတည်ငြိမ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးသည်လည်းအဓိကပါဝင်သည်။ အနှစ်ချုပ်ဆိုရသော် ပညာရည်မြင့်မားရေးလုပ်ငန်းဆိုသည်မှာ အစိုးရအဆက်ဆက်ဆောင်ရွက်နေရမည့်လုပ်ငန်းဖြစ်သကဲ့သို့ ကျောင်းသား၊ ကျောင်းသူများအနေဖြင့်လည်း အစဉ်တစိုက်ကြိုးစားသင်ယူနေရမည့်ကဏ္ဍတစ်ခုဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## ၂၀၂၆ ခုနှစ်၊ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၂။ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်အတူ တိုင်းရင်းသားလူမျိုးများအားလုံးလက်တွဲပူးပေါင်းဆောင်ရွက်ရေး။

၃။ နိုင်ငံတော်အတွင်းတရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများထွန်းကားလျက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ထာဝရငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန်အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၄။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ ယုံကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကိုကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်ရေး။

၅။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းဖော်ဆောင်ရေး။

## ပုံနှိပ်ခြင်းလုပ်ငန်း၊ ထုတ်ဝေခြင်းလုပ်ငန်းနှင့်သတင်းအေဂျင်စီ လုပ်ငန်းလုပ်ကိုင်သူများ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် အသစ်လဲလှယ်ရန် အသိပေးကြေညာခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများထွက်ရှိသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း အသိအမှတ်ပြုလက်မှတ်များအား ၅ နှစ်သက်တမ်းခွင့်ပြုပေးခဲ့ပါသည်။

၂။ အသိအမှတ်ပြုလက်မှတ် သက်တမ်းကုန်ဆုံးပါက နည်းဥပဒေ ၂၁ အရ သက်တမ်းကုန်ဆုံးသည့်ရက်မှစ၍ ရက်ပေါင်း ၆၀ အတွင်း သတ်မှတ်ပုံစံနှင့်အတူ အခကြေးငွေကျပ်တစ်သောင်းပေးသွင်း၍ ပြန်ကြားရေးဝန်ကြီးဌာနသို့ အသိအမှတ်ပြုလက်မှတ်အသစ်လဲလှယ်ရန် လာရောက်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၃။ သက်တမ်းကုန်လွန်သော အသိအမှတ်ပြုလက်မှတ်များဖြင့် လုပ်ငန်းဆက်လက်လုပ်ကိုင်ခွင့်မရှိကြောင်းနှင့် သက်တမ်းကုန်ဆုံးပြီး လုပ်ငန်းဆက်လက်လုပ်ကိုင်ပါက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း ၀၁-၅၄၁၄၁၃၊ ၀၁-၈၆၀၄၇၅၀၊ ၀၁-၈၆၀၄၇၅၁၊ iprd.crd.ygn@gmail.com သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၆-၁-၂၀၂၆(သောကြာနေ့)

၁။ ၀၆:၀၀ တရားတော်

၂။ ၀၉:၀၀ ကျန်းမာသုတ

၃။ ၁၀:၀၀ သီချင်းလက်ဆောင်

၄။ ၁၁:၀၀ မြန်မာ့လက်သံ

၅။ ၁၂:၀၀ မြန်မာသံစဉ်ချိုနားဝင်

၆။ ၁၃:၀၀ အမှတ်တရနေ့ရက်များ

၇။ ၁၄:၀၀ Soft Skill

၈။ ၁၅:၀၀ ဇာတ်လမ်းတို

၉။ ၁၆:၀၀ နိုင်ငံတကာသတင်း

၁၀။ ၁၇:၀၀ သုတရသစုံလင်ဗဟုသုတပုံပြင်

.................................................................

**MWD Variety Channel**

၁၆-၁-၂၀၂၆ (သောကြာနေ့)

၁။ ၀၉:၄၀ ကလောင်ရှင်များနှင့်တွေ့ဆုံခြင်း

၂။ ၁၀:၂၅ ကျန်းမာသောဘဝ

၃။ ၁၁:၃၅ သောတဆင်စရာ တေးမြန်မာ

၄။ ၁၂:၂၀ ပေး၍မကုန်ပေ မွန်မြတ်လှတဲ့ပညာအမွေ

၅။ ၁၅:၂၀ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြု သိကောင်းစရာများ (ရူပဗေဒဘာသာရပ်)

မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၁၄ / ၂၀၂၆ )**
၁၃၈၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၃ ရက်
( ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက် )

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာခြင်း**

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင်စတင်၍ အပိုင်းလိုက်ကျင်းပသည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်ကော်မရှင်အဖွဲ့ခွဲများက ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၉ (ခ)နှင့်အညီ ထုတ်ပြန်ကြေညာချက်များအရ အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ယှဉ်တွဲပါ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များ၏ လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက် ခံရသူများဖြစ်ကြောင်း ကြေညာလိုက်သည်-

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေး ကတ်အမှတ် | မဲဆန္ဒနယ် | ကိုယ်စားပြုပါတီ/ တစ်သီးပုဂ္ဂလ |
|---|---|---|---|---|
| **ကချင်ပြည်နယ်** | | | | |
| ( ၁ ) | ဦးငွါးရဲ့ဆဲ | ၁/မခဘ(နိုင်)၀၀၄၆၈၉ | မချမ်းဘော | ကချင်ပြည်နယ်ပြည်သူ့ပါတီ |
| ( ၂ ) | ဦးထွန်းထွန်းအောင် | ၁/မကတ(နိုင်)၀၅၆၂၈၈ | မိုးကောင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| ( ၃ ) | ဦးကျော်ကျော်အောင် | ၁၂/လမန(နိုင်)၁၃၈၈၁၈ | ဝိုင်းမော် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| **ကယားပြည်နယ်** | | | | |
| ( ၄ ) | ဒေါ်မော်မော်ခိုင် | ၂/လကန(နိုင်)၀၄၈၈၄၀ | ဒီးမော့ဆို | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| ( ၅ ) | ဦးဆားရယ် | ၂/ဖရဆ(နိုင်)၀၀၃၁၇၀ | ဖရူဆို | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| **ကရင်ပြည်နယ်** | | | | |
| ( ၆ ) | ဦးစောဝင်းထိန် | ၃/ဖပန(နိုင်)၀၀၀၉၃၂ | ဖာပွန် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| ( ၇ ) | ဒေါ်သီတာစန်း | ၃/လဘန(နိုင်)၁၄၄၁၈၂ | လှိုင်းဘွဲ့ | ကရင်အမျိုးသား ဒီမိုကရက်တစ်ပါတီ |
| **စစ်ကိုင်းတိုင်းဒေသကြီး** | | | | |
| ( ၈ ) | ဦးတင်ထွန်းလွင် | ၅/ကလဝ(နိုင်)၀၂၉၇၄၇ | ကလေးဝ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| ( ၉ ) | ဦးစိုးကျော်နိုင် | ၅/ကလန(နိုင်)၀၃၁၅၅၅ | ကျွန်းလှ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၁၀) | ဦးဝင်းနိုင် | ၅/မမတ(နိုင်)၀၀၂၁၆၃ | မြင်းမူ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၁၁) | ဦးထွန်းလွင် | ၅/ခဥတ(နိုင်)၀၀၂၁၄၀ | ချောင်းဦး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၁၂) | ဦးကျော်မင်း | ၉/မနမ(နိုင်)၀၀၄၆၉၆ | ဘုတလင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၁၃) | ဦးဝင်းတင့် | ၁၂/မဘန(နိုင်)၁၁၂၈၉၄ | အရာတော် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၁၄) | ဦးခင်မောင်ထွန်း | ၅/ဖပန(နိုင်)၀၅၆၂၆၉ | ဖောင်းပြင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| **တနင်္သာရီတိုင်းဒေသကြီး** | | | | |
| (၁၅) | ဦးအောင်ကျော်နှင်း | ၉/မထလ(နိုင်)၀၆၀၁၅၃ | ကျွန်းစု | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၁၆) | ဦးအောင်ဆန်းလွင် | ၆/တသရ(နိုင်)၀၁၈၈၇၀ | တနင်္သာရီ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| **ပဲခူးတိုင်းဒေသကြီး** | | | | |
| (၁၇) | ဒေါ်သိင်္ဂီမြင့်ရည် | ၇/ပခန(နိုင်)၁၄၂၉၀၀ | ဒိုက်ဦး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၁၈) | ဦးကျော်တိုး | ၇/ရကန(နိုင်)၀၀၇၁၈၇ | ရွှေကျင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၁၉) | ဦးကျော်ကျော်ဦး | ၇/ထတပ(နိုင်)၀၀၂၇၂၈ | ထန်းတပင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၂၀) | ဦးထွန်းထွန်းမိုး | ၁၂/အစန(နိုင်)၀၀၉၈၅၅ | ရေတာရှည် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၂၁) | ဦးကျော်မင်းထွန်း | ၇/ဇကန(နိုင်)၀၃၀၀၃၄ | ဇီးကုန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၂၂) | ဒေါ်ဆွေဆွေသင်း | ၇/ပတတ(နိုင်)၀၀၀၁၄၀ | ပေါင်းတည် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၂၃) | ဦးမျိုးဆွေထွန်း | ၇/ပခန(နိုင်)၀၈၅၇၃၉ | ကဝ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၂၄) | ဦးအောင်ဇော်လင်း | ၇/သနပ(နိုင်)၀၆၀၉၃၇ | သနပ်ပင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၂၅) | ဦးမျိုးဇော်သိမ်း | ၁၂/မဘန(နိုင်)၀၁၈၉၉၈ | ပေါက်ခေါင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၂၆) | ဦးကိုကိုလွင် | ၁၂/မရက(နိုင်)၀၃၄၆၄၈ | ပန်းတောင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၂၇) | ဒေါ်ဇာခြည်လွင် | ၇/မညန(နိုင်)၀၅၄၃၇၅ | မိုးညို | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၂၈) | ဦးရဲထွဋ်အောင် | ၇/မလန(နိုင်)၀၅၈၁၈၄ | မင်းလှ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| **မကွေးတိုင်းဒေသကြီး** | | | | |
| (၂၉) | ဦးအောင်ဇော်ထက် | ၈/ဆဖန(နိုင်)၀၅၀၄၈၁ | ဆိပ်ဖြူ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၃၀) | ဦးဇော်ငွေး | ၈/နမန(နိုင်)၀၀၅၈၄၈ | နတ်မောက် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၃၁) | ဦးစိုးဝင်း | ၈/မသန(နိုင်)၀၄၈၂၁၂ | မြို့သစ် | တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ |
| (၃၂) | ဦးမိုးမင်းဦး | ၁၂/ရကန(နိုင်)၀၇၂၀၄၉ | ငဖဲ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၃၃) | ဦးဇော်နိုင် | ၈/စလန(နိုင်)၀၁၄၈၈၈ | စလင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၃၄) | ဦးမိုးတင် | ၈/စတရ(နိုင်)၀၀၂၃၁၁ | စေတုတ္တရာ | တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ |
| (၃၅) | ဒေါ်စံပါယ်မင်း | ၈/မဘန(နိုင်)၀၆၀၀၃၀ | ကံမ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၃၆) | ဦးစိုးနိုင် | ၈/မတန(နိုင်)၀၁၆၃၆၂ | မင်းတုန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၃၇) | ဦးခင်မောင်ငွေး | ၈/မလန(နိုင်)၀၅၂၈၆၅ | မင်းလှ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၃၈) | ဦးတင့်ဆွေ | ၈/ဆပဝ(နိုင်)၀၄၈၅၅၄ | ဆင်ပေါင်ဝဲ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| **မန္တလေးတိုင်းဒေသကြီး** | | | | |
| (၃၉) | ဦးထွန်းထွန်းနိုင် | ၉/စကတ(နိုင်)၀၆၀၆၂၄ | စဉ့်ကိုင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၄၀) | ဦးဝင်းမြင့်မောင် | ၁၃/ညရန(နိုင်)၀၁၀၀၀၉ | ကျောက်ပန်းတောင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၄၁) | ဦးအောင်သူ | ၉/တတဥ(နိုင်)၀၀၈၁၉၃ | တံတားဦး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၄၂) | ဦးအောင်နိုင်ဦး | ၉/မရတ(နိုင်)၀၀၄၅၈၈ | ပြည်ကြီးတံခွန် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၄၃) | ဦးစိုးနိုင် | ၉/မရတ(နိုင်)၀၁၅၁၆၂ | မဟာအောင်မြေ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၄၄) | ဦးမျိုးမြင့်သိန်း | ၉/ဝတန(နိုင်)၁၀၈၇၈၂ | ဝမ်းတွင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၄၅) | ဒေါ်ကြူကြူမော် | ၉/သစန(နိုင်)၀၀၂၁၃၉ | သာစည် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၄၆) | ဦးသိန်းထွန်းဦး | ၉/အမရ(နိုင်)၀၁၃၄၁၁ | အမရပူရ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၄၇) | ဦးလှမြင့် | ၉/မတရ(နိုင်)၀၄၆၆၃၈ | မတ္တရာ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| **မွန်ပြည်နယ်** | | | | |
| (၄၈) | ဒေါက်တာ ခင်မောင်သွင် | ၁၄/ဟသတ(နိုင်)၁၉၅၁၉၆ | ဘီးလင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ |
| (၄၉) | မင်းဝဏ္ဏကြီး | ၁၀/မလမ(နိုင်)၀၆၇၉၀၇ | မုဒုံ | မွန်ညီညွတ်ရေးပါတီ |
| (၅၀) | ဦးသန်းရွှေ | ၁၀/ရမန(နိုင်)၁၇၂၂၂၅ | သံဖြူဇရပ် | မွန်ညီညွတ်ရေးပါတီ |
| (၅၁) | ဒေါ်မြင့်သန်း | ၁၀/ရမန(နိုင်)၀၀၂၇၆၉ | ရေး | မွန်ညီညွတ်ရေးပါတီ |
| (၅၂) | ဦးဗိုလ်ဝင်း | ၁၀/သဖရ(နိုင်)၀၆၁၅၅၅ | ပေါင် | မွန်ညီညွတ်ရေးပါတီ |

**( ပုံ ) သန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# အရိုပ်

**မစန္ဒာ**

**ယမန်နေ့မှအဆက်**

'အဲဒါ ကိုယ့်ကိုပြန်ချစ်နိုင်၊ မချစ်နိုင်သိချင်တယ်'

'အမလေးတော် ဘုရား၊ သိကြား'

စက်မှုကျောင်းသားပီသစွာ ကဗျာလုံးဝမဆန်ဘဲ အတုံးလိုက်အတစ်လိုက်ပြောသောသူ့ကို အထိတ်တလန့်ကြည့်ရင်း အမာညိုသည် ဘုရားကိုသာမကတော့ဘဲ သိကြားကိုပါထည့်၍ တလိုက်မိသည်။ ဒီတစ်ခါတော့ သိကြားမင်း၏ ပဏ္ဍုကမ္ဗလာမြကျောက်ဖျာတင်းသွားသည်ထင်သည်။ လူ့ပြည်ကိုငုံ့ကြည့်သောအခါ အိမ်သာခန်းအနီး၌ ကျင်ငယ်နံ့ကိုရှိုက်၍ရှူရင်း ဒူးတုန်နေရှာသောအမာညိုကို တွေ့သွားဟန်တူသည်။ ဝိသကြုံနုတ်သားကို မောင်ပေါက်ကျိုင်းသဏ္ဍာန်ဖန်ဆင်းပြီး လှေကားမှ တဖျတ်ဖျတ်ဆင်းလာစေလေသည်။

'ဟော့ ပေါက်ကျိုင်း ပေါက်ကျိုင်း'

အမာညိုက အားကိုးတကြီးခေါ်လိုက်လေသည်။ ပေါက်ကျိုင်းသည် လှေကားပေါ်မှငုံ့ကြည့်ရင်း အရာရာကို ချက်ချင်းသဘောပေါက်သွားဟန်ရှိလေသည်။ ပြုံးဖြဲဖြဲဖြစ်သွားသည်။

'ဟ အမာညို အိမ်သာထဲကအနံ့က မွှေးလို့ရပ်ရှူနေတာလား'

ပေါက်ကျိုင်းက အော်မေးသောအခါ စတုတ္ထနှစ်ကျောင်းသားကြီး မျက်မှောင်ကုတ်သွားသည်။ အရေးကောင်းဒိန်းဒေါင်းဖျက်လေသည့် ဝိသကြုံနုတ်သားကို မျက်စောင်းခဲ၍ကြည့်လေသည်။

'ကဲ ကိုယ်သွားမယ်'

သူက အမာညို၏လွယ်အိတ်ထဲသို့ စာအိတ်ကလေးထိုးထည့်ကာ အောင်မြင်စွာ ဆုတ်ခွာသွားလေသည်။

အမာညိုသည် သက်ပြင်းလေးချကာ သူ့လွယ်အိတ်ထဲမှ စာအိတ်ဝါဝါကလေးကို အသာငုံ့ကြည့်မိသည်။ တဆတ်ဆတ်တုန်နေသော ဒူးများကမူ အရှိန်မသေသေးပေ။

'ဟား ဟား ကလပ်စ်အချိန်ကြီးမှာ ခင်ဗျားက ဒီမှာတစ်ယောက်တည်း ဘာလာလုပ်နေတာလဲ' 'ကိစ္စရှိလို့ပေါ့ဟ တကတဲ'

အမာညိုအဆောင်ဘက်သို့ ဆက်လျှောက်လာသောအခါ ပေါက်ကျိုင်းက ယှဉ်လျက်လိုက်လာသည်။ စုလှိုင်တို့လို အတွေ့အကြုံမများသော အမာညိုခမျာ စာပေးခံရရုံလောက်နှင့် တော်တော်ကြီး အထိတ်တလန့်ဖြစ်ရရှာလေသည်။

'မာညိုတစ်ယောက်တည်း ကလပ်စ်မတက်တာမှမဟုတ်ဘဲ၊ ပေါက်ကျိုင်းကရော ဘာလို့မတက်လဲ'

'ကျွန်တော်ကပျင်းလို့ ခုနတုန်းက ကင်တင်းရှေ့မှာ စကားပြောနေကြတာ နားထောင်ကောင်းတာနဲ့ ထိုင်နားထောင်နေတာ'

'ဘာအကြောင်းမို့လဲ'

'စုလှိုင်အကြောင်းလေ၊ ခင်ဗျားအစ်ကိုနဲ့ သူနဲ့ ကြိုက်နေလား'

'ဟယ် ကြံကြံဖန်ဖန်'

အမာညိုက ခေါင်းလေးကို တအားခါယမ်းလိုက်သည်။ ကိုကိုနှင့်စုလှိုင်ကြိုက်ရအောင် ကိုကို့ခမျာ စုလှိုင်ကိုပင် ပိုးပန်းသူမဟုတ်ပေ။ ဘယ်အတွက်ကြောင့် ကြိုက်ရလေမည်နည်းဟု တွေးမိသည်။

'ခင်ဗျားကသာ ကြံကြံဖန်ဖန်လုပ်နေ၊ ရုပ်ရှင်တောင် နှစ်ယောက်တည်းတွဲကြည့်တာမြင်ခဲ့ကြတယ်တဲ့'

'ဟယ် အဟုတ်'

'ကိုယ့်အစ်ကိုအကြောင်းတောင်ကိုယ်မသိဘူးလားဗျ၊ စုလှိုင်က လှတော့ လှပါတယ်၊ ဒါပေမဲ့ ရက်စက်တယ်နော်၊ တော်ကြာ ခင်ဗျားအစ်ကို နောက်ကောက်ကျနေဦးမယ်'

'ဟယ် ပေါက်ကျိုင်းရယ် ဟုတ်မှဟုတ်ရဲ့လား'

'မဟုတ်ဘူးဟ မဟုတ်ဘူး၊ ကျွန်တော်လိမ်ပြောတာ၊ လိမ်တာ၊ ကဲ ကျေနပ်ပြီလား'

ပေါက်ကျိုင်းသည် စိတ်မရှည်ဟန်နှင့်ဆောင့်ကြီးအောင့်ကြီးပြောလေသည်။ ထိုအခါ အမာညိုမယုံ၍မဖြစ်တော့ချေ။ မျက်လုံးလေးအဝိုင်းသားနှင့် မကျေမနပ်ယုံလိုက်ရလေသည်။ ပေါက်ကျိုင်းသည် အသားလွတ်သက်သက်တော့ မဟုတ်တရုတ်ပြောလိမ့်မည်မဟုတ်ချေ။

**"ကိုယ်တို့ ရုပ်ရှင်အတူတူကြည့်ခဲ့ဖူးကြတယ်နော်၊ စုလှိုင်ကို ကိုယ်ချစ်မိတာတော့သိပြီးရောပေါ့။ ပါးစပ်ကမမေးရဲလို့ မမေးခဲ့တာကိုလည်း သိမှာပေါ့။ ဒီတော့ စာနဲ့ပဲမေးလိုက်တယ်စုလှိုင်၊ ကိုယ့်ကိုချစ်ရဲ့လား။**

**အမာညို့ကို ကိုယ်ခေါင်းညိတ်ပြရမှာလား၊ ဒါမှမဟုတ် ခေါင်းခါပြရမှာလား။ စုလှိုင်သည် စာရွက်ဖြူဖြူလေးကိုပစ်ချလိုက်ကာ သက်ပြင်းရှိုက်လိုက်သည်။ ယောကျ်ားတွေဟာ နောက်ဆုံးတော့ ဒီဘူတာပဲလာဆိုက်ကြတာပဲဟုတွေးရင်း ငြီးငွေ့သွားသည်. . ."**

'ကျော်ထွန်းညိုနဲ့ကျွန်တော့်ကိုတော့ ကုန်းမတိုက်နဲ့နော်၊ ကျွန်တော်က ဘာပြောတယ်၊ ညာပြောတယ်နဲ့ သွားပြန်မမေးနဲ့'

စားသောက်ဆိုင်များအနားသို့ရောက်သောအခါ ပေါက်ကျိုင်းရပ်နေရစ်လေသည်။ မိန်းကလေးဆောင်အထိ ဆက်သွားရန်လည်း အမိုးအကာရှိသောလမ်းမရှိတော့ချေ။

'အေးပါ၊ ဒို့က ကုန်းမတိုက်တတ်ပါဘူး'

အမာညိုသည် တဖွဲဖွဲကျနေသော မိုးစက်များကိုကြည့်ရင်း မျက်နှာလေးရှုံ့သွားသည်။ ထို့နောက် ခေါင်းကို လက်ကိုင်ပဝါလေးဖြင့်အုပ်ကာ မိုးရေထဲသို့ ထွက်လိုက်ရသည်။ အစပိုင်းတွင် ခပ်သွက်သွက်လေးသာ လျှောက်လေသည်။ သို့သော် မိုးစက်မိုးပေါက်များက သည်းလာသောအခါ အမာညိုခမျာ ဣန္ဒြေကိုဘေးချိတ်ထားလိုက်သည်။ တုပ်နေသော ထဘီကိုဆွဲမပြီး အဆောင်ဘက်သို့ ခြေကုန်သုတ်၍ ပြေးလေတော့သည်။ စားသောက်ဆိုင်မှလှမ်းမြင်သောကျောင်းသားများသည် လက်ခုပ်လက်ဝါးတီးကာ 'တစ်ယောက်တည်းပြိုင်တာ ပထမကွ'ဟု လှမ်းအော်ကြသည်ကိုကြားသော်လည်း မကြားချင်ဟန်ဆောင်ကာ အဆောင်ထဲသို့ ပြေးဝင်သွားလေသည်။

■ ■ ■ ■ ■

၅-၈-၆၈

စုလှိုင်ရေ

ကိုယ်တို့အကြောင်း အမာညိုသိသွားပြီ၊ ကိုယ့်ကိုမေးတယ်၊ ကိုကိုတို့ ကြိုက်နေကြသလားတဲ့၊ ကိုယ်ဘယ်လိုဖြေရမလဲစုလှိုင်၊ ဘယ်လိုပြောရမလဲ။

ကိုယ်တို့ရုပ်ရှင်အတူတူကြည့်ခဲ့ဖူးကြတယ်နော်၊ စုလှိုင်ကို ကိုယ်ချစ်မိတာတော့ သိပြီးရောပေါ့။ ပါးစပ်က မမေးရဲလို့ မမေးခဲ့တာကိုလည်း သိမှာပေါ့။ ဒီတော့ စာနဲ့ပဲမေးလိုက်တယ် စုလှိုင်၊ ကိုယ့်ကိုချစ်ရဲ့လား။

အမာညို့ကို ကိုယ်ခေါင်းညိတ်ပြရမှာလား၊ ဒါမှမဟုတ် ခေါင်းခါပြရမှာလား။ စုလှိုင်သည် စာရွက်ဖြူဖြူလေးကိုပစ်ချလိုက်ကာ သက်ပြင်းရှိုက်လိုက်သည်။ ယောကျ်ားတွေဟာ နောက်ဆုံးတော့ ဒီဘူတာပဲလာဆိုက်ကြတာပဲဟုတွေးရင်း ငြီးငွေ့သွားသည်။

အရင်တစ်ပတ်က စုလှိုင်သည် ကျော်ထွန်းညိုနှင့်အတူ ရုပ်ရှင်ကြည့်ဖြစ်သည်။ အယ်လီဇဘက်တေလာ သရုပ်ဆောင်ပါဝင်သည့် 'ကလီယိုပါထရာ'ဖြစ်သည်။ ကျော်ထွန်းညိုကို ရုပ်ရှင်ကြည့်ရအောင်ဟု စ၍ပြောခဲ့သူက စုလှိုင်ဖြစ်သည်။ တအံ့တဩဖြစ်သွားသော ကျော်ထွန်းညိုသည် ဝမ်းသာအားရ သဘောတူလေသည်။ ခြောက်နာရီခွဲပွဲကြည့်မည်မို့ ရုပ်ရှင်ရုံတွင်ဆုံရန် စုလှိုင်ကချိန်းလိုက်သည်။ ရုပ်ရှင်ပြီးသောအခါ စုလှိုင်က ကားပါသူမို့ ကျော်ထွန်းညိုကို လမ်းထိပ်အထိ ပြန်ပို့ပေးခဲ့လေသည်။ ကျော်ထွန်းညိုသည် ဖရက်ဒီလို ရုပ်ရှင်ရုံထဲ၌ သူ့လက်များကို ဆုပ်ကိုင်ခြင်းမရှိပေ။ ပခုံးချင်းထိကပ်ပြီး တီးတိုးစကားပြောဟန်နှင့် သူ၏နဖူးဆံစများကို မထိတထိနမ်းခြင်းလည်း မပြုလုပ်တတ်ပေ။ သို့သော် မကြာခဏလှည့်လှည့်ပြီး ခိုးကြည့်တတ်သည်ကို စုလှိုင်သိသည်။ သူခိုးကြည့်နေသည်ကို မသိဟန်ဆောင်ရင်း အလှဆုံးမျက်နှာပေးလေးနှင့် ပိတ်ကားကို စိုက်ကြည့်နေသောစုလှိုင်သည် စိတ်ထဲ၌မူ လှောင်ရယ်လေး ရယ်ချင်နေလေသည်။

'စု ဧည့်သည်လာနေတယ်'

'ဘယ်သူလဲ မအေးတင်' 'ဖရက်ဒီ'

စုလှိုင်သည် နေရာမှ ပျင်းပျင်းရိရိထကာ အင်္ကျီကိုဆွဲဆန့်လိုက်သည်။ မှန်တင်ခုံရှေ့တွင်ရပ်ပြီး ဆံပင်ကို တစ်ချက်နှစ်ချက်သပ်လိုက်သည်။

စားပွဲခုံနောက်ဘက်တွင်ထောင်ထားသော တီစကွဲယား၏အရိပ်ကို မှန်ထဲတွင်တွေ့ရသည်။ စားပွဲပေါ်တွင် ဖွင့်လျက်သားရှိနေသော ဓာတုဗေဒစာအုပ်ထူကြီးကိုလည်း မှန်ထဲမှတစ်ဆင့် မြင်ရသည်။ စုလှိုင်သည် စားပွဲဆီသို့ လျှောက်သွားပြီး စာအုပ်ကိုပိတ်လိုက်သည်။

**ဆက်လက်ဖော်ပြပါမည်။**

## စားအုန်းဆီဖြန့်ဖြူးခြင်းဆိုင်ရာလုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



ရန်ကုန် ဇန်နဝါရီ ၁၅

စားအုန်းဆီဖြန့်ဖြူးခြင်းဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီလ ၁၄ ရက်က ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် မင်္ဂလာခန်းမ၌ ကျင်းပသည်။

အဆိုပါ စားအုန်းဆီဖြန့်ဖြူးခြင်းဆိုင်ရာလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌဦးအေးဝင်း၊ ရန်ကုန်တိုင်းဒေသကြီးစားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဦးကျော်စွာဝင်းနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမောင်မောင်ဇော်နှင့် အလုပ်အမှုဆောင်များ၊ စားအုန်းဆီတင်သွင်းသည့်ကုမ္ပဏီများ၊ စားအုန်းဆီဖြန့်ဖြူးရောင်းချသည့် လက်လီ၊ လက်ကား ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်က ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ၏ သတ်မှတ်ရည်ညွှန်းဈေးဖြင့် ရောင်းချနိုင်ရေးအတွက် ဒေသအရောက် ဈေးနှုန်းများအပေါ် ၂ ရာခိုင်နှုန်းအမြတ်ထက်မပိုသောဈေးနှုန်းဖြင့် ဈေးကွက်အတွင်းသို့ ပြန်လည်ဖြန့်ဖြူးရောင်းချစေရေး၊ ဈေးနှုန်းအဆမတန် မြှင့်တင်ရောင်းချမှုများမရှိစေရေးတို့အတွက် ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း၊ စားအုန်းဆီဖြန့်ဖြူးရောင်းချသည့် ကုမ္ပဏီများ၊ လက်လီ၊ လက်ကားကိုယ်စားလှယ်များအနေဖြင့် အရေအတွက်မှန်၊ ဈေးနှုန်းမှန်၊ အခြင်အတွယ်မှန်၊ အရည်အသွေးမှန်ဖြင့် ဖြန့်ဖြူးရောင်းချပေးရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဦးကျော်စွာဝင်း၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးပိုင်ဖြိုးသန့်၊ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးဌေးမိုးနှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူး ဦးဇော်ကိုကိုတို့က လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးအေးဝင်းက ဆွေးနွေးတင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးပြောကြားပြီး စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်က နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**ကျော်ဆန်းမြင့်**



အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံးအမှုဆောင်ချုပ် ဦးအောင်လင်းဒွေး (၇၄) နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ်ခင်းကျင်းပြသထားသည့်ဝန်ကြီးဌာနပြခန်းများကို ကြည့်ရှုအားပေးစဉ်။

○ ရှေ့ဖုံးမှအဆက်

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဇော်မင်းလတ်နှင့် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဗဟိုအကြံပေးအဖွဲ့ဝင် ပိုးရယ်အောင်သိန်းတို့က (၇၄)နှစ်မြောက်ကယားပြည်နယ်နေ့အထိမ်းအမှတ်မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးက ကယားပြည်နယ်နေ့ အထိမ်းအမှတ်မုခ်ဦးကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး တိုင်းရင်းသားရိုးရာအကအဖွဲ့များအား ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် အခမ်းအနားကို ပြည်နယ်ခန်းမ၌ ဆက်လက်ကျင်းပရာ သဘာပတိအဖွဲ့ဝင်များရောက်ရှိနေရာယူပြီး နိုင်ငံတော်အလံနှင့် ကျဆုံးလေပြီးသော ခေါင်းဆောင်ကြီးများနှင့် ရဲဘော်အပေါင်းကို အလေးပြုကြသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူသတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ (၇၄) နှစ်မြောက်ကယားပြည်နယ်နေ့ အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာကို အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးက ဖတ်ကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးစိန်ဦးက (၇၄)နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ်ဂုဏ်ပြုစကားပြောကြားသည်။

ယင်းနောက် အမှုဆောင်ချုပ်က ငြိမ်းချမ်းရေး၊လုံခြုံရေး၊တရားဥပဒေစိုးမိုးရေး ဆိုင်ရာ ထူးချွန်ဆု (ပထမအဆင့်)နှင့် စီမံခန့်ခွဲရေးဆိုင်ရာ ထူးချွန်ဆု(ဒုတိယအဆင့်)ရရှိကြသူများကို ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စိုက်ပျိုးရေး၊ မွေးမြူရေးဆိုင်ရာ ထူးချွန်ဆုရရှိကြသူများ၊ စီမံခန့်ခွဲရေးဆိုင်ရာ ထူးချွန်ဆုရရှိကြသူများ၊ ငြိမ်းချမ်းရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာ ထူးချွန်ဆုရရှိကြသူများ၊ လူမှုရေးဆိုင်ရာ ထူးချွန်ဆုရရှိကြသူများ၊ စီးပွားရေးဆိုင်ရာထူးချွန်ဆုရရှိကြသူများ၊ သင်တန်းထူးချွန်ဆုရရှိကြသူများ၊ (၂၆)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများတွင် ဆုရရှိကြသူများ၊ (၃၃)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသူများအား ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများပေးအပ်ကြပြီး ဆုရရှိကြသူများနှင့်စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် အမှုဆောင်ချုပ်နှင့်အဖွဲ့ဝင်များသည် ကန္တာပေါဝန်ပန်းခြံ၌ ကျင်းပသည့် (၇၄) နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ်ကျင်းပသည့် ကယားရိုးရာနှင့် ကယန်းရိုးရာနပန်းပြိုင်ပွဲ၊ ချောတိုင်တက်ပြိုင်ပွဲ၊ ထုပ်ဆီးတိုးပြိုင်ပွဲ၊ လွန်ဆွဲပြိုင်ပွဲ၊ မုကြို့ကလေးများ၏အပြေးပြိုင်ပွဲ၊ ဘောလုံးကောက်ပြိုင်ပွဲ၊ စကောရွက်ပြိုင်ပွဲနှင့်ရိုးရာစပါးထောင်းပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို ဒေသခံပြည်သူများနှင့်အတူ ကြည့်ရှုအားပေးပြီး ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ကာ ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ယင်းနောက် (၇၄)နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ်ခင်းကျင်းပြသထားသည့် ဝန်ကြီးဌာနပြခန်းများကို လိုက်လံကြည့်ရှုအားပေးကြသည်။

မွန်းလွဲပိုင်းတွင် အမှုဆောင်ချုပ်နှင့် အဖွဲ့ဝင်များသည် လောဝမ္မအခြေခံပညာ အထက်တန်းကျောင်း(ခွဲ) ဒွေးမယ်နော်ဆောင် RCC နှစ်ထပ် ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမင်နောင်၊ ဦးဉာဏ်ထွန်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးစိန်ဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှဒုတိယဗိုလ်ချုပ်ကြီးဇော်မင်းလတ်နှင့် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဗဟိုအကြံပေးအဖွဲ့ဝင် မန်းငြိမ်းမောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အမှုဆောင်ချုပ်က RCC နှစ်ထပ် ကျောင်းဆောင်သစ်ဒွေးမယ်နော်ဆောင်အား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကာ ကျောင်းဆောင်သစ်ကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် အမှုဆောင်ချုပ်နှင့်အဖွဲ့သည် လွိုင်ကော်တက္ကသိုလ်သို့ ရောက်ရှိကြရာ ဒုတိယပါမောက္ခချုပ်က အကြမ်းဖက်သောင်းကျန်းသူများကြောင့် ပျက်စီးခဲ့သည့် အဆောက်အအုံများ ပြန်လည်ပြင်ဆင်ပြီးစီးမှု အခြေအနေ၊ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ဘွဲ့ကြိုတန်းနှင့် ဘွဲ့လွန်တန်းများ သင်ကြားသွားမည့်အခြေအနေ၊ အဝေးသင် သင်တန်းများကို ဘာသာရပ်အလိုက် သတ်မှတ်ရက်များတွင် အနီးကပ်သင်တန်းများ သင်ကြားသွားမည့် အခြေအနေ၊ နိုင်ငံတကာတက္ကသိုလ်များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်သော အရည်အသွေးအာမခံချက်ရှိသော တက္ကသိုလ်အဖြစ် အဆင့်မြှင့်တင်သွားမည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမှုဆောင်ချုပ်က လွိုင်ကော်တက္ကသိုလ် (၁၇) ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားဖြစ်မြောက်ရေးအတွက် ရန်ပုံငွေများပေးအပ်ပြီး ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ကာ လွိုင်ကော်တက္ကသိုလ်ကို ယခင်ကလို ကျောင်းသားကျောင်းသူများဖြင့် စည်စည်ကားကားဖြစ်လာအောင် ထပ်မံဝိုင်းဝန်းကြိုးစားကြရမည်ဖြစ်ကြောင်း၊ တာဝန်ထမ်းဆောင်နေကြသည့်ဆရာ၊ ဆရာမများအနေဖြင့် တက္ကသိုလ်တွင် ပညာသင်ကြားနေကြသည့် ဒေသခံ ကျောင်းသား၊ ကျောင်းသူများကို ပညာတတ်များဖြစ်လာအောင် သင်ကြားပေးသည့်အတွက် အသိအမှတ်ပြုကြောင်း ပြောကြားကာ တက္ကသိုလ်အတွင်းလှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အမှုဆောင်ချုပ်နှင့်အဖွဲ့ဝင်များသည် ဆုတောင်းပြည့်မြို့နာမ်စေတီတော်အားသွားရောက်ဖူးမြော်ကြပြီး ပန်း၊ ရေချမ်းနှင့် ဆီမီးများကပ်လှူပူဇော်ကာ အလှူငွေများလှူဒါန်းကြသည်။

ညပိုင်းတွင် ပြည်နယ်ခန်းမ၌ကျင်းပသော (၇၄)နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲ တက်ရောက်ကြသည်။

ဂုဏ်ပြုညစာစားပွဲတွင် အမှုဆောင်ချုပ်နှင့်အဖွဲ့ဝင်များသည် တက်ရောက်လာကြသူများနှင့်အတူ ညစာအတူတကွသုံးဆောင်ကြပြီး ညစာသုံးဆောင်နေစဉ် ကယားတိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအဖွဲ့များ၏ရိုးရာအကအလှများ၊ ခေတ်ပေါ်တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကာ ကယားတိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအဖွဲ့များအား ဂုဏ်ပြုပန်းခြင်းနှင့် ချီးမြှင့်ငွေများပေးအပ်ကြသည်။

**မြဝတီ**

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃) အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ပဲခူး ဇန်နဝါရီ ၁၅

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီးအတွင်း ဆက်လက်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၃) အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပဲခူးတိုင်းဒေသကြီးအတွင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးဘက်ပေါင်းစုံမှ နည်းလမ်းပေါင်းစုံဖြင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ခဲ့ရာ အပိုင်း(၁)နှင့်အပိုင်း(၂)ကို အခက်အခဲမရှိ အောင်မြင်စွာ ကျင်းပဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ယခုအခါ နောက်ဆုံးအပိုင်းဖြစ်သည့် အပိုင်း(၃)တွင် ရှစ်မြို့နယ်အား အောင်မြင်စွာ ဆက်လက်ကျင်းပနိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အပိုင်း(၃)တွင် ကျင်းပမည့်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား မဲဆန္ဒရှင်ပြည်သူများကိုယ်စိတ်နှလုံးသုံးပါးလုံး အေးချမ်းလုံခြုံစွာဆန္ဒမဲပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားရန်နှင့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များအား လုံခြုံရေးအသိ၊ လုံခြုံရေးသတိဖြင့် အလေးထားဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးအောင်မြင့်လွင်က MEVM မဲပေးစက်များ စနစ်တကျအသုံးပြုနိုင်ရေးနှင့် ကြိုတင်ဆန္ဒမဲပေးခြင်းဆိုင်ရာ



ကိစ္စရပ်များကိုလည်းကောင်း၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးက နယ်မြေဒေသဆိုင်ရာလုံခြုံရေး စီမံဆောင်ရွက်ထားရှိမှုနှင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပပြီးစီးနိုင်ရေး ပေါင်းစပ်ဆောင်ရွက်သွားမည့် အခြေအနေကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၊ ရွေးကောက်ပွဲအရာရှိက အပိုင်း(၃)တွင် ကျင်းပမည့် မဲရုံများအလိုက် မဲပေးစက်များ ဖြန့်ခွဲပေးသွားမည့် အခြေအနေကိုလည်းကောင်း၊ တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ညွှန်ကြားရေးမှူးက ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်းမဲပေးခွင့်မဆုံးရှုံးစေရေး နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးနေမှုအခြေအနေများကိုလည်းကောင်း အသီးသီးတင်ပြဆွေးနွေးကြသည်။

ယင်းနောက် တက်ရောက်လာသည့် ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများက သက်ဆိုင်ရာမဲရုံများအလိုက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်း အေးချမ်းသက်သာစွာ ဆန္ဒမဲလာရောက်ပေးနိုင်ရေး စီမံဆောင်ရွက်ထားသည့် အုပ်ချုပ်မှုပိုင်းဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း၊ တက်ရောက်လာသည့် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဖြည့်စွက်ရှင်းလင်းအကြံပြုတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃) ကျင်းပဆောင်ရွက်မည့် မြို့နယ်တစ်ခုချင်းအလိုက်လိုအပ်သည်များ မှာကြားကြောင်း သိရသည်။

**ဥဿာတိုင်းသား**

# နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့၌ကျင်းပသည့် ၂၀၂၆ ခုနှစ်၊ နာဂရိုးရာနှစ်သစ်ကူးပွဲတော်အခမ်းအနားသို့တက်ရောက်





နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး ၂၀၂၆ ခုနှစ်၊ နာဂရိုးရာနှစ်သစ်ကူးပွဲတော်အခမ်းအနားတွင် နှစ်သစ်နှုတ်ခွန်းဆက်စကားပြောကြားစဉ်။

နေပြည်တော် ဇန်နဝါရီ ၁၅

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့် အဖွဲ့ဝင်များသည် နာဂရိုးရာနှစ်သစ်ကူးပွဲတော် တက်ရောက်ရန်အတွက် ဇန်နဝါရီလ ၁၄ ရက် မွန်းလွဲပိုင်းတွင် လေရှီးမြို့သို့ ရောက်ရှိစဉ် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့် အဖွဲ့ဝင်များ၊ နာဂတိုင်းရင်းသားမျိုးနွယ်စုများက ရိုးရာအကအလှများဖြင့် လှိုက်လှဲနွေးထွေးစွာ ခရီးဦးကြိုဆိုနှုတ်ဆက်ကြသည်။

နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဗိုလ်ချုပ်ကြီး မောင်မောင်အေးသည်ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဒေါက်တာသက်ခိုင်ဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြတ်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့်တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့၌ ကျင်းပပြုလုပ်သော ၂၀၂၆ခုနှစ်၊ နာဂရိုးရာနှစ်သစ်ကူးပွဲတော်အခမ်းအနားသို့ တက်ရောက်သည်။

နာဂရိုးရာနှစ်သစ်ကူးပွဲတော်အခမ်းအနားကို စတင်ကျင်းပပြုလုပ်ခဲ့ရာ အစီအစဉ်အရ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေးက နှစ်သစ်နှုတ်ခွန်းဆက်စကားပြောကြားရာတွင် မိမိတို့နိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးပေါင်းစုံဖြင့် စုစည်းတည်ဆောက်ထားသော ပြည်ထောင်စုကြီးဖြစ်ပါကြောင်း၊ ထိုသို့တည်ဆောက်ရာတွင် နာဂတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများနှင့် သမိုင်းဝင်အစဉ်အလာများသည် နိုင်ငံတော်အတွက် ဂုဏ်ယူဖွယ်ရာအစိတ်အပိုင်းတစ်ခုဖြစ်ပါကြောင်း၊ နာဂတိုင်းရင်းသားတို့၏ရိုးရာဝတ်စုံများ၊ ခမ်းနားသောဦးခေါင်းအဆင်တန်ဆာများ၊ ရိုးရာအကများအားလုံးတို့သည်လည်း ပြည်ထောင်စုကြီးကို ပိုမိုပြည့်စုံစေပါကြောင်း၊ မိမိတို့နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေးကိုခိုင်မာအောင်တည်ဆောက်ပြီး စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးကို ဦးတည်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒီမိုကရေစီစနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရန် အတွက် တိုင်းရင်းသားအားလုံး၏စည်းလုံးညီညွတ်မှု၊ ငြိမ်းချမ်းရေးကို လိုလားမှုနှင့် ပူးပေါင်းပါဝင်မှုတို့သည် အဓိကသော့ချက်ဖြစ်ပါကြောင်း။

နာဂဒေသသည် တည်ငြိမ်အေးချမ်းသည့်ဒေသဖြစ်သည့်အတွက် ကဏ္ဍအလိုက်လိုအပ်သည်များကို နိုင်ငံတော်အနေဖြင့် ဖြည့်ဆည်းဆောင်ရွက်လျက်ရှိရာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုရန်ပုံငွေဖြင့် လုပ်ငန်း(၅၃)ခု၊ တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် လုပ်ငန်း(၂၀၈)ခုတို့ကို နာဂဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးပြုဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ နာဂဒေသပြည်သူလူထု၏လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အခြားထုတ်ကုန်လုပ်ငန်းများတွင် ရင်းနှီးလုပ်ကိုင်နိုင်ရန်အတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ငွေကျပ်(၅)ဘီလီယံကိုလည်း အရင်းအနှီး မတည်ပေးနိုင်ခဲ့ပါကြောင်း၊ နာဂဒေသ တည်ငြိမ်အေးချမ်းမှုရှိနေခြင်းကြောင့် ဒေသဖွံ့ဖြိုးတိုးတက်မှုများကို တစ်နှစ်ထက်တစ်နှစ် ပိုမိုဆောင်ရွက်ပေးနိုင်ပါကြောင်း၊ ထို့ကြောင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးသည် အလွန်အရေးကြီးပြီး နာဂဒေသရှိ ပြည်သူများက အဆိုပါတည်ငြိမ်အေးချမ်းမှုမပျက်





၂၀၂၆ ခုနှစ်၊ နာဂရိုးရာနှစ်သစ်ကူးပွဲတော်အခမ်းအနားတွင် နာဂရိုးရာမျိုးနွယ်စုများအလိုက် ရိုးရာအကများဖြင့် ကပြဖျော်ဖြေစဉ်။

ယွင်းအောင် ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိပါကြောင်း။

လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင် နိုင်ငံတော်အစိုးရအနေဖြင့် အရှည်ပေ (၂၆၂၈) ပေရှိ သံကူကွန်ကရစ်အမျိုးအစား ချင်းတွင်းမြစ်ကူးတံတား(ထမံသီ)အား ဆောက်လုပ်ပေးနိုင်ခဲ့သည့်အတွက်ဟုမ္မလင်း ခရိုင်၊ ခန္တီးခရိုင်တို့နှင့်နာဂဒေသတို့၏ လမ်းပန်းဆက်သွယ်ရေးပိုမိုကောင်းမွန်လာသည့်အတွက် ကုန်စည်းစီးဆင်းမှုများ ပိုမိုမြန်ဆန်လာပြီး ဒေသခံပြည်သူများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကို များစွာ အထောက်အကူပြုလာတော့မှာဖြစ်ကြောင်း။

ဒေသတွင်းစားရေရိက္ခာဖူလုံရေးနှင့် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေး ဒေသ၏ရေမြေသဘာဝနှင့်ကိုက်ညီသည့် အထွက်ကောင်း မျိုးကောင်းမျိုးသန့်များ ထောက်ပံ့ ဖြန့်ဖြူးပေးလျက်ရှိပါကြောင်း၊ ဒေသခံတောင်သူများအနေဖြင့်လည်း ပြောင်းလဲလာသည့် ရာသီဥတုနှင့်အညီ စိုက်နည်းစနစ်များ ရွေးချယ်ကျင့်သုံးရန် လိုအပ်ပါကြောင်း၊ ဒေသတွင်းဝမ်းစာ ဖူလုံရေးအတွက် သီးနှံစိုက်ဧကမ်းအား တိုးမြှင့်စေရန်လယ်ယာပေါ်တွင် သီးထပ်စိုက်ပျိုးရေးကို အလေးထားဆောင်ရွက်ရန် တိုက်တွန်းလိုပါကြောင်း၊ နာဂဒေသ အနေဖြင့်ရွှေ့ပြောင်းတောင်ယာစနစ်မှသည် ခေတ်မီလှေကားထစ် လယ်ယာစနစ်သို့ ပြောင်းလဲဖော်ဆောင်ရန် လိုအပ်လျက်ရှိသည့်အပြင် ရေမြေသဘာဝနှင့် ကိုက်ညီသည့် ဝဥ၊ လက်ဖက်၊ မက်မန်း၊ ထောပတ်၊ ဂရိတ်ဖရု၊ လိမ္မော်စသည့်နှစ်ရှည်သီးနှံများကို ဒေသထွက်ကုန်အဖြစ် တိုးချဲ့စိုက်ပျိုးထုတ်လုပ်ကြရန် တိုက်တွန်းလိုပါကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံ၍ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ(MSMEs) ဖွံ့ဖြိုးလာစေရန် ဒေသတစ်ခုထုတ်ကုန်တစ်မျိုး ရရှိအောင်ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် ဒေသထွက်ကုန်ကြမ်းများကို တန်ဖိုးမြင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်နိုင်ပါက ဒေသတွင်းစီးပွားရေး ပိုမိုခိုင်မာလာမည်ဖြစ်ပါကြောင်း၊ အမယ်မျိုးစုံ ထုတ်လုပ်ခြင်းထက် အမယ်တစ်မျိုးချင်းစီကို အရည်အသွေးရှိရှိ ပမာဏများစွာ ထုတ်လုပ်ရန်လည်းလိုအပ်ပါကြောင်း။

ပညာရေးနှင့်ကျန်းမာရေးကဏ္ဍသည် ဒေသဖွံ့ဖြိုးရေး၏အသက်သွေးကြောဖြစ်ပါကြောင်း၊ ပညာရေးကဏ္ဍတိုးတက်မြင့်မားစေရေး ချမှတ်ပေးထားသောပညာရေးမူဝါဒများဖြစ်သည့် ကျောင်းနေအရွယ်ကလေးတိုင်း အခြေခံပညာသင်ကြားခွင့်ရရှိရေး၊ ကျောင်းနေမြဲရေးနှင့် အတန်းစဉ်ကူးပြောင်းနှုန်း ပိုမိုကောင်းမွန်စေရေးပညာသင်နှစ်မကုန်မီ ကျောင်းထွက်နှုန်းလျှော့ချရေး၊ နိုင်ငံသားတိုင်းအခြေခံပညာအဆင့်လိုက်သတ်မှတ်ကာလအတွင်း(KG + မှ Grade 9) ပြီးမြောက်စေရေးတို့ကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မိဘပြည်သူများက ဝိုင်းဝန်းအားပေးဆောင်ရွက်ကြရမှာဖြစ်ပါကြောင်း၊ ကျန်းမာရေးကဏ္ဍအနေဖြင့် ဒေသတွင်းဆေးရုံ၊ ဆေးခန်းများ၌ ဆရာဝန်နှင့်သူနာပြုများ ခန့်ထားပေးခြင်း၊ ဆေးဝါးပစ္စည်းများ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းတို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မိမိတို့အစိုးရလက်ထက်နာဂဒေသ၏ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍများတွင် နှစ်စဉ်တိုးတက်မှုများရှိခဲ့သည်ကို ဒေသတွင်းနေတိုင်းရင်းသားပြည်သူများ သိရှိပြီးဖြစ်ပါကြောင်း၊ ယခုကဲ့သို့ တိုးတက်အောင် ဆောင်ရွက်ပေးနိုင်ခဲ့သည့် အုပ်ချုပ်မှုအဖွဲ့အစည်းများ၊ နိုင်ငံ့ဝန်ထမ်းများ၊ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသည့် တိုင်းရင်းသားပြည်သူများ အားလုံးကိုလည်း အထူးကျေးဇူးတင်ဂုဏ်ပြုပါကြောင်း။

နိုင်ငံအတွင်း ၂၀၂၅ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်တွင်လည်းကောင်း၊ အပိုင်း(၂)ကို ၂၀၂၆ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်နေ့တွင်လည်းကောင်း အောင်မြင်စွာကျင်းပပြုလုပ်ခဲ့ပြီးဖြစ်ပါကြောင်း၊

စာမျက်နှာ ၇ သို့ ➢

# မြစ်ကြီးနားမြို့ရှိ သံဃာတော်များနှင့် ခရမ်းမြို့နယ်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများဆောင်ရွက်


သံဃာတော်များအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများဆောင်ရွက်စဉ်။

နေပြည်တော် ဇန်နဝါရီ ၁၅

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့များက ဒေသအသီးသီးရှိဒေသခံတိုင်းရင်းသားပြည်သူများကို ၎င်းတို့၏ မြို့နယ်၊ ကျေးရွာများအရောက် သွားရောက်၍ လူမျိုး၊ ဘာသာမရွေး ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ရှိ မဟာဗောဓိကျောင်းတိုက်၌အခြေပြု၍ မြစ်ကြီးနားမြို့ရှိ သံဃာတော် ၃၀ ပါးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ဆေးဝါးကုသ


ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများဆောင်ရွက်စဉ်။

ခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးခြင်းနှင့် ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေပေးခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော သံဃာတော်များအား မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေးဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့်နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းကြသည်။

အလားတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ်၊ ပုဂံတောင်ကျေးရွာနှင့်ပတ်ဝန်းကျင်ကျေးရွာမှ ဒေသခံပြည်သူ ၁၀၈ ဦးအား ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျေးရွာရွာဦးကျောင်းတိုက်၌ အခြေပြု၍ အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သန်လျင်တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

# မက်မန်းမြို့နယ်အတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၃) အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



မက်မန်းမြို့နယ်အတွင်း ပါတီစုံဒီမိုကရေစီ ထွေထွေရွေးကောက်ပွဲ အပိုင်း(၃) အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပစဉ်။

နေပြည်တော် ဇန်နဝါရီ ၁၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မက်မန်းမြို့နယ်အတွင်း၌ ပါတီစုံဒီမိုကရေစီ ထွေထွေရွေးကောက်ပွဲ အပိုင်း(၃)အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံပွဲကို ယနေ့ညနေပိုင်းတွင် မက်မန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင်နှင့်အဖွဲ့ဝင်များ၊ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းအရှေ့) ဥက္ကဋ္ဌ၊ခရိုင်/မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများ၊ မက်မန်းခရိုင်/ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်သူ့စစ်(ဌာနေ)အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက မက်မန်းမြို့နယ် မြို့ပေါ်ရပ်ကွက်များနှင့် တောင်ပေါ်ကျေးရွာအုပ်စုများတွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃) အောင်မြင်စွာကျင်းပနိုင်ရေး၊ မဲစာရင်းများမှန်ကန်ပြီး မဲဆန္ဒရှင်အားလုံးအဆင်ပြေချောမွေ့စွာ ဆန္ဒမဲပေးနိုင်ရေး၊ မဲဆန္ဒရှင်များလာရောက်မဲပေးစဉ်မလိုအပ်ဘဲ အချိန်ကြန့်ကြာမှုမရှိစေရေးနှင့် ၎င်းတို့၏ သွားလာရေးအဆင်ပြေစေရန် မော်တော်ယာဉ်များ အဆင်သင့်စုဖွဲ့ပြင်ဆင်ထားရှိရေး၊ မဲဆန္ဒရှင်များ၏ လုံခြုံရေးနှင့်ကျန်းမာရေးစောင့်ရှောက်မှုများအတွက် ကြိုတင်ပြင်ဆင်ထားရှိရေး၊ မဲရုံများနှင့်မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)များ လုံခြုံစွာသယ်ယူပို့ဆောင်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများက မက်မန်းမြို့နယ်အတွင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း (၃)အောင်မြင်စွာကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာ ကဏ္ဍအလိုက်ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ဆွေးနွေးတင်ပြရာ တိုင်းမှူးက လိုအပ်သည်များကိုပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

➢ စာမျက်နှာ ၆ မှအဆက်

နာဂဒေသတွင်လည်း ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကိုကျင်းပခဲ့ရာမှာ အောင်မြင်စွာကျင်းပပြုလုပ်နိုင်ခဲ့သည့်အတွက် နောင်ဖြစ်ပေါ်လာမည့် ဒီမိုကရေစီနိုင်ငံတော်သစ်တွင် ဒေသတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းတိုက်တွန်းပြောကြားသည်။

ထို့နောက်စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြတ်ကျော်က နှစ်သစ်ကူးအမှာစကားပြောကြားပြီး နာဂတိုင်းရင်းသားတစ်ဦးမှ နာဂရိုးရာနှစ်သစ်ကူးပွဲတော်ဖြစ်ပေါ်လာပုံ သမိုင်းအကျဉ်းအား ဖတ်ကြားရှင်းလင်းပြောကြားသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံ နာဂရိုးရာစာပေနှင့်ယဉ်ကျေးမှု ဗဟိုကော်မတီ နာယက ဦးလှထွန်းနှင့်မြို့နယ်နာဂရိုးရာစာပေနှင့်ယဉ်ကျေးမှုကော်မတီ ဥက္ကဋ္ဌ ဦးစံမြတို့က နှစ်သစ်ကူးအမှတ်တရလက်ဆောင်ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးပစ္စည်းများကို ပေးအပ်ခဲ့ရာ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့် တာဝန်ရှိသူများက လက်ခံရယူသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ၂၀၂၆ ခုနှစ်၊ နာဂရိုးရာနှစ်သစ်ကူးပွဲတော်သို့ တက်ရောက်လာကြသည့် နာဂတိုင်းရင်းသားမျိုးနွယ်စုများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကာ အမှတ်တရမှတ်တမ်းဓာတ်ပုံများရိုက်ကူးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ရိုးရာယဉ်ကျေးမှုပြခန်းများနှင့် ဌာနဆိုင်ရာပြခန်းများအား လိုက်လံကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ဝင်များသည် လေရှီးမြို့၊ ထေရဝါဒဗုဒ္ဓသာသာနာပြု(ဗဟို)ဘုန်းတော်ကြီးကျောင်းသို့သွားရောက်၍ တောင်တန်းသာသနာပြု(ဗဟို)ခေါင်းဆောင်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသုဒဿနအား သွားရောက်ဖူးမြော်ကြည်ညိုကာ ဆွမ်းဆန်တော်နှင့်လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းခဲ့သည်။ ထို့အတူ လေရှီးမြို့၊ မြို့မနှစ်ခြင်းခရစ်ယာန်ဘုရားကျောင်းသို့ သွားရောက်၍ သိက္ခာတော်ရဆရာတော် ဦးစေးဖောက်နှင့် တာဝန်ရှိသူများအားတွေ့ဆုံ၍ စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် လေရှီးမြို့၊ ပြည်သူ့ဆေးရုံသို့ရောက်ရှိရာ ဆေးကုသမှုခံယူနေကြသော ဒေသခံတိုင်းရင်းသားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကာ တာဝန်ရှိသူများနှင့်အတူ အာဟာရဖြည့်စွက်စာများအား ပေးအပ်ခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် လေရှီးမြို့ အိမ်တွင်းမှုသင်တန်းကျောင်းနှင့် လူငယ်သင်တန်းကျောင်းများသို့သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

ညပိုင်းတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင်၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ၂၀၂၆ခုနှစ်၊ နာဂရိုးရာ ယဉ်ကျေးမှုမီးပုံပွဲသို့တက်ရောက်ပြီး ဒေသခံတိုင်းရင်းသားများနှင့်အတူပါဝင်ဆင်နွှဲသည်။ ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် လေရှီးမြို့နယ်၊ နာဂရိုးရာစာပေနှင့်ယဉ်ကျေးမှုကော်မတီ ဥက္ကဋ္ဌတို့က နာဂရိုးရာယဉ်ကျေးမှုမီးပုံပွဲကို မီးထွန်းညှိဖွင့်လှစ်ပေးခဲ့ကြပြီး နာဂရိုးရာမျိုးနွယ်စုများအလိုက် ရိုးရာအကများဖြင့် ကပြဖျော်ဖြေနေမှုအား ကြည့်ရှုအားပေးကြကာ နာဂမျိုးနွယ်စုအကအဖွဲ့များအား ဂုဏ်ပြုပန်းခြင်းနှင့်ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်သည်။

အဆိုပါနာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို နာဂရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာများ၊ ယဉ်ကျေးမှုအမွေအနှစ်များမပျောက်ပျက်စေရေးအတွက်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်၊ နာဂရိုးရာယဉ်ကျေးမှုအနုပညာများကိုဖော်ထုတ်၍ ထိန်းသိမ်းမြှင့်တင်ဆောင်ရွက်ရန်၊ နာဂတိုင်းရင်းသားလူမျိုးစုများအကြား ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်နားလည်မှုများ ပိုမိုရရှိလာနိုင်စေရန်၊ နာဂဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် နာဂတိုင်းရင်းသားများ အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်နိုင်ရန်နှင့်နာဂမျိုးနွယ်စုအချင်းချင်း ရင်းနှီးချစ်ကြည်မှုကို အခြေခံ၍ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုဖော်ဆောင်ကာ ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း၊ နာဂရိုးရာနှစ်သစ်ကူးပွဲတော်သို့ ပြည်တွင်းပြည်ပမှ ခရီးသွားဧည့်သည်များ စိတ်ဝင်တစားဖြင့် လာရောက်ကြည့်ရှုလေ့လာကြပြီး မီးပုံပွဲများတွင်လည်း ပျော်ရွှင်စွာဖြင့် အတူတကွ ပါဝင်ဆင်နွှဲလေ့ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးချင်း ဆန္ဒမဲရရှိမှုအခြေအနေ

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်းအမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲ အရေအတွက် | ကြိုတင်မဲ အရေအတွက် | ခိုင်လုံမဲ စုစုပေါင်း | ခိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| | ကချင်ပြည်နယ် | | | | | | |
| ၁ | မချမ်းဘောမြို့နယ် | | | ၃၄၆၂ | ၄၃၀ | ၃၈၉၂ | |
| | | ဦးငွါးရဲ့ဆဲ | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၁၆၀၈ | ၅၇ | ၁၆၆၅ | ၄၂.၇၈% |
| | | ဦးနန်မွန်ထင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၁၄၇ | ၃၀၅ | ၁၄၅၂ | ၃၇.၃၁% |
| | | ဦးလဘန်းဖုန်ဆားရဲ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၇၀၇ | ၆၈ | ၇၇၅ | ၁၉.၉၁% |
| ၂ | မိုးကောင်းမြို့နယ် | | | ၃၈၆၃၅ | ၅၁၄၁ | ၄၃၇၇၆ | |
| | | ဦးထွန်းထွန်းအောင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၆၂၈၇ | ၃၇၀၂ | ၁၉၉၈၉ | ၄၅.၆၆% |
| | | ဦးစံပြည့် | တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၀၄၇၆ | ၇၄၃ | ၁၁၂၁၉ | ၂၅.၆၃% |
| | | ဦးဆင်ဝါးလ | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၈၁၀၈ | ၄၀၇ | ၈၅၁၅ | ၁၉.၄၅% |
| | | ဦးအောင်နိုင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၇၆၄ | ၂၈၉ | ၄၀၅၃ | ၉.၂၆% |
| ၃ | ဝိုင်းမော်မြို့နယ် | | | ၁၉၃၁၅ | ၁၉၄၅ | ၂၁၂၆၀ | |
| | | ဦးကျော်ကျော်အောင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၅၂၅၂ | ၇၉၃ | ၆၀၄၅ | ၂၈.၄၄% |
| | | ဒေါက်တာဒေါ်ယိန်းထန် | ဒီမိုကရေစီပါတီသစ်(ကချင်)ပါတီ | ၃၈၄၈ | ၃၅၇ | ၄၂၀၅ | ၁၉.၇၈% |
| | | ဦးသောင်းဝိဇော်ပေါ် | လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၃၂၁၆ | ၃၅၆ | ၃၅၇၂ | ၁၆.၈၀% |
| | | ဦးယိန်းခေါ် | ကချင်ပြည်နယ်ပြည်သူ့ပါတီ | ၁၇၃၃ | ၁၁၃ | ၁၈၄၆ | ၈.၆၈% |
| | | ဦးထွန်းငြိမ်း | တိုင်းလိုင်(ရှမ်းနီ)အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၇၃၂ | ၇၆ | ၁၈၀၈ | ၈.၅၀% |
| | | ဦးညွန့်အောင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၃၆၉ | ၁၄၀ | ၁၅၀၉ | ၇.၁၀% |
| | | ဦးစိုင်းဝင်းထင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၀၈၇ | ၆၅ | ၁၁၅၂ | ၅.၄၂% |
| | | ဦးကြည်ငွေး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၇၂၂ | ၃၀ | ၇၅၃ | ၃.၅၄% |
| | | ဦးနေလင်းထွန်း | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၃၅၆ | ၁၄ | ၃၇၀ | ၁.၇၄% |
| | ကယားပြည်နယ် | | | | | | |
| ၄ | ဒီးမော့ဆိုမြို့နယ် | | | ၉၂၅ | ၁၁၀၉ | ၂၀၃၄ | |
| | | ဒေါ်မော်မော်ခိုင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၄၂ | ၇၈၁ | ၁၄၂၃ | ၆၉.၉၆% |
| | | ဒေါ်ဒါလီဆွေ | ကယားပြည်နယ်ပြည်သူ့ပါတီ | ၁၆၆ | ၁၈၉ | ၃၅၅ | ၁၇.၄၅% |
| | | ဒေါ်စန်းစန်းမြ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၁၇ | ၁၃၉ | ၂၅၆ | ၁၂.၅၉% |
| ၅ | ဖရူဆိုမြို့နယ် | | | ၂၉၅ | ၇၅၆ | ၁၀၅၁ | |
| | | ဦးဆားရယ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၄၇ | ၇၂၄ | ၉၇၁ | ၉၂.၃၉% |
| | | ဒေါ်နန်းဝေဝေထွန်း | ကယားပြည်နယ်ပြည်သူ့ပါတီ | ၃၈ | ၂၇ | ၆၅ | ၆.၁၈% |
| | | ဦးဝေလင်းယု | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၀ | ၅ | ၁၅ | ၁.၄၃% |
| | ကရင်ပြည်နယ် | | | | | | |
| ၆ | ဖာပွန်မြို့နယ် | | | ၄၅၄၈ | ၁၈၁၃ | ၆၃၆၁ | |
| | | ဦးစောဝင်းထိန် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၁၁၉ | ၁၆၇၇ | ၄၇၉၆ | ၇၅.၄၀% |
| | | နန်းကြည်ဖြူသန်း | ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ | ၇၅၉ | ၈၀ | ၈၃၉ | ၁၃.၁၉% |
| | | ဦးသိန်းဇော်ထွေး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၄၁၅ | ၂၇ | ၄၄၂ | ၆.၉၅% |
| | | ဦးဝင်းသန်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၅၅ | ၂၉ | ၂၈၄ | ၄.၄၆% |
| ၇ | လှိုင်းဘွဲ့မြို့နယ် | | | ၄၂၃၀၆ | ၄၂၃၃ | ၄၆၅၃၉ | |
| | | ဒေါ်သီတာစန်း | ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ | ၁၈၄၉၄ | ၁၀၀၂ | ၁၉၅၀၆ | ၄၁.၉၁% |
| | | ဦးစတင်အောင်မြင့် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၁၆၈၄ | ၂၂၅၃ | ၁၃၉၃၇ | ၂၉.၉၅% |
| | | စောသက်နိုင်(ခ) စောမူလျားဝေါ် | ဖလုံ-စဝေါ်ဒီမိုကရက်တစ်ပါတီ | ၇၇၂၃ | ၇၇၆ | ၈၄၉၉ | ၁၈.၂၆% |
| | | နော်အေးအေးသီ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၃၆၂ | ၁၀၀ | ၂၄၆၂ | ၅.၂၉% |
| | | ဦးသောင်းဇော်ဦး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၀၄၃ | ၉၂ | ၂၁၃၅ | ၄.၅၉% |
| | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | |
| ၈ | ကလေးဝမြို့နယ် | | | ၃၈၃၀ | ၆၀၅ | ၄၄၃၅ | |
| | | ဦးတင်ထွန်းလွင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၃၁၅ | ၄၆၉ | ၂၇၈၄ | ၆၂.၇၇% |
| | | ဦးဝင်းမြင့် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၅၁၅ | ၁၃၆ | ၁၆၅၁ | ၃၇.၂၃% |
| ၉ | ကျွန်းလှမြို့နယ် | | | ၁၂၇၄၈ | ၁၁၉၆ | ၁၃၉၄၄ | |
| | | ဦးစိုးကျော်နိုင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၈၅၃၆ | ၁၀၁၅ | ၉၅၅၁ | ၆၈.၅၀% |
| | | ဦးတင်ညွန့် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၃၂၆ | ၁၀၅ | ၂၄၃၁ | ၁၇.၄၃% |
| | | ဦးစိုးတင့် | ပြည်သူ့ပါတီ | ၁၈၈၆ | ၇၆ | ၁၉၆၂ | ၁၄.၀၇% |
| ၁၀ | မြင်းမူမြို့နယ် | | | ၆၀၉၉ | ၅၉၅ | ၆၆၉၄ | |
| | | ဦးဝင်းနိုင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၉၃၈ | ၄၉၄ | ၃၄၃၂ | ၅၁.၂၇% |
| | | ဒေါ်နွယ်နွယ်ထွန်း | ပြည်သူ့ပါတီ | ၈၇၁ | ၂၁ | ၈၉၂ | ၁၃.၃၂% |
| | | ဒေါ်ခင်ယောသစ် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၇၈၈ | ၂၇ | ၈၁၅ | ၁၂.၁၈% |
| | | ဒေါ်ခိုင်ဇာထွေး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၇၆၀ | ၃၁ | ၇၉၁ | ၁၁.၈၂% |
| | | ဦးဝင်းမင်းသန်း | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၇၄၂ | ၂၂ | ၇၆၄ | ၁၁.၄၁% |
| ၁၁ | ချောင်းဦးမြို့နယ် | | | ၆၀၁၀ | ၁၀၆၈ | ၇၀၇၈ | |
| | | ဦးထွန်းလွင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၃၈၅ | ၅၉၆ | ၂၉၈၁ | ၄၂.၁၂% |
| | | ဦးမျိုးဆွေ | တစ်သီးပုဂ္ဂလ | ၁၃၅၉ | ၃၃၅ | ၁၆၉၄ | ၂၃.၉၃% |
| | | ဦးထွန်းထွန်းကျော် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၂၅၂ | ၆၄ | ၁၃၁၆ | ၁၈.၅၉% |
| | | ဒေါ်ခင်မြဦး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၀၁၄ | ၇၃ | ၁၀၈၇ | ၁၅.၃၆% |
| ၁၂ | ဘုတလင်မြို့နယ် | | | ၁၄၀၃ | ၃၂၁ | ၁၇၂၄ | |
| | | ဦးကျော်မင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၁၇၇ | ၂၂၉ | ၁၄၀၆ | ၈၁.၅၅% |
| | | ဦးမြဲသွေး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၂၆ | ၉၂ | ၃၁၈ | ၁၈.၄၅% |
| ၁၃ | အရာတော်မြို့နယ် | | | ၃၃၇၅ | ၈၀၁ | ၄၁၇၆ | |
| | | ဦးဝင်းတင့် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၄၇၄ | ၆၇၂ | ၂၁၄၆ | ၅၁.၃၉% |
| | | ဒေါ်မျိုးသူဇာ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၆၅၉ | ၅၃ | ၇၁၂ | ၁၇.၀၅% |
| | | ဦးဝေလင်းကျော် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၆၃၄ | ၄၂ | ၆၇၆ | ၁၆.၁၉% |
| | | ဒေါ်ပြည့်ဖြိုးဖြိုးလွင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၆၀၈ | ၃၄ | ၆၄၂ | ၁၅.၃၇% |
| ၁၄ | ဖောင်းပြင်မြို့နယ် | | | ၉၆၄၁ | ၁၆၀၈ | ၁၁၂၄၉ | |
| | | ဦးခင်မောင်ထွန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၇၀၆ | ၁၄၁၆ | ၈၁၂၂ | ၇၂.၂၀% |
| | | ဦးတင်မောင်ဝင်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၂၀၇ | ၁၀၇ | ၂၃၁၄ | ၂၀.၅၇% |
| | | ဒေါ်သန်းဝင်း | ရှမ်းနီ(တိုင်းလျှန်)သွေးစည်းညီညွတ်ရေးပါတီ | ၇၂၈ | ၈၅ | ၈၁၃ | ၇.၂၃% |

စာမျက်နှာ ၉ သို့ ❖

❖ စာမျက်နှာ ၈ မှအဆက်

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်းအမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲ အရေအတွက် | ကြိုတင်မဲ အရေအတွက် | နိုင်လုံမဲ စုစုပေါင်း | နိုင်လုံမဲ ရာနိုင်နှုန်း |
|---|---|---|---|---|---|---|---|
| | တနင်္သာရီတိုင်းဒေသကြီး | | | | | | |
| ၁၅ | ကျွန်းစုမြို့နယ် | | | ၄၉၆၅၅ | ၃၂၂၄ | ၅၂၈၇၉ | |
| | | ဦးအောင်ကျော်နွင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၃၃၀၇ | ၂၈၀၁ | ၂၆၁၀၈ | ၄၉.၃၇% |
| | | ဦးမြင့်နိုင်စိုး | ပြည်သူ့ပါတီ | ၁၁၅၀၅ | ၂၂၄ | ၁၁၇၂၉ | ၂၂.၁၈% |
| | | ဦးဇော်ဝင်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၀၅၈၂ | ၁၃၄ | ၁၀၇၁၆ | ၂၀.၂၇% |
| | | ဦးတင်ဦး | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၄၂၆၁ | ၆၅ | ၄၃၂၆ | ၈.၁၈% |
| ၁၆ | တနင်္သာရီမြို့နယ် | | | ၃၈၉၇ | ၁၄၄၁ | ၅၃၃၈ | |
| | | ဦးအောင်ဆန်းလွင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၃၇၇ | ၁၁၆၂ | ၂၅၃၉ | ၄၇.၅၆% |
| | | ဒေါ်ယုယုမြိုင် | ပြည်သူ့ပါတီ | ၁၂၂၆ | ၉၅ | ၁၃၂၁ | ၂၄.၇၅% |
| | | ဦးစိုးရီ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၀၄၃ | ၁၄၈ | ၁၁၉၁ | ၂၂.၃၁% |
| | | ဦးအေးလွင် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၅၁ | ၃၆ | ၂၈၇ | ၅.၃၈% |
| | ပဲခူးတိုင်းဒေသကြီး | | | | | | |
| ၁၇ | ဒိုက်ဦးမြို့နယ် | | | ၅၈၉၄၂ | ၅၀၂၃ | ၆၃၉၆၅ | |
| | | ဒေါ်သိင်္ဂီမြင့်ရည် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၉၃၃၄ | ၃၄၆၈ | ၂၂၈၀၂ | ၃၅.၆၅% |
| | | ဦးမျိုးမြင့် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၀၂၄၄ | ၅၂၉ | ၁၀၇၇၃ | ၁၆.၈၄% |
| | | ဦးမျိုးမင်းလတ် | တစ်သီးပုဂ္ဂလ | ၇၄၀၅ | ၁၅၉ | ၇၅၆၄ | ၁၁.၈၂% |
| | | ဦးကြီးမြင့် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၆၅၆၃ | ၂၉၇ | ၆၈၆၀ | ၁၀.၇၂% |
| | | ဦးအေးလွင် | ပြည်သူ့ပါတီ | ၆၁၄၃ | ၁၁၆ | ၆၂၅၉ | ၉.၇၉% |
| | | ဦးသန်းခိုင် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၅၂၂၉ | ၂၇၁ | ၅၅၀၀ | ၈.၆၀% |
| | | ဦးခင်ဇော် | ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ | ၄၀၂၄ | ၁၈၃ | ၄၂၀၇ | ၆.၅၈% |
| ၁၈ | ရွှေကျင်မြို့နယ် | | | ၁၇၃၀၄ | ၃၄၆၇ | ၂၀၇၇၁ | |
| | | ဦးကျော်တိုး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၇၆၉၈ | ၂၅၆၄ | ၁၀၂၆၂ | ၄၉.၄၀% |
| | | ဦးသိန်းလွင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၅၂၄၅ | ၅၃၇ | ၅၇၈၂ | ၂၇.၈၄% |
| | | ဦးခိုင်ထွန်း | ပြည်သူ့ပါတီ | ၃၁၄၃ | ၂၆၁ | ၃၄၀၄ | ၁၆.၃၉% |
| | | ဦးမြတ်မင်းညွန့် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၂၁၈ | ၁၀၅ | ၁၃၂၃ | ၆.၃၇% |
| ၁၉ | ထန်းတပင်မြို့နယ် | | | ၇၀၈၇ | ၂၄၅၂ | ၉၅၃၉ | |
| | | ဦးကျော်ကျော်ဦး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၇၉၃ | ၁၈၅၄ | ၅၆၄၇ | ၅၉.၂၀% |
| | | ဦးစံထူး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၄၀၁ | ၂၉၈ | ၁၆၉၉ | ၁၇.၈၁% |
| | | ဦးသောင်းညွန့်ဦး | ပြည်သူ့ပါတီ | ၁၃၀၆ | ၂၂၄ | ၁၅၃၀ | ၁၆.၀၄% |
| | | ဦးသိန်းစိုးရွှေ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၅၈၇ | ၇၆ | ၆၆၃ | ၆.၉၅% |
| ၂၀ | ရေတာရှည်မြို့နယ် | | | ၄၁၉၃၄ | ၁၂၃၇၆ | ၅၄၃၁၀ | |
| | | ဦးထွန်းထွန်းမိုး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၅၇၇၉ | ၈၆၃၈ | ၂၄၄၁၇ | ၄၄.၉၆% |
| | | ဒေါ်ချယ်ရီရွှေ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၆၆၀၅ | ၁၄၁၈ | ၈၀၂၃ | ၁၄.၇၇% |
| | | ဒေါ်ဇင်ဇင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၆၃၇၅ | ၅၉၅ | ၆၉၇၀ | ၁၂.၈၃% |
| | | ဦးကောင်းမြတ်ဇော် | ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ညီညွတ်ရေးပါတီ | ၅၆၃၉ | ၅၈၇ | ၆၂၂၆ | ၁၁.၄၇% |
| | | ဦးဇော်မိုး | ပြည်သူ့ပါတီ | ၄၃၀၈ | ၆၂၃ | ၄၉၃၁ | ၉.၀၈% |
| | | ဦးမြင့်အေး | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၃၂၂၈ | ၅၁၅ | ၃၇၄၃ | ၆.၈၉% |
| ၂၁ | ဇီးကုန်းမြို့နယ် | | | ၃၀၃၆၆ | ၄၁၅၀ | ၃၄၅၁၆ | |
| | | ဦးကျော်မင်းထွန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၈၈၀၆ | ၂၉၈၁ | ၂၁၇၈၇ | ၆၃.၁၂% |
| | | ဦးအောင်မျိုးလင်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၅၄၆ | ၂၉၇ | ၂၈၄၃ | ၈.၂၄% |
| | | ဦးမောင်မောင်ဝင်း | ပြည်သူ့ပါတီ | ၂၁၃၇ | ၂၁၈ | ၂၃၅၅ | ၆.၈၂% |
| | | ဦးတင်မောင်ဦး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၉၂၈ | ၁၉၄ | ၂၁၂၂ | ၆.၁၅% |
| | | ဦးကျော်လွင် | ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ | ၁၈၉၇ | ၂၂၁ | ၂၁၁၈ | ၆.၁၄% |
| | | ဦးပြည့်ဖြိုးဟန် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၆၆၄ | ၉၉ | ၁၇၆၃ | ၅.၁၁% |
| | | ဦးဝေလင်း | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၃၈၈ | ၁၄၀ | ၁၅၂၈ | ၄.၄၃% |
| ၂၂ | ပေါင်းတည်မြို့နယ် | | | ၃၄၄၂၃ | ၄၃၈၈ | ၃၈၈၁၁ | |
| | | ဒေါ်ဆွေဆွေသင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၆၃၇၂ | ၃၄၄၅ | ၁၉၈၁၇ | ၅၁.၀၆% |
| | | ဦးအောင်ကျော်ဦး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၅၀၄၀ | ၂၆၇ | ၅၃၀၇ | ၁၃.၆၇% |
| | | ဒေါ်စုနန္ဒာလှိုင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၄၃၄၁ | ၁၄၀ | ၄၄၈၁ | ၁၁.၅၅% |
| | | ဦးနေဒွန်းအောင် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၉၅၈ | ၂၁၁ | ၃၁၆၉ | ၈.၁၆% |
| | | ဦးမောင်မောင်အေး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၈၉၇ | ၁၅၇ | ၃၀၅၄ | ၇.၈၇% |
| | | ဒေါ်အိန္ဒြာလွင် | ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ | ၂၈၁၅ | ၁၆၈ | ၂၉၈၃ | ၇.၆၉% |
| ၂၃ | ကဝမြို့နယ် | | | ၇၈၀၈၄ | ၉၄၃၉ | ၈၇၅၂၃ | |
| | | ဦးမျိုးဆွေထွန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၄၈၁၁ | ၇၃၆၉ | ၄၂၁၈၀ | ၄၈.၁၉% |
| | | ဦးသက်လွင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၂၀၅၉ | ၇၇၀ | ၁၂၈၂၉ | ၁၄.၆၆% |
| | | ဒေါ်နှင်းနွယ်စိုး | ပြည်သူ့ပါတီ | ၇၆၁၃ | ၃၄၅ | ၇၉၅၈ | ၉.၀၉% |
| | | ဦးစိုးမြင့် | ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ | ၇၆၀၅ | ၂၈၁ | ၇၈၈၆ | ၉.၀၁% |
| | | ဦးအောင်ရဲထွဋ် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၅၅၉၀ | ၃၀၁ | ၅၈၉၁ | ၆.၇၃% |
| | | ဒေါ်ဝင်းပပမျိုး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၅၅၁၁ | ၁၈၁ | ၅၆၉၂ | ၆.၅၁% |
| | | ဦးဇော်မင်းနိုင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၄၈၉၅ | ၁၉၂ | ၅၀၈၇ | ၅.၈၁% |
| ၂၄ | သနပ်ပင်မြို့နယ် | | | ၅၀၉၁၆ | ၄၂၂၂ | ၅၅၁၃၈ | |
| | | ဦးအောင်ဇော်လင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၆၀၃၀ | ၃၃၈၂ | ၂၉၄၁၂ | ၅၃.၃၄% |
| | | ဦးမောင်လွင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၇၈၉၂ | ၃၀၉ | ၈၂၀၁ | ၁၄.၈၇% |
| | | ဒေါ်တင်တင်မိုး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၅၈၉၈ | ၁၂၅ | ၆၀၂၃ | ၁၀.၉၂% |
| | | ဦးသန့်ဇော်ဦး | ပြည်သူ့ပါတီ | ၄၈၀၄ | ၁၄၇ | ၄၉၅၁ | ၈.၉၈% |
| | | ဒေါ်ယဉ်ဝါဌေး | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၃၂၀၄ | ၁၄၁ | ၃၃၄၅ | ၆.၀၇% |
| | | ဦးဝင်းလွင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၀၈၈ | ၁၁၈ | ၃၂၀၆ | ၅.၈၂% |
| ၂၅ | ပေါက်ခေါင်းမြို့နယ် | | | ၁၆၀၄၆ | ၁၂၀၉၃ | ၂၈၁၃၉ | |
| | | ဦးမျိုးဇော်သိမ်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၁၅၉၂ | ၁၀၉၇၈ | ၂၂၅၇၀ | ၈၀.၂၁% |
| | | ဦးကျော်မျိုးမင်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၅၈၀ | ၄၄၇ | ၂၀၂၇ | ၇.၂၀% |
| | | ဆလိုင်းအောင်မျိုးဇော် | ပြည်သူ့ပါတီ | ၆၆၆ | ၁၂၂ | ၇၈၈ | ၂.၈၀% |
| | | ဦးကျော်သူ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၅၉၈ | ၁၄၀ | ၇၃၈ | ၂.၆၂% |
| | | ဦးအောင်ခန့်မော် | ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ | ၆၃၄ | ၉၃ | ၇၂၇ | ၂.၅၉% |
| | | ဦးဇေယျာလင်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၅၁၈ | ၁၇၇ | ၆၉၅ | ၂.၄၇% |
| | | ဦးနိုင်လင်းထွဋ် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၄၅၈ | ၁၃၆ | ၅၉၄ | ၂.၁၁% |

စာမျက်နှာ ၁၀ သို့ ❖

❖ စာမျက်နှာ ၉ မှအဆက်

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်းအမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲ အရေအတွက် | ကြိုတင်မဲ အရေအတွက် | ခိုင်လုံမဲ စုစုပေါင်း | ခိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| ၂၆ | ပန်းတောင်းမြို့နယ် | | | ၅၀၂၄၇ | ၂၃၇၅၉ | ၇၄၀၀၆ | |
| | | ဦးကိုကိုလွင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၃၃၈၇ | ၁၇၆၃၅ | ၄၁၀၂၂ | ၅၅.၄၃% |
| | | ဦးကျော်ဇင်ဝင်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၈၇၅၆ | ၂၁၂၄ | ၁၀၈၈၀ | ၁၄.၇၀% |
| | | ဦးနိုင်စိုးတင့် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၄၄၁၂ | ၁၂၁၉ | ၅၆၃၁ | ၇.၆၁% |
| | | ဆလိုင်းဇီတိုး | ပြည်သူ့ပါတီ | ၄၃၈၄ | ၇၃၄ | ၅၁၁၈ | ၆.၉၂% |
| | | ဒေါ်ဖြိုးယဉ်မင်းထွန်း | ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ | ၃၈၀၉ | ၉၀၄ | ၄၇၁၃ | ၆.၃၇% |
| | | ဦးဇော်မင်းခိုင် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၃၀၂၇ | ၇၁၈ | ၃၇၄၅ | ၅.၀၆% |
| | | ဦးတင့်လွင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၄၇၂ | ၄၂၅ | ၂၈၉၇ | ၃.၉၁% |
| ၂၇ | မိုးညိုမြို့နယ် | | | ၆၀၈၅၁ | ၄၃၄၉ | ၆၅၂၀၀ | |
| | | ဒေါ်ဇာခြည်လွင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၇၃၄၈ | ၂၇၁၆ | ၃၀၀၆၄ | ၄၆.၁၁% |
| | | ဦးကျော်သန်းဌေး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၅၄၃၀ | ၈၉၂ | ၁၆၃၂၂ | ၂၅.၀၄% |
| | | ဒေါ်တင်မျိုးဦး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၄၈၁၂ | ၁၃၉ | ၄၉၅၁ | ၇.၅၉% |
| | | ဒေါ်အိမ့်မှူးသွယ် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၇၉၇ | ၂၄၃ | ၄၀၄၀ | ၆.၂၀% |
| | | ဦးဆန်းလင်း | တစ်သီးပုဂ္ဂလ | ၃၃၉၉ | ၉၇ | ၃၄၉၆ | ၅.၃၆% |
| | | ဦးဝင်းဇော်ဦး | ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ | ၃၂၇၈ | ၁၃၇ | ၃၄၁၅ | ၅.၂၄% |
| | | ဦးသန့်ဇင်ဦး | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၇၈၇ | ၁၂၆ | ၂၉၁၃ | ၄.၄၆% |
| ၂၈ | မင်းလှမြို့နယ် | | | ၃၉၄၄၆ | ၅၅၉၃ | ၄၅၀၃၉ | |
| | | ဦးရဲထွဋ်အောင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၅၀၁၂ | ၃၂၅၉ | ၁၈၂၇၁ | ၄၀.၅၇% |
| | | ဦးမျိုးလှိုင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၆၅၂၆ | ၈၁၃ | ၇၃၃၉ | ၁၆.၂၉% |
| | | ဒေါ်သူသူလှ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၆၃၇၁ | ၆၅၆ | ၇၀၂၇ | ၁၅.၆၀% |
| | | ဒေါ်ဇာနည်ခိုင် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၅၅၆၃ | ၄၁၆ | ၅၉၇၉ | ၁၃.၂၈% |
| | | ဦးဉာဏ်လင်းကို | ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ | ၃၂၁၄ | ၃၀၃ | ၃၅၁၇ | ၇.၈၁% |
| | | ဒေါ်ဝင်းဝင်းမာ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၇၆၀ | ၁၄၆ | ၂၉၀၆ | ၆.၄၅% |
| | မကွေးတိုင်းဒေသကြီး | | | | | | |
| ၂၉ | ဆိပ်ဖြူမြို့နယ် | | | ၆၅၉၄ | ၁၄၈၃ | ၈၀၇၇ | |
| | | ဦးအောင်ဇော်ထက် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၈၀၃ | ၁၃၈၃ | ၆၁၈၆ | ၇၆.၅၉% |
| | | ဒေါ်သိန်းကြည် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၇၉၁ | ၁၀၀ | ၁၈၉၁ | ၂၃.၄၁% |
| ၃၀ | နတ်မောက်မြို့နယ် | | | ၂၂၀၂၇ | ၄၉၁၉ | ၂၆၉၄၆ | |
| | | ဦးဇော်ဌေး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၈၂၂၅ | ၃၁၉၇ | ၁၁၄၂၂ | ၄၂.၃၉% |
| | | ဦးတင်ဌေးအောင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၉၀၄၃ | ၁၂၇၆ | ၁၀၃၁၉ | ၃၈.၂၉% |
| | | ဦးတေဇာဝင်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၄၇၅၉ | ၄၄၆ | ၅၂၀၅ | ၁၉.၃၂% |
| ၃၁ | မြို့သစ်မြို့နယ် | | | ၄၈၈၃၅ | ၆၁၁၇ | ၅၄၉၅၂ | |
| | | ဦးစိုးဝင်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၈၅၄၂ | ၁၆၀၇ | ၂၀၁၄၉ | ၃၆.၆၇% |
| | | ဦးဝင်းဌေးဦး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၃၈၉၇ | ၃၁၃၄ | ၁၇၀၃၁ | ၃၀.၉၉% |
| | | ဦးဌေးဦးမော် | ပြည်သူ့ပါတီ | ၈၉၈၉ | ၉၀၂ | ၉၈၉၁ | ၁၈.၀၀% |
| | | ဦးညီလှ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၃၇၉၆ | ၁၈၁ | ၃၉၇၇ | ၇.၂၄% |
| | | ဦးတင်မိုးဇော် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၆၁၁ | ၂၉၃ | ၃၉၀၄ | ၇.၁၀% |
| ၃၂ | ငဖဲမြို့နယ် | | | ၁၉၃၇၃ | ၂၅၆၇ | ၂၁၉၄၀ | |
| | | ဦးမိုးမင်းဦး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၈၂၆၁ | ၁၈၉၄ | ၁၀၁၅၅ | ၄၆.၂၉% |
| | | ဦးဟန်ဝင်းအောင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၆၃၁၁ | ၄၃၂ | ၆၇၄၃ | ၃၀.၇၃% |
| | | ဦးအောင်မင်းထွန်း | ပြည်သူ့ပါတီ | ၄၈၀၁ | ၂၄၁ | ၅၀၄၂ | ၂၂.၉၈% |
| ၃၃ | စလင်းမြို့နယ် | | | ၁၈၄၅၇ | ၃၉၄၄ | ၂၂၄၀၁ | |
| | | ဦးဇော်နိုင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၇၇၄၀ | ၂၈၄၅ | ၁၀၅၈၅ | ၄၇.၂၅% |
| | | ဦးအောင်ကိုဦး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၄၄၂၃ | ၃၃၀ | ၄၇၅၃ | ၂၁.၂၂% |
| | | ဦးစိုးသီဟ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၃၄၈၇ | ၅၂၀ | ၄၀၀၇ | ၁၇.၈၉% |
| | | ဦးမင်းဇော်ငြိမ်း | ပြည်သူ့ပါတီ | ၂၈၀၇ | ၂၄၉ | ၃၀၅၆ | ၁၃.၆၄% |
| ၃၄ | စေတုတ္တရာမြို့နယ် | | | ၁၅၉၉၉ | ၂၀၈၄ | ၁၈၀၈၃ | |
| | | ဦးမိုးတင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၆၆၅၄ | ၉၃၆ | ၇၅၉၀ | ၄၁.၉၇% |
| | | ဦးသန်းထွဋ်အောင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၁၃၉ | ၉၂၅ | ၇၀၆၄ | ၃၉.၀၇% |
| | | ဦးအောင်ဝင်း | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၃၂၀၆ | ၂၂၃ | ၃၄၂၉ | ၁၈.၉၆% |
| ၃၅ | ကံမမြို့နယ် | | | ၂၄၂၆၀ | ၁၆၈၂ | ၂၅၉၄၂ | |
| | | ဒေါ်စံပါယ်မင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၀၅၆၅ | ၁၁၄၇ | ၁၁၇၁၂ | ၄၅.၁၅% |
| | | ဦးခင်မောင်ဇင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၆၈၄၂ | ၃၂၂ | ၇၁၆၄ | ၂၇.၆၁% |
| | | ဦးအောင်နိုင်သန်း | ပြည်သူ့ပါတီ | ၆၈၅၃ | ၂၁၃ | ၇၀၆၆ | ၂၇.၂၄% |
| ၃၆ | မင်းတုန်းမြို့နယ် | | | ၇၅၀၃ | ၈၈၀ | ၈၃၈၃ | |
| | | ဦးစိုးနိုင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၂၄၃ | ၆၄၈ | ၄၈၉၁ | ၅၈.၃၄% |
| | | ဒေါ်နွယ်ဇာငြိမ့် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၃၂၆၀ | ၂၃၂ | ၃၄၉၂ | ၄၁.၆၆% |
| ၃၇ | မင်းလှမြို့နယ် | | | ၃၃၅၇၆ | ၂၆၄၉ | ၃၆၂၂၅ | |
| | | ဦးခင်မောင်ဌေး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၇၆၃၈ | ၂၁၀၃ | ၁၉၇၄၁ | ၅၄.၅၀% |
| | | ဦးမျိုးသူထွန်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၅၉၃၈ | ၅၄၆ | ၁၆၄၈၄ | ၄၅.၅၀% |
| ၃၈ | ဆင်ပေါင်ဝဲမြို့နယ် | | | ၂၅၇၀၉ | ၂၇၀၀ | ၂၈၄၀၉ | |
| | | ဦးတင့်ဆွေ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၂၉၈၂ | ၂၀၅၇ | ၁၅၀၃၉ | ၅၂.၉၄% |
| | | ဦးလင်းထက် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၂၇၂၇ | ၆၄၃ | ၁၃၃၇၀ | ၄၇.၀၆% |
| | မန္တလေးတိုင်းဒေသကြီး | | | | | | |
| ၃၉ | စဉ့်ကိုင်မြို့နယ် | | | ၈၂၈၃၉ | ၃၀၅၇ | ၈၅၈၉၆ | |
| | | ဦးထွန်းထွန်းနိုင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၄၀၀၈ | ၂၄၅၃ | ၃၆၄၆၁ | ၄၂.၄၅% |
| | | ဦးသန်းအောင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၂၁၀၅ | ၁၂၅ | ၁၂၂၃၀ | ၁၄.၂၄% |
| | | ဦးဖြိုးမင်းအောင် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၈၉၆၀ | ၁၄၈ | ၉၁၀၈ | ၁၀.၆၀% |
| | | ဦးမျိုးသူရ | ပြည်သူ့ပါတီ | ၈၆၈၉ | ၇၀ | ၈၇၅၉ | ၁၀.၂၀% |
| | | ဦးမင်းနိုင်ညွန့် | မျိုးဆက်သစ်ဝံသာနုပါတီ | ၈၁၈၂ | ၁၁၇ | ၈၂၉၉ | ၉.၆၆% |
| | | ဦးသဲမောင်မောင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၆၃၇၁ | ၁၀၇ | ၆၄၇၈ | ၇.၅၄% |
| | | ဦးမျိုးသန့် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၄၅၂၄ | ၃၇ | ၄၅၆၁ | ၅.၃၁% |

စာမျက်နှာ ၁၁ သို့ ❖

❖ စာမျက်နှာ ၁၀ မှအဆက်

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်းအမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲ အရေအတွက် | ကြိုတင်မဲ အရေအတွက် | ခိုင်လုံမဲ စုစုပေါင်း | ခိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| ၄၀ | ကျောက်ပန်းတောင်းမြို့နယ် | | | ၈၁၉၃၅ | ၄၂၈၈ | ၈၆၂၂၃ | |
| | | ဦးဝင်းမြင့်မောင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၀၁၉၇ | ၁၀၆၉ | ၃၁၂၆၆ | ၃၈.၅၈% |
| | | ဦးမြင့်ဆွေ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၄၄၆၂ | ၅၀၁ | ၁၄၉၆၃ | ၁၇.၃၅% |
| | | ဦးအောင်ကျော်စိုး | ပြည်သူ့ပါတီ | ၁၂၃၆၂ | ၁၈၆ | ၁၂၅၄၈ | ၁၄.၅၅% |
| | | ဦးစိုးပြေ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၈၉၈၆ | ၁၅၆ | ၉၁၄၂ | ၁၀.၆၀% |
| | | ဒေါ်အိမွန်ဘုန်းစံ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၈၇၇၅ | ၂၇၄ | ၉၀၄၉ | ၁၀.၅၀% |
| | | ဦးထွန်းဝင်း | လူမှုစီးပွားမြှင့်တင်ရေးပါတီ | ၇၁၅၃ | ၁၀၂ | ၇၂၅၅ | ၈.၄၂% |
| ၄၁ | တံတားဦးမြို့နယ် | | | ၂၈၀၀၂ | ၂၇၉၄ | ၃၀၇၉၆ | |
| | | ဦးအောင်သူ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၂၁၈၇ | ၁၉၁၁ | ၁၄၀၉၈ | ၄၅.၇၇% |
| | | ဒေါ်စန္ဒာအေး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၆၉၅၅ | ၄၀၇ | ၇၃၆၂ | ၂၃.၉၁% |
| | | ဒေါ်ဝါဝါခိုင် | ပြည်သူ့ပါတီ | ၃၈၁၀ | ၁၉၅ | ၄၀၂၅ | ၁၃.၀၇% |
| | | ဦးသက်နိုင်ဦး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၃၀၆၅ | ၂၂၀ | ၃၂၈၅ | ၁၀.၆၇% |
| | | ဦးဆန်းဦး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၉၆၅ | ၆၁ | ၂၀၂၆ | ၆.၅၈% |
| ၄၂ | ပြည်ကြီးတံခွန်မြို့နယ် | | | ၅၇၃၄၁ | ၃၂၈၈ | ၆၀၆၂၉ | |
| | | ဦးအောင်နိုင်ဦး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၂၁၁၁ | ၂၄၅၀ | ၂၄၅၆၁ | ၄၀.၅၁% |
| | | ဦးခန့်ကျော် | ပြည်သူ့ပါတီ | ၈၄၀၁ | ၁၈၂ | ၈၅၈၃ | ၁၄.၁၅% |
| | | ဒေါ်ခိုင်အိဝါ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၇၈၆၉ | ၁၈၁ | ၈၀၅၀ | ၁၃.၂၈% |
| | | ဦးအောင်နိုင်စိုး(ခ)ဦးအောင်ကြည်သိန်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၇၅၁၆ | ၂၅၅ | ၇၇၇၁ | ၁၂.၈၂% |
| | | ဦးကြည်သာကိုကို | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၇၁၀၀ | ၁၄၀ | ၇၂၄၀ | ၁၁.၉၄% |
| | | ဒေါ်အယ်နီဂျူး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၄၃၄၄ | ၈၀ | ၄၄၂၄ | ၇.၃၀% |
| ၄၃ | မဟာအောင်မြေမြို့နယ် | | | ၇၂၂၁၇ | ၅၁၉၄ | ၇၇၄၁၁ | |
| | | ဦးစိုးနိုင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၆၂၀၂ | ၃၂၁၄ | ၂၉၄၁၆ | ၃၈.၀၀% |
| | | ဦးရှင်းသန့်မောင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၃၄၇၇ | ၅၆၇ | ၁၄၀၄၄ | ၁၈.၁၄% |
| | | ဦးကျော်မိုးနိုင် | ပြည်သူ့ပါတီ | ၁၁၀၀၂ | ၄၃၂ | ၁၁၄၃၄ | ၁၄.၇၇% |
| | | ဦးပြည့်ဖြိုးအောင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၈၆၁၄ | ၃၉၂ | ၉၀၀၆ | ၁၁.၆၃% |
| | | ဦးမျိုးမြင့် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၆၅၀၀ | ၃၀၈ | ၆၈၀၈ | ၈.၈၀% |
| | | ဒေါ်မြတ်သူဇာနွယ် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၆၄၂၂ | ၂၈၁ | ၆၇၀၃ | ၈.၆၆% |
| ၄၄ | ဝမ်းတွင်းမြို့နယ် | | | ၉၉၃၀၀ | ၃၃၉၇ | ၁၀၂၆၉၇ | |
| | | ဦးမျိုးမြင့်သိန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၃၇၀၃ | ၂၂၀၀ | ၃၅၉၀၃ | ၃၄.၉၆% |
| | | ဦးမောင်ကို | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၉၅၅၇ | ၄၄၅ | ၂၀၀၀၂ | ၁၉.၄၈% |
| | | ဦးစောလွင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၇၈၀၂ | ၃၇၀ | ၁၈၁၇၂ | ၁၇.၆၉% |
| | | ဦးဇော်မျိုး | ပြည်သူ့ပါတီ | ၁၂၂၀၂ | ၂၀၃ | ၁၂၄၀၅ | ၁၂.၀၈% |
| | | ဦးအောင်ကြည်မြိုင် | မျိုးဆက်သစ်ဝံသာနုပါတီ | ၉၇၆၂ | ၇၂ | ၉၈၃၄ | ၉.၅၈% |
| | | ဦးမင်းသက်အောင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၆၂၇၄ | ၁၀၇ | ၆၃၈၁ | ၆.၂၁% |
| ၄၅ | သာစည်မြို့နယ် | | | ၉၅၆၆၃ | ၅၉၃၇ | ၁၀၁၆၀၀ | |
| | | ဒေါ်ကြူကြူမော် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၅၁၀၆ | ၄၃၈၆ | ၄၉၄၉၂ | ၄၈.၇၁% |
| | | ဒေါ်ဖြူဖြူလှိုင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၅၃၇၅ | ၄၆၆ | ၁၅၈၄၁ | ၁၅.၅၉% |
| | | ဦးကျော်ထွန်း | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၄၆၂၁ | ၄၃၅ | ၁၅၀၅၆ | ၁၄.၈၂% |
| | | ဦးအောင်ဇင်မင်း | ပြည်သူ့ပါတီ | ၈၃၈၅ | ၂၆၅ | ၈၆၅၀ | ၈.၅၁% |
| | | ဦးဇော်ဝမ်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၇၄၀၄ | ၂၆၅ | ၇၆၆၉ | ၇.၅၅% |
| | | ဦးဇော်မင်းထွေး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၄၇၇၂ | ၁၂၀ | ၄၈၉၂ | ၄.၈၂% |
| ၄၆ | အမရပူရမြို့နယ် | | | ၁၁၀၅၇၆ | ၁၀၇၇၄ | ၁၂၁၃၅၀ | |
| | | ဦးသိန်းထွန်းဦး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၁၈၆၁ | ၈၅၄၈ | ၅၀၄၀၉ | ၄၁.၅၄% |
| | | ဦးအောင်ထွန်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၄၇၆၃ | ၆၄၂ | ၁၅၄၀၅ | ၁၂.၇၀% |
| | | ဒေါ်ထက်ထက်ဝင်း | တစ်သီးပုဂ္ဂလ | ၁၂၇၂၄ | ၂၉၈ | ၁၃၀၂၂ | ၁၀.၇၃% |
| | | ဒေါ်လွင်လွင်မာ | ပြည်သူ့ပါတီ | ၁၀၁၄၄ | ၃၃၃ | ၁၀၄၇၇ | ၈.၆၃% |
| | | ဒေါ်ဇင်မာဝင်း | ဒီမိုကရက်တစ်အင်အားစုလေဘာပါတီ | ၉၅၃၈ | ၂၀၈ | ၉၇၄၆ | ၈.၀၃% |
| | | ဦးအောင်ကျော်ဦး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၈၈၉၇ | ၂၇၉ | ၉၁၇၆ | ၇.၅၆% |
| | | ဦးမျိုးခိုင် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၇၃၈၁ | ၂၉၃ | ၇၆၇၄ | ၆.၃၃% |
| | | ဦးလွင်မောင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၅၂၆၈ | ၁၇၃ | ၅၄၄၁ | ၄.၄၈% |
| ၄၇ | မတ္တရာမြို့နယ် | | | ၂၉၇၅၁ | ၁၇၆၅ | ၃၁၅၁၆ | |
| | | ဦးလှမြင့် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၂၈၉၇ | ၁၂၈၉ | ၁၄၁၈၆ | ၄၅.၀၁% |
| | | ဦးထွန်းကြည် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၇၄၀၆ | ၂၆၅ | ၇၆၇၁ | ၂၄.၃၄% |
| | | ဦးနေဖြိုးသန့် | ပြည်သူ့ပါတီ | ၃၅၇၈ | ၇၃ | ၃၆၅၁ | ၁၁.၅၉% |
| | | ဦးမျိုးနိုင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၉၃၄ | ၁၀၁ | ၃၀၃၅ | ၉.၆၃% |
| | | ဦးအောင်ကောင်းမြတ် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၉၃၆ | ၃၇ | ၂၉၇၃ | ၉.၄၃% |
| | မွန်ပြည်နယ် | | | | | | |
| ၄၈ | ဘီးလင်းမြို့နယ် | | | ၃၄၆၀၉ | ၃၃၀၁ | ၃၇၉၁၀ | |
| | | ဒေါက်တာခင်မောင်သွင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၂၆၄၀ | ၂၀၄၈ | ၁၄၆၈၈ | ၃၈.၇၅% |
| | | ဦးသန်းထွဋ်အောင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၇၁၉၆ | ၅၂၄ | ၇၇၂၀ | ၂၀.၃၆% |
| | | ဦးခင်ဇော် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၆၂၈၃ | ၃၆၅ | ၆၆၄၈ | ၁၇.၅၄% |
| | | ဦးတင်အောင်နိုင် | ပြည်သူ့ပါတီ | ၄၄၄၃ | ၂၀၉ | ၄၆၅၂ | ၁၂.၂၇% |
| | | ဒေါ်စန်းစန်းအေး | အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ | ၄၀၄၇ | ၁၅၅ | ၄၂၀၂ | ၁၁.၀၈% |
| ၄၉ | မုဒုံမြို့နယ် | | | ၅၀၈၂၆ | ၄၅၂၆ | ၅၅၃၅၂ | |
| | | မင်းဝဏ္ဏကြီး | မွန်ညီညွတ်ရေးပါတီ | ၃၀၇၇၄ | ၁၁၇၀ | ၃၁၉၄၄ | ၅၇.၇၁% |
| | | ဦးမြင့်ရှိန် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၀၄၅၃ | ၃၀၂၄ | ၁၃၄၇၇ | ၂၄.၃၄% |
| | | ဦးခင်မောင်စေ | အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ | ၃၅၂၂ | ၇၅ | ၃၅၉၇ | ၆.၅၀% |
| | | ဦးဉာဏ်ထွန်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၉၉၄ | ၁၀၈ | ၂၁၀၂ | ၃.၈၀% |
| | | ဦးဇော်ဝင်းထွေး | ပြည်သူ့ပါတီ | ၁၉၉၀ | ၅၁ | ၂၀၄၁ | ၃.၆၉% |
| | | ဦးသိန်းထွန်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၁၄၅ | ၅၅ | ၁၁၀၀ | ၁.၉၉% |
| | | ဒေါ်ဇင်မာ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၀၄၈ | ၄၃ | ၁၀၉၁ | ၁.၉၇% |

စာမျက်နှာ ၁၂ သို့ ❖

# စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာလျှင် ငွေကျပ် ၆၁၅၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဇန်နဝါရီ ၁၅

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းသော စားသုံးဆီများကို သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်တွင်းလိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်ရေး စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ဈေးနှုန်းအတက်အကျပေါ်မူတည်၍ပြည်တွင်း၌ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှစားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့်ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဇန်နဝါရီလ ၁၆ ရက်မှ ၂၂ ရက်အထိ ရန်ကုန်အထိုင်ဈေးအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၆၁၅၀ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရှိရသည်။

ပြည်တွင်းဈေးကွက်အတွင်း အဆိုပါထုတ်ပြန်ကြေညာထားသည့် ဈေးနှုန်းထက် ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့်သိုလှောင်ခြင်းအပါအဝင် မသမာသည့်လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ်သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့်မြန်မာနိုင်ငံ ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရှိရသည်။

မြဝတီ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၆-၁-၂၀၂၆

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၉၀ | ၂၄၀၅ | ၂၃၇၀ | ၂၃၀၅ | ၂၄၁၀ | ၂၄၂၅ | ၂၄၄၀ | ၂၃၆၀ | ၄၅၀၅ | ၂၆၅၅ | ၂၃၈၀ | ၂၅၇၅ | ၂၄၅၀ | ၂၄၁၅ | ၂၄၃၅ | ၂၆၉၅ |
| 95 Ron | ၂၃၃၅ | ၂၄၅၀ | ၂၄၁၅ | ၂၃၅၀ | ၂၄၅၅ | ၂၄၇၀ | ၂၄၈၅ | ၂၄၀၅ | ၄၅၆၀ | ၂၇၀၀ | ၂၄၂၀ | ၂၆၁၀ | ၂၄၉၅ | ၂၄၆၀ | ၂၄၈၀ | ၂၇၃၅ |
| HSD (500 ppm) | ၂၁၆၅ | ၂၂၈၀ | ၂၂၄၅ | ၂၁၈၀ | ၂၂၈၅ | ၂၃၀၀ | ၂၃၁၅ | ၂၂၃၅ | - | ၂၅၃၀ | ၂၂၅၅ | ၂၇၈၀ | ၂၃၂၅ | ၂၂၉၀ | ၂၃၁၀ | ၂၅၇၀ |
| HSD (50 ppm) | ၂၅၁၀ | ၂၆၂၅ | ၂၅၉၀ | ၂၅၂၅ | ၂၆၃၀ | ၂၆၄၅ | ၂၆၆၀ | ၂၅၈၀ | ၄၈၃၀ | ၂၈၇၅ | ၂၆၀၀ | ၂၇၉၀ | ၂၆၇၀ | ၂၆၃၅ | ၂၆၅၅ | ၂၉၁၅ |
| HSD (10 ppm) | ၂၅၁၀ | ၂၆၂၅ | ၂၅၉၀ | ၂၅၂၅ | ၂၆၃၀ | ၂၆၄၅ | ၂၆၆၀ | ၂၅၈၀ | - | ၂၈၇၅ | ၂၆၀၀ | ၂၇၉၀ | ၂၆၇၀ | ၂၆၃၅ | ၂၆၅၅ | ၂၉၁၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၄၁ | ၂၂၁၇ |
| 95 Ron | ၂၁၈၃ | ၂၂၆၀ |
| HSD (500 ppm) | ၂၀၂၃ | ၂၀၉၃ |
| HSD (50 ppm) | ၂၃၅၃ | ၂၄၃၀ |
| HSD (10 ppm) | ၂၃၅၃ | ၂၄၃၀ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## သဇင်(FM)အသံလွှင့်အစီအစဉ်

၁၆-၁-၂၀၂၆(သောကြာနေ့)

၁။ ၀၈:၀၀ For Youth
၂။ ၁၀:၀၀ သတင်း/သီချင်း
၃။ ၁၃:၀၀ တိုင်းရင်းသားစကားပြောကြရအောင်
၄။ ၁၇:၀၀ ထူးခြားထင်ရှားကမ္ဘာတစ်လွှား
၅။ ၁၉:၀၀ စစ်သည်ကဏ္ဍ
၆။ ၂၁:၂၀ စာလာတယ်ဗျို့

## MWD Education,Knowledge & Sports Channel

၁၆-၁-၂၀၂၆ (သောကြာနေ့)

၁။ ၀၇:၀၀ - ၀၈:၁၅ Grade-9 မြန်မာစာ၊ အင်္ဂလိပ်စာ
၂။ ၁၅:၃၀ - ၁၇:၂၅ Grade-9 သင်္ချာ(၁)၊ သင်္ချာ(၂)၊ ပထဝီဝင်
၃။ ၁၇:၂၅ - ၁၈:၁၅ Grade-9 သမိုင်း၊ သိပ္ပံ

## ICJ နိုင်ပြီလေ

✦ ကမ္ဘာ့မြေနယ်၊ သည်ဟိတ်ဂ်ရယ်သို့
ခရီးသွယ်ကာ၊ ချီတက်လာကြ
မြန်မာတို့တွေ၊ စိတ်အားလေနှင်
ယုံကြည်ချက်မွန်၊ စွဲကိုင်လွန်ပြီး
တရားခွင်ဆီ၊ ဝင်နွှဲချီမည်။

✦ ဘင်္ဂါလီအရေး၊ စွပ်စွဲသံကို
တွန်းလှန်ဖြိုခွင်း၊ အမှန်ရှင်းဖို့
သက်သေခိုင်လုံ၊ ပြည့်စုံပုံနှင့်
တင်ပြကာလေ၊ ချေပပေမည်။

✦ တို့ပြည်သူများ၊ အားမလျော့ပါ
တစ်စိတ်တစ်ဝမ်း၊ လက်တွဲမြဲကာ
မေတ္တာရေးရှု၊ ထောက်ခံပြုလို့
ပို့လွှတ်ကာရည်၊ တောင်းဆုခြွေမည်။

✦ အမျိုးဂုဏ်ရောင်၊ ထိန်းသိမ်းဆောင်ဖို့
သွေးမောင်ကျောက်ခဲ၊ စိတ်ဓာတ်မြဲနှင့်
ရင်ဆိုင်ကြိုးစား၊ အမှန်တရား
ထွန်းပွားစေမည်၊ တို့မြန်မာပြည်။

✦ တို့ ICJ၊ နိုင်ပြီလေဟု
ကြွေးကြော်သံပြု၊ ပြည်ထောင်စုချီ
သမိုင်းသစ်တင်၊ အောင်ပွဲခံသည်
ကောန်မုချ၊ နိုင်စေရမည်။ ။

**အောင်မြေ (Isheet)**

❖ စာမျက်နှာ ၁၁ မှအဆက်

| စဉ် | မဲဆန္ဒနယ် | ကိုယ်စားလှယ်လောင်းအမည် | ပါတီ/တစ်သီးပုဂ္ဂလ | မဲရုံမဲ အရေအတွက် | ကြိုတင်မဲ အရေအတွက် | နိုင်လုံမဲ စုစုပေါင်း | နိုင်လုံမဲ ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|
| ၅၀ | သံဖြူဇရပ်မြို့နယ် | | | ၄၀၄၇၄ | ၄၆၈၁ | ၄၅၁၅၅ | |
| | | ဦးသန်းရွှေ | မွန်ညီညွတ်ရေးပါတီ | ၂၁၀၂၁ | ၁၂၅၄ | ၂၂၂၇၅ | ၄၉.၃၃% |
| | | ဦးကြည်ဇော် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၀၀၃၇ | ၂၇၀၇ | ၁၂၇၄၄ | ၂၈.၂၂% |
| | | ဦးဟံဇော်ဝင်း | အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ | ၃၅၅၂ | ၂၅၈ | ၃၈၁၀ | ၈.၄၄% |
| | | ဦးမြင့်စိုး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၃၅၈ | ၂၆၃ | ၂၆၂၁ | ၅.၈၀% |
| | | ဦးနိုင်လင်းအောင် | ပြည်သူ့ပါတီ | ၂၂၂၅ | ၁၀၉ | ၂၃၃၄ | ၅.၁၇% |
| | | ဒေါ်လှဲ့ယဉ်ယဉ်ဝင်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၂၈၁ | ၉၀ | ၁၃၇၁ | ၃.၀၄% |
| ၅၁ | ရေးမြို့နယ် | | | ၁၆၉၅၀ | ၃၇၃၃ | ၂၀၆၈၃ | |
| | | ဒေါ်မြင့်သန်း | မွန်ညီညွတ်ရေးပါတီ | ၁၁၁၂၅ | ၆၀၄ | ၁၁၇၂၉ | ၅၆.၇၁% |
| | | ဒေါ်သီတာမြင့် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၅၄၆ | ၂၉၇၈ | ၆၅၂၄ | ၃၁.၅၄% |
| | | ဦးကျော်လင်းဦး | အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ | ၂၂၇၉ | ၁၅၁ | ၂၄၃၀ | ၁၁.၇၅% |
| ၅၂ | ပေါင်မြို့နယ် | | | ၆၈၉၈၇ | ၂၇၆၀ | ၇၁၇၄၇ | |
| | | ဦးဗိုလ်ဝင်း | မွန်ညီညွတ်ရေးပါတီ | ၂၅၈၅၈ | ၅၇၄ | ၂၆၄၃၂ | ၃၆.၈၄% |
| | | ဦးခင်မောင်ဇော် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၁၆၀၆ | ၁၆၂၅ | ၂၃၂၃၁ | ၃၂.၃၈% |
| | | ဦးလှထွန်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၆၂၃၃ | ၁၉၈ | ၆၄၃၁ | ၈.၉၆% |
| | | ဦးဖုန်းမြင့် | အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ | ၅၉၈၃ | ၁၅၈ | ၆၁၄၁ | ၈.၅၆% |
| | | ဦးသန့်ဇင် | ပြည်သူ့ပါတီ | ၄၈၉၄ | ၆၇ | ၄၉၆၁ | ၆.၉၂% |
| | | ဦးမင်းလွင်ဦး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၄၄၁၃ | ၁၃၈ | ၄၅၅၁ | ၆.၃၄% |

# လူငယ်ငြိမ်းချမ်းရေးဖိုရမ်နှင့် ယနေ့လူငယ်

ကိုဝင်းမော်ထွန်း

**သံလွင်တစ်ခက်**
**ချိုးဖြူငှက်ငယ်**
**ရှေ့ဆက်သယ်ပေး ငြိမ်းချမ်းရေး။**

မြန်မာတို့၏ ဆိုရိုးစကားဖြစ်သော "ယနေ့လူငယ်နောင်ဝယ်လူကြီး"ဆိုသည့်ပမာ နောင်တစ်ချိန် တိုင်းပြည်တာဝန်ထမ်းဆောင်ကြရမည့် လူငယ်မောင်မယ်အများစုသည် ဗလငါးတန်ဖြစ်သော ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ၊ ဘောဂဗလတို့နှင့် ပြည့်စုံသင့်ပေသည်။ ထိုအရာများပြည့်ဝသောအခါ ခေတ်အမြင်၊ ခေတ်အတွေးတို့ဖြင့်လည်းကောင်း၊ AI နည်းပညာခေတ်၏ ပညာရပ်ဆိုင်ရာများဖြင့်လည်းကောင်း နိုင်ငံတော်တည်ဆောက်ရေးအစီအစဉ်များ ကဏ္ဍအသီးသီး၌ ပါဝင်အားဖြည့်ဆောင်ရွက်ကြရပေမည်။ ထိုသို့သောလုပ်ငန်းစဉ်များစွာကို အောင်မြင်စွာဆောင်ရွက်နိုင်စေရန် တိုင်းပြည်ငြိမ်းချမ်းရေးရရှိရန် အထူးအရေးကြီးလှပေသည်။

လူငယ်များ၏ အခန်းကဏ္ဍသည် လွန်စွာအရေးပါပေ၏။ ထို့ကြောင့် ငြိမ်းချမ်းခြင်းအဓိပ္ပာယ်၊ ငြိမ်းချမ်းရေးအနှစ်သာရ၊ ငြိမ်းချမ်းရေးဆိုင်ရာ အတွေးသစ် အမြင်သစ်ခံယူချက်၊ ယုံကြည်ချက်များ မှန်ကန်ခိုင်မာစေရန် အထူးလိုအပ်လှပေသည်။ ထိုသို့သောအရာများကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်အတွက် နိုင်ငံတော်အစိုးရက လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ ကို ကျင်းပပေးခြင်းဖြစ်သည်။ NCA (၁၀)နှစ်ပြည့်နှစ်ပတ်လည်အခမ်းအနားမှအလုပ်ရုံဆွေးနွေးပွဲအကြံပြုချက်များအရ ယခုလူငယ်ငြိမ်းချမ်းရေးဖိုရမ်ကို ကျင်းပပြုလုပ်ရန်ဆုံးဖြတ်ခဲ့သည်ဟု သိရှိခဲ့ရပေရာ လူငယ်များနှင့် လက်လှမ်းမီဝန်းကျင်သစ်များအတွက် ဝမ်းသာဂုဏ်ယူဖွယ်ရာပင်ဖြစ်သည်။

**❊ ❊ လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ သည် ငြိမ်းချမ်းသောနယ်မြေ၊ ငြိမ်းချမ်းသောဒေသ၊ လူမှုစီးပွားလုပ်ငန်းဆောင်တာများအား ငြိမ်းချမ်းစွာအတူယှဉ်တွဲလုပ်ဆောင်နိုင်ရေးဆီသို့ မြန်မာတိုင်းရင်းသားပေါင်းစုံ လူငယ်ထု၏စွမ်းအားဖြင့်ဆောင်ရွက်နိုင်လာကြပေမည်။ ယမ်းနံ့သင်းသောနယ်မြေဒေသများအား ပန်းရနံ့ဝေသည့်ဒေသများအဖြစ် လူငယ်ထု၏စည်းလုံးမှု၊ စည်းရုံးမှုတို့ဖြင့် စွမ်းဆောင်လာနိုင်ကြပေလိမ့်မည် . . .**

အနာဂတ်ကာလနိုင်ငံတည်ဆောက်ရေးတွင် လူငယ်မောင်မယ်များတစ်ဖက်တစ်လမ်းမှပါဝင်၍ ဆောင်ရွက်ရေး၊ မတူကွဲပြားသော ဒေသအသီးသီးမှ တိုင်းရင်းသားလူမျိုးပေါင်းစုံညီအစ်ကိုမောင်နှမများလူမှုစီးပွားအခြေခံမျိုးစုံမှ လူငယ်မောင်မယ်တို့၏အမြင်ဝေမျှရေး၊ အပြန်အလှန်ယုံကြည်မှုခိုင်မြဲစေရေး၊ လူမှုသဟဇာတမြှင့်တင်ခြင်း၌ လူငယ်အခန်းကဏ္ဍရှာဖွေကာ ဘက်ညီသော အခင်းအကျင်းတစ်ရပ်ပေါ်ပေါက်လာစေရန်ရည်ရွယ်ကာ လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆(Youth Peace Forum 2026)ကို ကျင်းပခြင်းဖြစ်သည်။ ဖိုရမ်တတိယနေ့တွင် တိုင်းဒေသကြီးနှင့်ပြည်နယ်အားလုံးမှ လူငယ်ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ဆွေးနွေးကြပြီး ခေတ်အဆက်ဆက်ငြိမ်းချမ်းရေးရရှိရန်ဆောင်ရွက်မှု၊ နိုင်ငံ၏လက်ရှိပကတိဖြစ်ပေါ်တိုးတက်မှု၊ အပြုသဘောဆောင်သည့်ပတ်ဝန်းကျင်ဖြစ်စေရေးတို့ကိုဖော်ဆောင်ပြီး ငြိမ်းချမ်း



ရေးနှင့်လူမှုအသိုက်အဝန်းတည်ငြိမ်စေရေးတွင် လူငယ်များ၏ ဆောင်ရွက်ချက်များသည်အရေးကြီးကြောင်း ဆွေးနွေးနိုင်ခဲ့သည်။

လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ ပထမနေ့တွင် လူငယ်များကို ငြိမ်းချမ်းရေးအမွေလက်ဆင့်ကမ်းပေးခြင်းနှင့် ငြိမ်းချမ်းသောလူ့အဖွဲ့အစည်းမြှင့်တင်ခြင်းခေါင်းစဉ်ဖြင့် နယ်မြေဒေသအသီးသီးမှ အနည်းဆုံးလူငယ် ၂၂ ဦးထံမှ ငြိမ်းချမ်းရေးဆိုင်ရာ ဆွေးနွေးတင်ပြချက်များရယူခြင်းနှင့် စစ်တမ်းကောက်ယူခြင်းများ ဆောင်ရွက်နိုင်ခဲ့သည်။ ဒုတိယနေ့တွင် အသိပညာရှင်၊ အတတ်ပညာရှင်လူငယ်များ၊ ကျွမ်းကျင်ပညာရှင်လူငယ်များ၊ ဝန်ကြီးဌာနမှ အတွေ့အကြုံရှိသည့် ကိုယ်စားလှယ် ၁၀ ဦးတို့က သတ်မှတ်ထားသည့်ခေါင်းစဉ်များအလိုက် ဆွေးနွေးပြီး လူငယ်ကိုယ်စားလှယ် ၃၂၀ တို့က အခန်း(၄) ခန်းခွဲ၍ ဆွေးနွေးဖော်ထုတ်ခြင်းများ ဆောင်ရွက်နိုင်ခဲ့သည်။ လူငယ်ငြိမ်းချမ်းရေးဖိုရမ်တွင် ဆွေးနွေးမှုများမှရရှိလာမည့် အမြင်သဘောထားများ၊ အကြံပြုချက်များကို သိရှိနားလည်ပြီး လက်နက်ကိုင်ပဋိပက္ခများ ရပ်တန့်စေရေးနှင့် ငြိမ်းချမ်းသောလူ့အဖွဲ့အစည်း

မြှင့်တင်ခြင်းတို့တွင် လူငယ်များ၏ အခန်းကဏ္ဍနှင့်ပတ်သက်၍ ဆောင်ရွက်သင့်သည်များကို ဆက်လက်ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။ တတိယနေ့တွင် လူငယ်ဖိုရမ်၏ အဓိကအရေးအကြီးဆုံးဖြစ်သည့် လူငယ်ကွန်ရက်ဖွဲ့စည်းခြင်း၊ ချိတ်ဆက်ခြင်း၊ ကွန်ရက်အလိုက်စီမံချက်၊ အဆိုပြုချက်များ တင်ပြဆွေးနွေးခြင်းများ၊ ဆွေးနွေးချက်များအပေါ် ပညာရှင်အချို့က အကြံပြုဆွေးနွေးနိုင်ခဲ့သည်။

ယခုကျင်းပပြီးစီးခဲ့သည့် လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ (Youth Peace Forum 2026) သည်လည်း တိုင်းဒေသကြီးနှင့်ပြည်နယ်အားလုံးမှ လူငယ်မောင်မယ်အားလုံးတို့အတွက် ဆန်းသစ်သည့်အတွေး၊ မတူကွဲပြားသည့်အမြင်၊ အယူအဆသစ်တို့ဖြင့် တူညီသည်များစုစည်း၊ မတူသည်တို့အား ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်လာတတ်ကြစေမည်ဖြစ်ပေရာ နိုင်ငံ့အနာဂတ်အတွက် ပုံရိပ်သစ်တို့ကို ထုဆစ်ပုံဖော်နိုင်လာကြမည့် လူငယ်လူရွယ်များဖြစ်လာကြပေတော့မည်မှာ အမှန်ပင်ဖြစ်ပေသည်။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ငြိမ်းချမ်းရေးဖော်ဆောင်ရာတွင် နိုင်ငံသားတိုင်းအမျိုးသားရေးတာဝန်အဖြစ်ဆောင်ရွက်သင့်သည်။ ထိုအခါ နီးကြားတက်ကြွသော လူငယ်လူရွယ်များစွာသည် ယခုဖိုရမ်၌အကောင်းအဆိုး၊ အကြောင်းအကျိုး၊ ဖြစ်တန်စွမ်းစသည်တို့အား ခြုံငုံသုံးသပ်၍ တိုင်းရင်းသားမျိုးစုံညီရင်းအစ်ကို၊ မောင်ရင်းနှမပမာသင့်မြတ်ခြင်း၊ သာတူညီမျှခြင်းတို့ဖြင့် ခေတ်ရှေ့ဆောင် လူငယ်မောင်မယ်များအဖြစ် အေးအတူပူအမျှ ဥမကွဲသိုက်မပျက်နေထိုင်ရင်း နိုင်ငံ့အကျိုး၊ လူမျိုးအကျိုး မျိုးဆက်သစ်တာဝန်ကျေပွန်မည်ဖြစ်သည်။

လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က **"လူငယ်များ၏တက်ကြွသည့်စိတ်၊ သင်ကြားထားသည့်အတတ်ပညာနှင့် လူကြီးများ၏အတွေ့အကြုံများပေါင်းစပ်၍ တိုင်းပြည်ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ကြရန်လိုကြောင်း"**ပြောကြားခဲ့သည်။

နိုင်ငံတစ်ဝန်းမှ ဖိုရမ်တက်ရောက်လာကြမည့် လူငယ်မောင်မယ်များအားလုံးသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးညှိနှိုင်းဆောင်ရွက်ကြရာတွင် တိုင်းပြည်၌ဖြစ်ပေါ်နေသည့် ပဋိပက္ခမျိုးစုံကိုဖြေရှင်းရေး၊ စိတ်ကူးဉာဏ်သစ်အတွေးသစ်တို့ဖြင့် ပုံဖော်စွမ်းဆောင်ပြီး IT နည်းပညာခေတ်၊ AI နည်းပညာခေတ်မှရရှိသော အထွေထွေဗဟုသုတတို့မှ ကောင်းသောရလဒ်များစုစည်းပေါင်းစပ်လုပ်ဆောင်သွားကြပါမူ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကို တာဝန်ကိုယ်စီထမ်းရွက်ရင်း ဖော်ဆောင်ထူထောင်နိုင်မည်ဟု ယုံကြည်မိပါ၏။

လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ သည် ငြိမ်းချမ်းသောနယ်မြေ၊ ငြိမ်းချမ်းသောဒေသ၊ လူမှုစီးပွားလုပ်ငန်းဆောင်တာများအား ငြိမ်းချမ်းစွာအတူယှဉ်တွဲလုပ်ဆောင်နိုင်ရေးဆီသို့ မြန်မာတိုင်းရင်းသားပေါင်းစုံ လူငယ်ထု၏စွမ်းအားဖြင့်ဆောင်ရွက်နိုင်လာကြပေမည်။ ယမ်းနံ့သင်းသောနယ်မြေဒေသများအား ပန်းရနံ့ဝေသည့်ဒေသများအဖြစ် လူငယ်ထု၏စည်းလုံးမှု၊ စည်းရုံးမှုတို့ဖြင့် စွမ်းဆောင်လာနိုင်ကြပေလိမ့်မည်ဖြစ်သည်။ ငြိမ်းချမ်းရေးတေးသံများလွှင့်ပျံ့စေမှု၊ ဘိုးဘွားတို့ရယူပေးခဲ့သော အမိမြန်မာပြည်လွတ်လပ်ရေး၏ အသီးအပွင့်တို့အား ကြာရှည်စွာခံစားနိုင်ရေးအတွက် ငြိမ်းချမ်းရေးခရီးအားဆက်၍ ဆက်ကာလျှောက်လှမ်းနိုင်မှု အစရှိသည်တို့ကို ညီညာလက်တွဲ၊ သွေးမကွဲကြဘဲ စုစုစည်းစည်းဆောင်ရွက်သွားကြပါမူ နိုင်ငံ၏အနာဂတ်သည် လင်းလက်တောက်ပလာမည်မှာ အမှန်ကေန်ပင်ဖြစ်သည်ဟု ယုံကြည်မိပါသည်။

"ငြိမ်းချမ်းရေးနှင့် နိုင်ငံတည်ဆောက်ရေး လူငယ်များပါဝင်မှုကို မြှင့်တင်ပေး" ဆောင်ပုဒ်နှင့်အညီ ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၁၃ ရက်၊ ၁၄ ရက်၊ ၁၅ ရက် သုံးရက်တာကာလအတွင်း အနာဂတ်မြန်မာနိုင်ငံတော်တည်ဆောက်ရေးအတွက် ငြိမ်းချမ်းရေးနှင့် အနာဂတ်လူငယ်ကြေညာစာတမ်းနှင့်လူငယ်ငြိမ်းချမ်းရေးဖိုရမ်မှပေါ်ထွက်လာသည့် အကြံပြုချက်များကိုစုစည်းပြီး အနာဂတ်နိုင်ငံတော်တည်ဆောက်ရေးအတွက် လူငယ်မူဝါဒဆိုင်ရာ စာတမ်းတစ်ရပ်ရေးဆွဲနိုင်ရေး အကြံပြုချက်(Recommendations၊ Out-comes) များကို စနစ်တကျစုစည်းရယူသွားမည်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုရသော် ယနေ့လူငယ်များမှာ နုပျို၊ တက်ကြွ၊ အားမာန်အပြည့်ရှိကာ ရိုးသားစင်ကြယ်သောစိတ်ဓာတ်၊ အမှန်တရားကိုချစ်မြတ်နိုးခြင်း၊ ယဉ်ကျေးမှုစောင့်ထိန်းကာ အများအကျိုးရွက်သယ်ပိုးသော ပရဟိတစိတ်ရှိခြင်းနှင့်ပြည့်ဝကြပေ၏။ တိုင်းပြည်ချစ်စိတ်၊ မျိုးချစ်စိတ်တို့ဖြည့်စွက်ပေါင်းစည်းကြပါမူ နိုင်ငံ့သားကောင်း၊ အနာဂတ်၏ ခေါင်းဆောင်ကောင်းများဖြစ်လာကြမှာ အသေအချာပင်ဖြစ်၏။ လူငယ်အများစု၏ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်တတ်မှုများကို နိုင်ငံတော်မှကျင်းပပေးခဲ့သည့် လူငယ်နှင့်စာပေပွဲတော်များတွင် မြင်တွေ့သိရှိခဲ့ကြပြီးဖြစ်ပေသည်။ လူငယ်ထုသည် မိမိ၌ရှိပြီးဖြစ်သော စွမ်းရည်ကောင်းကို ကောင်းမွန်မှန်ကန်သော အင်အားတစ်ရပ်အဖြစ်ဖန်တီးရင်း အနာဂတ်နိုင်ငံတော်သစ်ဆီဦးတည်လျှောက်လှမ်းသွားကြရပေမည်။

ထို့ကြောင့် လူငယ်များ၏အရေးပါသော အခန်းကဏ္ဍတစ်ရပ်အဖြစ် ယခုလူငယ်ဖိုရမ်၌ပါဝင်ဆွေးနွေးကာ နိုင်ငံတော်တည်ဆောက်ရေးတွင် တီထွင်ဖန်တီး၊ ဆန်းသစ်သောအတွေးအခေါ်အယူအဆများဖြင့် စွမ်းစွမ်းတမံဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း ဆန္ဒပြုရေးသားလိုက်ရပါတော့သည်။ ။

# မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် မလေးရှားနိုင်ငံလူ့အခွင့်အရေးကော်မရှင်က ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ထုတ်ပြန်ခဲ့သော အခြေအမြစ်မရှိသည့် မီဒီယာထုတ်ပြန်ကြေညာချက်ကို ပြင်းပြင်းထန်ထန်နှင့် ပြတ်ပြတ်သားသားပယ်ချပါသည်။

မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုနှင့် ခက်ခဲနက်နဲသည့် အခြေအနေမှန်များကို မျက်ကွယ်ပြုထားသော တစ်ဖက်သတ်အမြင်ဖြင့် အထောက်အထားမဲ့ စွပ်စွဲချက်များသာပါရှိသော ယင်းကြေညာချက်ကို မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် ပြင်းထန်စွာ ရှုတ်ချသည်။ "စစ်အာဏာရှင်" ဟူသော နိုင်ငံရေးအရ နှိမ်ချသည့် စကားလုံးများကို အသုံးပြုခြင်းသည် အစိုးရတစ်ရပ်ကိုလေးစားမှုမရှိဘဲ ရည်ရွယ်ချက်ရှိရှိ သွေးထိုးလှုံ့ဆော်ခြင်းဖြစ်ပြီး အာဆီယံ၏ အဓိကမူဝါဒများဖြစ်သော အဖွဲ့ဝင်နိုင်ငံများ၏ စည်းလုံးညီညွတ်မှုခိုင်မာစေရေးနှင့် ဝင်ရောက်စွက်ဖက်ခြင်းမပြုရေး မူဝါဒကို တိုက်ရိုက်ချိုးဖောက်ခြင်းဖြစ်ပါသည်။ ထိုကဲ့သို့သော လုပ်ရပ်များသည် အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းတစ်ရပ်၏ အခန်းကဏ္ဍနှင့် လုံးဝသက်ဆိုင်ခြင်းမရှိသော ဆောင်ရွက်ချက်ဖြစ်သည်။

မြန်မာနိုင်ငံသည် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့နှင့် စပ်လျဉ်းသည့် စိန်ခေါ်မှုများရှိနေသည့် ကာလတစ်ရပ်ကို ဖြတ်သန်းကျော်လွှားနေသည့် အာဆီယံအဖွဲ့ဝင် အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။နိုင်ငံတော်အစိုးရအနေဖြင့်ပုံမှန်အခြေအနေများ ပြန်လည်ရရှိစေရန်နှင့် ငြိမ်းချမ်းသည့် ဒီမိုကရေစီလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်နိုင်စေရန်လိုအပ်သည့်စီမံဆောင်ရွက်မှုများအားလုံးကို ဆောင်ရွက်လျက်ရှိပါသည်။ ရွေးကောက်ပွဲကျင်းပရန် စီစဉ်ဆောင်ရွက်ခြင်းသည် အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံ၏ ဆောင်ရွက်ပိုင်ခွင့်ရှိသည့်ကိစ္စဖြစ်ပြီး ယင်းလုပ်ငန်းစဉ်များအပေါ် ပြင်ပအဖွဲ့အစည်းများမှ ကြိုတင်အကဲဖြတ်ခြင်း သို့မဟုတ် ကန့်သတ်တားမြစ်ချက်များချမှတ်ရန် ကြိုးပမ်းခြင်းသည် လုံးဝလျော်ကန်မှုမရှိပါ။

အာဆီယံပဋိညာဉ်စာတမ်းနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေတို့တွင် ပြဋ္ဌာန်းပါရှိသော ပြည်တွင်းရေးကိစ္စရပ်များအပေါ် ဝင်ရောက်စွက်ဖက်ခြင်းမပြုရဆိုသည့် အရေးကြီးသည့် အဓိကအခြေခံမူဝါဒကို လေးစားလိုက်နာရမည်ဖြစ်ပါသည်။ အချုပ်အခြာအာဏာပိုင်ဆိုင်သည့် နိုင်ငံအစိုးရ၏ကြိုးပမ်းအားထုတ်မှုများကို လျစ်လျူရှု၍ ပြင်ပမှဝင်ရောက်စွက်ဖက်ခြင်းသည် တည်ငြိမ်မှုကိုထိပါးစေပြီး အလွန်အန္တရာယ်ရှိသောလုပ်ရပ်ဖြစ်သည်။

လူသိရှင်ကြား ရှုတ်ချဝေဖန်ခြင်းထက် အပြုသဘောဆောင်သော ထိတွေ့ဆောင်ရွက်မှုများကိုသာ ဆောင်ရွက်သင့်သည်ဟု မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က အခိုင်အမာယုံကြည်ပါသည်။ မကြာသေးမီက နိုင်ငံတော်အစိုးရက ကျင်းပခဲ့သော ပါတီစုံအထွေထွေရွေးကောက်ပွဲ၏ ပထမအပိုင်းနှင့် ဒုတိယအပိုင်းတို့ကို လွတ်လပ်ပြီး တရားမျှတစွာဖြင့် အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်ကို အပြည်ပြည်ဆိုင်ရာ လေ့လာစောင့်ကြည့်သူများ မျက်မြင်တွေ့ရှိခဲ့ပြီးဖြစ်ပါသည်။ အပြီးသတ် တတိယအပိုင်းကိုလည်း စီစဉ်ထားသည့်အတိုင်း နိုင်ငံတော်အစိုးရက ဆက်လက်ကျင်းပသွားလိမ့်မည်ဖြစ်ပါသည်။

ထို့ကြောင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် မိတ်ဆွေမပီသသော အဆိုပါထုတ်ပြန်ကြေညာချက်ကို ပြတ်ပြတ်သားသားရှုတ်ချ၍ ပယ်ချကြောင်းနှင့် နိုင်ငံတကာအသိုက်အဝန်းအတွင်း တင်းမာမှုများကို ပိုမိုပြင်းထန်စေပြီး စိတ်ဝမ်းကွဲပြားမှုများတိုးပွားစေမည့် ထိုကဲ့သို့သော ကြေညာချက်များ ထပ်မံထုတ်ပြန်ခြင်းကို မလေးရှားနိုင်ငံလူ့အခွင့်အရေးကော်မရှင်အနေဖြင့် ချက်ချင်းရပ်တန့်ပေးသွားရန် ပြင်းပြင်းထန်ထန် တောင်းဆိုပါသည်။ သက်ဆိုင်ရာအဖွဲ့အစည်းအားလုံး အနေဖြင့်လည်း မြန်မာနိုင်ငံ၏အချုပ်အခြာအာဏာပိုင်ဆိုင်မှု၊ မြန်မာနိုင်ငံပြည်သူလူထုအကျိုးနှင့် သာယာဝပြောမှုတို့ကို လေးစားကာ အကန့်အသတ်မထားဘဲ အားလုံးပါဝင်မှုရှိသည့် ငြိမ်းချမ်းသော ဆွေးနွေးမှုများကို ထောက်ခံအားပေးသွားကြပါရန် တိုက်တွန်းဖော်ပြအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်

# လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ - Youth Peace Forum 2026 လူငယ်ကြေညာစာတမ်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို အောင်မြင်စွာကျင်းပပြီးစီးသည့်အချိန် **သမိုင်းစာမျက်နှာသစ်**တွင် ဖြစ်ပေါ်လာမည့် ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် နိုင်ငံတည်ဆောက်ရေးလုပ်ငန်းစဉ်များတွင် လူငယ်များပါဝင်မှုကို မြှင့်တင်ပေးရန်အလို့ငှာ လူငယ်ငြိမ်းချမ်းရေးဖိုရမ်ကို ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်တွင် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်မှ ၁၅ ရက်အထိ သုံးရက်တာ ကျင်းပခဲ့ပါသည်။

၂။ ဤဖိုရမ်သို့ တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၄ ခုနှင့် နေပြည်တော်ကောင်စီနယ်မြေမှ လူငယ်ကိုယ်စားလှယ်များအပြင် ပဋိပက္ခဘေးသင့်ရာ ဒေသများမှ လူငယ်များ၊ အဆင့်မြင့်ပညာရေးတက္ကသိုလ်များ၊ ပုဂ္ဂလိကအသင်းအဖွဲ့များနှင့် အရပ်ဘက်အဖွဲ့အစည်းများမှ လူငယ်များ စုစုပေါင်း ၄၅၀ ဦးတက်ရောက်ကြပြီး **အနာဂတ်ကာလတွင် လူငယ်များပါဝင်နိုင်မည့်ကဏ္ဍများနှင့်လုပ်ငန်းများ**ကို သုံးရက်ကြာ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးဖလှယ်ကြပြီး ဤကြေညာစာတမ်းအား ထုတ်ပြန်ကြေညာအပ်ပါသည်။

၃။ ဖိုရမ်ကျင်းပသည့် ပထမနေ့တွင် လူငယ်ကိုယ်စားလှယ်များသည် ငြိမ်းချမ်းရေးဖြစ်စဉ်များအပေါ် လက်တွေ့စီမံခန့်ခွဲခဲ့ရသည့် လူကြီးများထံမှ အတွေ့အကြုံများနှင့် သင်ခန်းစာများကို **ငြိမ်းချမ်းရေးလက်ဆင့်ကမ်းခြင်းနှင့် ငြိမ်းချမ်းသောလူ့အဖွဲ့အစည်းမြှင့်တင်ခြင်း** ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲအား စတင်ခဲ့ပြီး တိုင်းဒေသကြီးများ၊ ပြည်နယ်များ၊ နေပြည်တော်ပြည်ထောင်စုနယ်မြေကိုယ်စားပြုလူငယ်၁၅ဦးနှင့်အခြားတိုင်းရင်းသားနှင့် ဘေးသင့်ဒေသများကိုယ်စားပြု လူငယ်ကိုယ်စားလှယ် ၇ ဦးတို့မှ ဒေသအလိုက် မတူကွဲပြားသည့် အသံများကို ဖော်ထုတ်ခဲ့ပါသည်။

၄။ ဖိုရမ်၏ဒုတိယနေ့တွင် အနာဂတ်ကာလငြိမ်းချမ်းရေးဖြစ်စဉ်နှင့် နိုင်ငံတည်ဆောက်ရေးလုပ်ငန်းစဉ်တွင် လူငယ်များ၏အခန်းကဏ္ဍကို မြှင့်တင်ပေးနိုင်မည့် **အခွင့်အလမ်းများ** အပေါ် ပညာရှင်များ၊ လူငယ်လုပ်ငန်းရှင်များကတင်ပြကြပြီး လူငယ်ကိုယ်စားလှယ်များအဖွဲ့များခွဲ၍ အသေးစိတ်ဆွေးနွေးအဖြေရှာဖော်ထုတ်ကာ အဖွဲ့လိုက်ကွန်ရက်ဖွဲ့ဆောင်ရွက်ရန် ပြင်ဆင်ခဲ့ပါသည်။

၅။ ဖိုရမ်၏ တတိယနေ့တွင် အနာဂတ်ကာလ၌ ငြိမ်းချမ်းရေးနှင့် နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများအပေါ် အကြံပြုချက်များနှင့် လက်တွေ့အဆိုပြုချက်များကို အဖွဲ့လိုက်ဆွေးနွေးတင်ပြခဲ့ပါသည်။ လူငယ်များ၏ ရှေ့အမြင်များနှင့် ဖန်တီးမှုများကို လျှပ်တစ်ပြက်စစ်တမ်းများဖြင့် ပုံဖော်နိုင်ခဲ့ပြီး လူငယ်များအချင်းချင်းပူးပေါင်းဆောင်ရွက်ကြမည့် ကွန်ရက်အဖွဲ့များကိုလည်း ဖွဲ့စည်းခဲ့ပါသည်။ ထိုအကြံပြုချက်များအပေါ် အခြေခံ၍ ကွန်ရက်များဖြင့် ဒေသအသီးသီးရှိ ငြိမ်းချမ်းရေးစိန်ခေါ်မှုများကို လူငယ်များကိုယ်တိုင် ပါဝင်ဖြေရှင်းနိုင်မည့် လက်တွေ့အစီအစဉ်များ ဖော်ထုတ်ခြင်းမှတစ်ဆင့် အမျိုးသားအဆင့် လူငယ်များပါဝင်မှု အခင်းအကျင်းတစ်ရပ်ဖြစ်ပေါ်စေမည့် **ရှေ့လုပ်ငန်းစဉ်များ၊ အကြံပြုချက်များ**ကို စနစ်တကျ ချမှတ်နိုင်ခဲ့ပါသည်။

၆။ ဤသို့လျှင် လူငယ်ငြိမ်းချမ်းရေးဖိုရမ်သည် **"နိုင်ငံတစ်ဝန်းရှိ လူငယ်များကို ငြိမ်းချမ်းရေးတည်ဆောက်ရေး၊ စည်းလုံးညီညွတ်ရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတို့တွင် စုပေါင်းပါဝင်လာရေးနှင့် စွမ်းရည်ပြည့်ဝသောခေါင်းဆောင်များ ဖြစ်ပေါ်လာရန်အတွက် လူငယ်များအား ငြိမ်းချမ်းရေးအသိ မြှင့်တင်ပေးနိုင်ရန်"** ဟူသော **ဖိုရမ်ဦးတည်ချက်**အား အောင်မြင်စွာရရှိခဲ့ပြီး အနာဂတ်ကာလငြိမ်းချမ်းရေးဖြစ်စဉ်များနှင့် နိုင်ငံတည်ဆောက်ရေးလုပ်ငန်းစဉ်များတွင် လူငယ်များအတွက် အောက်ဖော်ပြပါ အခွင့်အလမ်းများကို စုပေါင်းဖန်တီးကြရန် စုပေါင်းသန္နိဋ္ဌာန်ပြုအပ်ပါသည်-

(က) ရွေးကောက်ပွဲလွန်ကာလ၌ လူငယ်များ၏လက်တွေ့ကျသော အခန်းကဏ္ဍကို ဖော်ထုတ်နိုင်မည့် ငြိမ်းချမ်းရေးကို ပြင်းပြစွာလိုလားကြသည့် လူငယ်အသိုက်အဝန်းများအကြားအပြန်အလှန်ဆက်သွယ်ဆောင်ရွက်မှုကို အထောက်အပံ့ဖြစ်စေမည့် **လူငယ်ကွန်ရက်များ** ဖွဲ့စည်းတည်ထောင်၍ လူငယ်များလက်တွေ့ဆောင်ရွက်နိုင်သည့် စီမံချက်များကို **လူငယ်များကိုယ်တိုင် အကောင်အထည်ဖော်ရန်၊**

(ခ) ငြိမ်းချမ်းရေးဆောင်ရွက်ရာမှာ မတူကွဲပြားမှုများကို နားလည်၍ အမုန်းတရားများတိုက်ဖျက်နိုင်ရန် ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု၊ အားကစားနှင့်စီးပွားရေး ဖွံ့ဖြိုးရေးနယ်ပယ် အသီးသီးရှိ လူငယ်များ၏ **စွမ်းရည်မြှင့်တင်**ပေးရန်နှင့် သက်ဆိုင်ရာကဏ္ဍအလိုက် **လူငယ်ဆိုင်ရာစီမံကိန်းများ** ရေးဆွဲရန်၊

(ဂ) ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးနှင့် စည်းလုံးညီညွတ်ရေး၊ လူမှုသဟဇာတမြှင့်တင်ရေးလုပ်ငန်းဆိုင်ရာအစီအစဉ်များကို **ဒေသအလိုက် မြေပြင်အခြေအနေများနှင့် ကိုက်ညီမည့် စီမံချက်များ**အား လူငယ်များကိုယ်တိုင် စွန့်ဦးဆောင်ရွက်ပြီး နိုင်ငံတော်၏မူဝါဒနှင့်လုပ်ငန်းစဉ်များကို အထောက်အပံ့ဖြစ်စေမည့် အကြံပြုချက်များ ဖော်ထုတ်ရန်၊

(ဃ) မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖြစ်စဉ်များအပေါ် **နိုင်ငံတကာနှင့် ပြည်တွင်းပြည်ပမီဒီယာရပ်တည်ချက်များ**ကို ပြည်တွင်းလူငယ်များ၏အမြင်နှင့် ပုံရိပ်ပြောင်းလဲရေးဆောင်ရွက်ရန်၊

(င) လူငယ်ငြိမ်းချမ်းရေးဖိုရမ်မှ ပေါ်ထွက်လာသည့် အကြံပြုချက်များကိုစုစည်း၍ အနာဂတ်နိုင်ငံတည်ဆောက်ရေးအတွက် **လူငယ်နှင့် ငြိမ်းချမ်းရေးမူဝါဒဆိုင်ရာစာတမ်း**တစ်ရပ် (Youth Peace Policy Paper) အား ရေးဆွဲတင်ပြနိုင်ရန် ဖြစ်ပါသည်။

၇။ ထို့ကြောင့် လူငယ်ငြိမ်းချမ်းရေးဖိုရမ်သည် အနာဂတ်မြန်မာနိုင်ငံတည်ဆောက်ရေးတွင် လူငယ်များ၏ အခန်းကဏ္ဍပါဝင်မှုကို အလေးပေးဖော်ဆောင်နိုင်ခဲ့ပြီး လူငယ်များ၏ စိတ်ဓာတ်နှင့် စွမ်းအားများကို အကောင်းဆုံးသောပုံစံများဖြင့် ငြိမ်းချမ်းရေးနှင့် နိုင်ငံတည်ဆောက်ရေးလုပ်ငန်းစဉ်များအတွင်း ပေါင်းစပ်ထည့်သွင်းနိုင်ရန် ဖော်ထုတ်ခဲ့ပြီး တက်ရောက်ပါဝင်ကြသည့် လူငယ်များအနေဖြင့်လည်း-

(က) မိမိကိုယ်ကို ကောင်းအောင်ကြိုးစားမည်၊

(ခ) မိမိကွန်ရက်ကို ခိုင်မာအောင် ဖွဲ့စည်းမည်၊

(ဂ) မိမိဒေသကို ငြိမ်းချမ်းအောင် ပံ့ပိုးမည်၊

(ဃ) မိမိနိုင်ငံအတွက် ကောင်းအောင်ကြိုးစားမည်။

ဟု **သစ္စာအဓိဋ္ဌာန်ပြု**၍ ဤကြေညာစာတမ်းအား ထုတ်ပြန်အပ်ပါသည်။

**နေပြည်တော်**

**၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်**

## ၁၅-၁-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ **ဈေးနှုန်းမှာ (၆,၀၀၀,၀၀၀)ကျပ်ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၁၉˚c | / | ၃၁˚c |
| ရန်ကုန် | ၂၀˚c | / | ၃၂˚c |
| မန္တလေး | ၁၆˚c | / | ၃၀˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ တတိယနေ့အခမ်းအနားဆက်လက်ကျင်းပ



နေပြည်တော် ဇန်နဝါရီ ၁၅

လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ တတိယနေ့အခမ်းအနားကိုယနေ့တွင်နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (၁) ကျောက်စိမ်းခန်းမ၌ဆက်လက်ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ လူမှုရေးရာဝန်ကြီးများ၊ ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များနှင့် နယ်ပယ်အသီးသီးမှ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အလွှာအသီးသီးမှ လူငယ်ကိုယ်စားလှယ်များ၊ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ လူငယ်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားယဉ်ကျေးမှုနှင့် ဘာသာရေးဆိုင်ရာ ယုံကြည်ကိုးကွယ်မှုအမျိုးမျိုးမှ လူငယ်ကိုယ်စားလှယ်များ၊ နယ်စပ်ဒေသများမှ တိုင်းရင်းသားလူငယ်များ၊ အခြားဖိတ်ကြားထားသည့် လူငယ်ကိုယ်စားလှယ်များနှင့် လေ့လာသူများတက်ရောက်ကြသည်။

ဦးစွာ လူငယ်ကွန်ရက်များဖွဲ့စည်း၍ ကွန်ရက်အလိုက် စီမံချက်အဆိုပြုချက်များတင်ပြခြင်း၊ ကွန်ရက်အလိုက် အဆိုပြုချက်များကို ပညာရှင်များက အကြံပြုဆွေးနွေးခြင်း၊ ကွန်ရက်အလိုက် အဆိုပြုချက်များကို လူငယ်အချင်းချင်း မဲပေးဆုံးဖြတ်ခြင်း၊ မဲပေးဆုံးဖြတ်သည့်အပေါ်ပညာရှင်အဖွဲ့က သုံးသပ်၍ ဆုများသတ်မှတ်ခြင်း၊ လူငယ်ထုအတွင်း လျှပ်တစ်ပြက်စစ်တမ်း၊ ဆန္ဒကောက်ယူခြင်းတို့ကို ဆောင်ရွက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ကွန်ရက်အလိုက် စီမံချက်အဆိုပြုချက်များနှင့် စပ်လျဉ်း၍ အဖွဲ့လိုက်ဆွေးနွေးမှုတွင် ပထမဆုနှင့် ဒုတိယဆုရရှိကြသူများကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက တတိယဆုရရှိကြသူများကိုလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။



ယင်းနောက် ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က ဖိုရမ်တွင်ဆွေးနွေးခဲ့ကြသည့် ပညာရှင်များကိုလည်းကောင်း၊ ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း(ငြိမ်း)က ပန်းချီပြိုင်ပွဲတွင် ဆုရရှိကြသူများကိုလည်းကောင်း၊ ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်က ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဉာဏ်စမ်းပြိုင်ပွဲတွင် ဆုရရှိကြသူများကိုလည်းကောင်း၊ ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးဝင်းဗိုလ်ရှိန်(ငြိမ်း)က ဖိုရမ် Coordinator များကိုလည်းကောင်း၊ ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင် ဗိုလ်ချုပ်စိုးနိုင်ဦး(ငြိမ်း)က ဖိုရမ် Facilitator များကိုလည်းကောင်း ဆုများနှင့်ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က အခမ်းအနားသို့ ပံ့ပိုးကူညီပေးခဲ့ကြသည့် အလှူရှင်များနှင့် ဖိုရမ်ဂုဏ်ပြုတေးသီချင်းရေးစပ်သီကုံးပေးခဲ့သူများကိုလည်းကောင်း၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က အထောက်အကူပြုအဖွဲ့များကိုလည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့က လူငယ်များ၏ အဖွဲ့လိုက်ဆွေးနွေးမှုများမှ "သတင်းအချက်အလက်နည်းပညာသက်ရောက်မှုများ (IT)၊ ဉာဏ်ရည်တုနည်းပညာ (AI) စနစ် ထူထောင်ရေး၊ ဆိုက်ဘာ (Cyber)၊ Online Security၊ လူမှုကွန်ရက် (Social Media)နှင့် ကွန်ရက်အဖွဲ့များ၊ ထိရောက်သောသတင်းမှန်ပြန်ကြားရေးဆိုင်ရာဆွေးနွေးမှု"နှင့် စပ်လျဉ်း၍ ပြန်လည်ဆွေးနွေးမှုကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ အနာဂတ်နိုင်ငံတည်ဆောက်ရေးအတွက် လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ က ထုတ်ပြန်ကြေညာသည့် လူငယ်ကြေညာစာတမ်းကို လူငယ်လေးဦးက ဖိုရမ်သို့ ဖတ်ကြားတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် ဖိုရမ်တက်ရောက်လာကြသူများသည် လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ သစ္စာအဓိဋ္ဌာန်လေးချက်ဖြစ်သည့် "မိမိကိုယ်ကိုကောင်းအောင်ကြိုးစားမည်၊ မိမိကွန်ရက်ကို ခိုင်မာအောင်ဖွဲ့စည်းမည်၊ မိမိဒေသကို ငြိမ်းချမ်းအောင် ပံ့ပိုးမည်၊ မိမိနိုင်ငံအတွက် ကောင်းအောင်ကြိုးစားမည်"တို့ကိုရွတ်ဆို၍ ကြေညာစာတမ်းကို ထုတ်ပြန်သည်။

ယင်းနောက် တက်ရောက်လာကြသူ လူငယ်များကိုယ်စားလူငယ်ကိုယ်စားလှယ်လေးဦးတို့က ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က ဆွေးနွေးမှုရလဒ်များကို ရှင်းလင်းဆွေးနွေးပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က နိဂုံးချုပ်အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **မြဝတီ**

# ဂမ်ဘီယာနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏အမှုနှင့် ပတ်သက်၍ ကြားနာပွဲဆက်လက်ပြုလုပ်




နေပြည်တော် ဇန်နဝါရီ ၁၅

ဂမ်ဘီယာနိုင်ငံနှင့်မြန်မာနိုင်ငံတို့၏ အမှုနှင့်ပတ်သက်၍ ကြားနာပွဲ (Oral Hearing)ကို ဇန်နဝါရီလ ၁၂ ရက်မှ ၂၉ ရက်အထိ နယ်သာလန်နိုင်ငံ သည်ဟိတ်ဂ်မြို့ရှိ အပြည်ပြည်ဆိုင်ရာတရားရုံး၌ ပြုလုပ်လျက်ရှိရာ ဒုတိယနေ့ကြားနာပွဲကို ဇန်နဝါရီလ ၁၃ ရက် မွန်းလွဲ ၃ နာရီတွင် ဆက်လုပ်ပြုလုပ်ခဲ့သည်။

ဒုတိယနေ့ကြားနာပွဲတွင် ဂမ်ဘီယာနိုင်ငံမှ ရှေ့နေများက ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် မြန်မာ့တပ်မတော်က အကြမ်းဖက်ချေမှုန်းရေးဟုဆိုကာ ဘင်္ဂါလီများကို လူမျိုးသုဉ်းစေရန် ရည်ရွယ်ချက်ဖြင့် တိုက်ခိုက်သတ်ဖြတ်ခဲ့ကြောင်း စွပ်စွဲလျှောက်လဲကြပြီး ယင်းသို့လုပ်ဆောင်ရာတွင် နယ်ခြားစောင့်ရဲတပ်ဖွဲ့၊ ပြည်သူ့စစ်များအပြင် ရခိုင်လူမျိုးများလည်းပါဝင်သည်ဟုလည်း ထည့်သွင်းစွပ်စွဲလျှောက်လဲခဲ့ကြောင်း၊ ထိုသို့ရည်ရွယ်ချက်ရှိကြောင်းကို လုပ်ကြံဖန်တီးထားသည့် ဘင်္ဂါလီသက်သေများ၏ ထွက်ဆိုချက်များအား ကိုးကားလျှောက်လဲခဲ့ကြကြောင်း၊ ဂမ်ဘီယာနိုင်ငံအနေဖြင့် တတိယနေ့ ပထမအကျော့လျှောက်လဲခြင်းကို ဇန်နဝါရီလ ၁၄ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီမှ မွန်းလွဲ ၁ နာရီအထိနှင့် မွန်းလွဲ ၃ နာရီမှ ညနေ ၆ နာရီအထိ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **မြဝတီ**

## ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်

နေပြည်တော် ဇန်နဝါရီ ၁၅

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။ **(မိုး/ဇလ)**


မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

◆ **ကျောဖုံးမှအဆက်**

မူးယစ်ဆေးဝါးချက်လုပ်သည့် နေရာ ၃ ခုသည် မူးယစ်ဆေးဝါးထုတ်လုပ်သည့် ပင်ရင်းနေရာများဖြစ်ကြောင်း သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

အဆိုပါ သိမ်းဆည်းရမိမှုများနှင့် ဆက်စပ်၍ လုံခြုံရေးပူးပေါင်းအဖွဲ့များက လေကြောင်းကင်းထောက်ခြင်းနှင့် မြေပြင်သတင်းစုံစမ်းဖော်ထုတ်ခြင်းနှင့် နယ်မြေရှင်းလင်းခြင်းတို့ကို ဆက်လက်ဆောင်ရွက်ခဲ့ရာ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက် ယနေ့ မွန်းလွဲ ၂ နာရီ ၃၀ မိနစ်ခန့်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မိုင်းရယ်မြို့၏ အနောက်မြောက်ဘက် ၃၄ ကီလိုမီတာခန့်အကွာ၊ နားလင်းကျေးရွာ၏ အရှေ့မြောက်ဘက် ၁၄ ကီလိုမီတာခန့်အကွာ ယခင် အသုံးပြုသည့်အဆောက်အအုံများ တွေ့ရှိရ၍ သွားရောက်ရှင်းလင်းခဲ့ရာ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုရသည့် ဆက်စပ်ပစ္စည်းများဖြစ်သော အမျိုးအစားစိစစ်ဆဲ အက်စစ်များထည့်ထားသည့် ပုံးပြာ ၃၅၀၀ လုံး နှင့်သံပီပါ ၅၀၇ လုံး၊ ဂက်စ်အိုး ၂၄၃ လုံး၊ မီးစက် ၂ လုံး၊ ဆေးပြားရိုက်စက် ၉ လုံး၊ မသင်္ကာဖွယ်ရာ Happy Water ထုတ်လုပ်သည်ဟုယူဆရသော စက်ရုံဂိုဒေါင် ၁ လုံး၊ ဆေးပြားအခြောက်ခံဗန်း ၅၀ ခု၊ လူနေတဲ ၁၂ လုံး၊ အက်စစ်ပုံးထားသည့်ဂိုဒေါင် ၇ လုံး၊ ဖန်ပေါင်းချောင်များဖြင့် မူးယစ်ဆေးဝါးထုတ်လုပ်သည့် တဲ ၁ လုံး၊ ပစ္စည်းထည့်ဂိုဒေါင် ၃ လုံး၊ မူးယစ်ဆေးဝါးထုတ်လုပ်သည့် ကုန်ကြမ်းများထားရှိသည့် ဂိုဒေါင် ၂ လုံး နှင့် ရိက္ခာဂိုဒေါင် ၂ လုံးတို့ကို

**သီပေါမြို့နယ်၊ နမ့်လန်ဒေသနှင့်မိုင်းရယ်မြို့အနီး မူးယစ်ဆေးဝါးချက်လုပ်သည့်နေရာအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ထပ်မံသိမ်းဆည်းရမိ**







သီပေါမြို့နယ်၊ နမ့်လန်ဒေသနှင့်မိုင်းရယ်မြို့အနီး ထပ်မံသိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးချက်လုပ်သည့်နေရာတွင် တွေ့ရှိရသည့်ထုပ်ပိုးခွံများကိုတွေ့ရစဉ်။



သီပေါမြို့နယ်၊ နမ့်လန်ဒေသနှင့်မိုင်းရယ်မြို့အနီး ထပ်မံသိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများချက်လုပ်ရာတွင် အသုံးပြုသည့်ပစ္စည်းများကိုတွေ့ရစဉ်။



သီပေါမြို့နယ်၊ နမ့်လန်ဒေသနှင့်မိုင်းရယ်မြို့အနီး ထပ်မံသိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးချက်လုပ်သည့်နေရာတွင် တွေ့ရှိရသော မူးယစ်ဆေးဝါးများချက်လုပ်ရာတွင် အသုံးပြုသည့်ပစ္စည်းများကိုတွေ့ရစဉ်။



သီပေါမြို့နယ်၊ နမ့်လန်ဒေသနှင့်မိုင်းရယ်မြို့အနီး ထပ်မံသိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးချက်လုပ်သည့်နေရာတွင်တွေ့ရှိရသော စက္ကူပုံးခွံများနှင့်ဆက်စပ်ပစ္စည်းများကိုတွေ့ရစဉ်။

သိမ်းဆည်းရမိခဲ့သည့် မူးယစ်ဆေးဝါးအဓိကထုတ်လုပ်သည့်နေရာ၏ မြောက်ဘက် ၂ ဒသမ ၅ ကီလိုမီတာခန့်အကွာ၌ မသင်္ကာဖွယ်ရာ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် ထပ်မံတွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

အဆိုပါ သိမ်းဆည်းရမိ မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့်ပစ္စည်းများကို ပညာရှင်များပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် အသေးစိတ်ဆက်လက်စစ်ဆေး၍ သက်ဆိုင်ရာဌာနများသို့ လွှဲပြောင်းအပ်နှံခြင်း၊ စနစ်တကျမီးရှို့ဖောက်ခွဲဖျက်ဆီးခြင်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး အဆိုပါဒေသတစ်ဝိုက်အားလည်း မသင်္ကာဖွယ် မူးယစ်ဆေးဝါးချက်လုပ်သည့်နေရာများရှိနိုင်သေးသဖြင့် နယ်မြေဖော်ထုတ်ရှင်းလင်းခြင်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်၏ဂုဏ်သိက္ခာကို ထိခိုက်ကျဆင်းစေပြီး



သီပေါမြို့နယ်၊ နမ့်လန်ဒေသနှင့်မိုင်းရယ်မြို့အနီး ထပ်မံသိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးချက်လုပ်သည့်နေရာတွင် တွေ့ရှိရသော စိစစ်ဆဲအရည်များထည့်ထားသောအဖြူရောင်ပုံးများကိုတွေ့ရစဉ်။



သီပေါမြို့နယ်၊ နမ့်လန်ဒေသနှင့်မိုင်းရယ်မြို့အနီး ထပ်မံသိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများချက်လုပ်ရာတွင် အသုံးပြုသည့်ပစ္စည်းများကိုတွေ့ရစဉ်။



သီပေါမြို့နယ်၊ နမ့်လန်ဒေသနှင့် မိုင်းရယ်မြို့အနီး ထပ်မံသိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးချက်လုပ်သည့်နေရာတွင် တွေ့ရှိရသော စိစစ်ဆဲအပြာရောင်အိတ်များကိုတွေ့ရစဉ်။



သီပေါမြို့နယ်၊ နမ့်လန်ဒေသနှင့်မိုင်းရယ်မြို့အနီး ထပ်မံသိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးချက်လုပ်သည့်နေရာတွင် တွေ့ရှိရသော စိစစ်ဆဲအထုပ်များနှင့်အနီရောင်အမှုန့်များကို တွေ့ရစဉ်။



သီပေါမြို့နယ်၊ နမ့်လန်ဒေသနှင့်မိုင်းရယ်မြို့အနီး ထပ်မံသိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးချက်လုပ်သည့်နေရာတွင် တွေ့ရှိရသော မူးယစ်ဆေးဝါးများချက်လုပ်ရာတွင်အသုံးပြုသည့်ပစ္စည်းများကိုတွေ့ရစဉ်။

လူသားမျိုးနွယ်တစ်ခုလုံးကို လူညွန့်တုံးပျက်စီးစေသည့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့် တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို ပြည်သူလူထုနှင့်ပူးပေါင်း၍ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည့်အပြင် ကုလသမဂ္ဂအပါအဝင် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ မဲခေါင်ဒေသတွင်းနိုင်ငံများ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများ၊ နိုင်ငံတကာမူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် သတင်းများရရှိပါကလည်း တာဝန်ရှိသူများထံ အချိန်မီသတင်းပေးပို့ကြရန် လိုအပ်ကြောင်းနှင့် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးဖြစ်စဉ်များတွင် အဓိကပါဝင်ပတ်သက်လျက်ရှိသည့် မည်သည့်အဖွဲ့အစည်းကိုမဆို ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)



သီပေါမြို့နယ်၊ နမ့်လန်ဒေသနှင့်မိုင်းရယ်မြို့အနီး ထပ်မံသိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးချက်လုပ်သည့်နေရာတွင် တွေ့ရှိရသော ဟက်ပီးအိုင်အိုဒင်းဆားစာသားပါ အပြာရောင်အထုပ်နှင့်စိစစ်ဆဲ အဖြူရောင်အစေ့များကိုတွေ့ရစဉ်။

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Additional seizure of materials used in drug manufacturing in Namlan area of Hsipaw Township and near Mongyai Town


NAY PYI TAW January 15

Myanmar has been treating drug control operations as a national duty and has been continuously and vigorously carrying out measures nationwide to prevent, protect against, and suppress the production and illegal trafficking of narcotic drugs. In this regard, on 9, 10, and 11 January 2026, within Hsipaw Township and Mongyai Township in northern Shan State, authorities seized materials used in online fraud and gambling activities, as well as equipment used in drug manufacturing. It was also officially announced that three drug manufacturing sites uncovered and seized on 10 and 11 January were primary drug production locations.

In connection with these seizures, joint security forces continued aerial reconnaissance, ground intelligence investigations, and area clearance operations. As a result, at around 2:30 pm today, 15 January 2026, suspicious structures believed to be used for drug manufacturing were discovered and cleared at a location approximately 34 kilometers northwest of Mongyai Town in northern Shan State, about 14 kilometers northeast of Narling Village, and about 2.5 kilometers north of a previously seized major drug production site. During the operation, authorities seized a large quantity of materials related to drug production, including 3,500 blue containers and 507 metal drums containing acids of types still under verification, 243 gas cylinders, two generators, nine tablet-pressing machines, one factory warehouse suspected to be producing "Happy Water," 50 tablet-drying trays, 12 residential huts, seven warehouses storing acid containers, one hut used for drug production with glass apparatus, three storage warehouses, two warehouses containing raw materials for drug production, and two food supply warehouses.

The seized drug manufacturing materials will be further examined in detail by a joint team including technical experts, then transferred to the relevant departments and systematically destroyed through incineration or demolition as appropriate. As there may still be additional suspicious drug manufacturing sites in the surrounding areas, continued area search and clearance operations will be carried out.

The Government has been continuously cooperating with the public in drug prevention and suppression efforts, as narcotic drugs undermine national dignity and cause severe harm to humanity as a whole. In addition, Myanmar is cooperating with the United Nations, neighbouring countries, ASEAN member states, Mekong region countries, BIMSTEC member states, and international drug control organizations. The public is urged to promptly report any drug-related information to the responsible authorities. It has also been reported that any organization found to be primarily involved in seized drug-related cases will be taken effective and severe action against.



The map and photo show a seized drug refinery and items used in refining narcotics.



Seized drug refining equipment.



Seized equipment used in producing narcotic drugs.



Items used in refining drugs seized near Namlan area in Hsipaw Township and Mongyai town.



Blue barrels seized near Namlan area in Hsipaw Township and Mongyai town.



Seized equipment used in making narcotic drugs.

# Merchants from Bogale Township sell 65,000 bags of Ayeyamin rice to Yangon market



BOGALE January 15

Local merchants from Bogale Township of Ayeyawady Region sold 65,000 bags of Ayeyamin rice to Yangon market said Daw Moe Moe, the owner of rice and paddy trading wholesale centre in Bogale Township.

From Bogale Township, up to 65,000 bags of Ayeyamin rice (24-basket bags) were shipped and sold to the Yangon market.

"From Bogale, we are sending rice and other farm produce to the Yangon rice market. In the past month alone, we exported and sold up to 65,000 bags of Ayeyamin 24-basket rice. Yangon's domestic rice market is currently buying rice from our side. Most of us business owners either export and sell paddy directly or buy paddy, mill it, and then export the rice. Because rice trading has improved, farmers, traders, cargo workers, and truck operators are gaining employment opportunities," said Daw Moe Moe.

The Ayeyamin rice sent from Bogale Township to the Yangon market is priced at Ks-75,000 to Ks-80,000 per 24-basket bag.

Business owners in the rice and paddy trade in Bogale are purchasing locally produced paddy, milling it into rice, and transporting and selling it to the Yangon market. **SMK**

# Kyaukmyaung Sub-Township grows more than 4,000 acres of vegetables

KYAUKMYAUNG January 15

Statistics of Kyaukmyaung Sub-Township of Sagaing Region grew to more than 4,000 acres of vegetables as cold season crops this year.

During the 2025–2026 winter crop season, Kyaukmyaung Sub-Township targeted the cultivation of 4,418 acres of vegetables. Planting began in October this year, and as of today, 4,142 acres have been cultivated.

"This winter crop season, Kyaukmyaung Sub-Township planned to grow 4,418 acres of vegetables. So far, 4,142 acres have already been planted. The crops include turmeric, chillies, aromatic herbs, potatoes, coffee pods, eggplants, and mustard greens. We are providing farmers with technical assistance to grow all vegetables under the GAP system. We are also guiding them to use minimal chemical residues and adopt health-friendly cultivation practices," said Daw Khin Win, head of the Kyaukmyaung Sub-Township Agriculture Department.

This year, the sub-township's Agriculture Department has been providing technical training to vegetable growers to help them adopt GAP methods, ensure the harvested produce meets health and safety standards, and expand vegetable cultivation in the area.

Kyaukmyaung Sub-Township grows a variety of seasonal vegetables every year. These crops have been successful and have contributed to household income. Agriculture officials continue to provide farmers with awareness on correct cultivation practices, prevention of pest infestation, and the use of organic fertilizers, natural pesticides, and botanical pest-control solutions, according to the department.

**SK**

# Sown acreage of maize and sweet corns expanded in Kalewa Township



KALEWA January 15

Local farmers have expanded sown acreage of maize and sweet corns in Kalewa Township of Sagaing Region, accordin to the Township Agriculture Department.

For the 2025–2026 monsoon crop season, a plan was set to cultivate 2,638 acres of maize in Kalewa Township—217 acres of maize and 2,421 acres of sweet corn. Planting began in June this year, and as of today, 2,683 acres—228 acres of maize and 2,455 acres of sweet corn—have already been cultivated, exceeding the planned acreage, according to reports.

"This year, the plan was to grow 2,638 acres of maize and sweet corn in Kalewa Township. So far, 2,683 acres have been planted, which is above the target. To ensure successful and healthy maize cultivation, awareness is being provided to farmers, including guidance on preventing pests and diseases," said U Myo Naing, Head of the Kalewa Township Agriculture Department.

This year, the township agriculture department has been conducting training sessions, field demonstrations, and awareness programmes for maize farmers. Preventive measures against the fall armyworm are being promoted, along with the use of integrated pest management methods such as neem-based pesticides and ginger and chili extracts.

In Kalewa Township, seed maize cultivation yields more than 50 baskets per acre, with a cultivation cost of around Ks-500,000 per acre. Sweet corn yields about 15,000 cobs per acre, with cultivation costs exceeding Ks-500,000 per acre, according to reports. **SMK**

# Ayadaw Township grows more than 1,000 acres of sunflower as cold season crops

AYADAW January 15

According to the Monywa District Agriculture Department, local farmers planted more than 1,000 acres of sunflower as cold season crops in Ayadaw Township of Sagaing Region this year.

During the 2025-2026 winter crop season, it is planned to cultivate 2,725 acres of winter sunflower in Ayadaw Township. Planting began in October this year, and so far, a total of 1,193 acres have already been cultivated against the target cultivation.

"This year, over 2,000 acres of sunflower are planned for cultivation during the winter crop season in Ayadaw Township. As of today, more than 1,000 acres have been planted. Efforts are being made to complete the full target acreage. To reduce the import of edible palm oil from abroad, sunflower, an oil-bearing crop, is being encouraged for expanded cultivation. Sunflower yields more oil per acre compared to other crops such as groundnut and sesame," said Daw San San Myint, Head of the Monywa District Department of Agriculture.

In order to expand sunflower cultivation in Ayadaw Township, the Township Department of Agriculture has been accelerating training programs to provide technical knowledge and enhance the capacity of both staff and farmers.

This year, arrangements are also being made to supply quality sunflower seeds to farmers, sell compound fertilizers (urea and potash) at affordable prices, and promote seed exchange systems among farmers to distribute newly produced sunflower varieties. **SK**

# Colombian president confirms date for meeting with Trump at White House

BOGOTA January 15

Colombian President Gustavo Petro confirmed on Wednesday that his meeting with U.S. President Donald Trump is scheduled for February 3 at the White House.

Petro told a publicly broadcast cabinet meeting that the date was set following diplomatic exchanges between the two governments, highlighting its importance in addressing ongoing issues between the United States and Colombia, particularly drug trafficking.

This will be the first in-person meeting between the two leaders since Trump returned to office.

Trump had earlier expressed anticipation for a January meeting, noting that drug prevention would be a key topic. He praised Petro after a phone call on January 7, emphasizing the desire for future talks.

The United States has recently increased pressure on countries in Latin America over narcotics and security issues, with Trump targeting Petro on drug-related matters. On January 4, Trump issued a threat toward Petro, saying that taking action against Colombia "sounds good."

Petro responded the following day on social media, saying that in the face of Trump's "illegal threats," he would be prepared to "take up again the weapons that no one wants to touch."

Petro emphasized that the upcoming meeting is crucial for ensuring the safety of Colombians. **Xinhua**

# Russia expels suspected British spy

MOSCOW January 15

Russia has ordered the expulsion of a British diplomatic staff member who is suspected of working for UK intelligence.

The Federal Security Service (FSB) stated on Thursday that Gareth Samuel Davies, a secretary at the British Embassy in Moscow, is working for the UK secret services.

The Foreign Ministry said it had summoned the UK's charge d'affaires, Danae Dholakia, to issue her with a formal protest and demand the suspected spy's departure from Russia within two weeks.

"Moscow will not tolerate activities of undeclared agents of British special services on Russian territory," the ministry stressed, adding that the government has a zero-tolerance policy on matters of national security.

The deputy head of the British mission declined to speak to journalists when she arrived and departed the Foreign Ministry building earlier in the day.

The UK and Russia have long had strained relations marked by multiple mutual expulsions of



diplomatic staff, often on suspicions of espionage. Moscow accuses London of being a key driver of the Ukraine conflict, alleging that the British government is deliberately seeking to prolong the hostilities in a bid to confront Russia – a strategy Russian officials claim the UK has pursued for decades. **RT**

# Death toll in Philippine landfill landslide rises to 25



MANILA January 15

Search and rescue operations are continuing in the central Philippine city of Cebu, a week after a landfill collapsed on January 8, killing at least 25 people and leaving 11 others still missing, authorities said Thursday.

Cebu City Councilor Dave Tumulak said rescuers have not officially shifted to a retrieval-only phase despite the passage of time and the difficult conditions at the site, out of respect for the families of the missing.

"Most families are still hoping their relatives are alive, and we are also praying for miracles as the search for survivors continues," Tumulak said in a radio interview.

The incident occurred at a privately operated landfill in the city on the late afternoon of January 8, when a massive mound of garbage collapsed, burying a facility and many workers.

As of Thursday night, the city's Bureau of Fire Protection confirmed 25 fatalities, while 11 individuals remain unaccounted for. Authorities earlier reported that 18 injured workers were rescued in the first few days after the collapse.

Rescue teams, including firefighters, coast guard, and military personnel, continue to face hazardous conditions at the site, such as unstable ground, methane gas buildup, and narrow tunnels beneath tons of compacted waste.

In response to the disaster, the Cebu City Council declared a state of calamity, enabling the release of emergency funds to support search-and-rescue operations and address the resulting waste-disposal crisis.

Meanwhile, the Department of Environment and Natural Resources has issued an immediate cease-and-desist order against the landfill operator, citing possible lapses in monitoring and safety protocols.

Families of the missing workers continue to hold vigil at the site, hoping and praying for positive news. **Xinhua**

# Jordan pledges continued support for Lebanon's stability

BEIRUT January 15

Jordanian Prime Minister Jaafar Hassan on Thursday reaffirmed his country's support for Lebanon's security, sovereignty, and state institutions during talks with Lebanese President Joseph Aoun in Beirut.

The meeting followed the 8th session of the Lebanese-Jordanian Joint Higher Committee, co-chaired by Lebanese Prime Minister Nawaf Salam and Hassan on Wednesday. The session resulted in the signing of 21 agreements and memoranda of understanding covering industry, energy, transport, education, tourism, and investment, aimed at strengthening political and economic cooperation between the two countries.

Aoun expressed gratitude for Jordan's ongoing support to Lebanon, particularly assistance to the Lebanese Armed Forces. He said the agreements reflected the "deep bonds of brotherhood and cooperation" between the two countries.

Aoun also emphasized the importance of Arab unity in addressing regional challenges, calling for a unified stance on issues such as the Palestinian cause. Both sides affirmed the need to consolidate the ceasefire in Gaza and restore Palestinian rights, and ensure Syria's security and stability, which they noted is vital for the region and for advancing joint projects.

**Xinhua**

# Neither Russia, nor China ever announced aggressive plans to 'Capture' Greenland

MOSCOW January 15

Neither Russia, nor China have ever announced any aggressive plans to "capture" Greenland, Russian Foreign Ministry spokesperson Maria Zakharova said on Thursday.

"Neither Russia, nor China announced any such plans [claims to capture Greenland]. There is no factual information that could support such an accusation in any way... At the same time, both Russia and, by the way, China have recently said that they want to develop this region, I mean to develop relations with this region of the world," Zakharova told a briefing, answering a question about statements by US President Donald Trump about the intention to establish control over Greenland to protect it from Moscow and Beijing.

US President Donald Trump has repeatedly said that Greenland should become part of the US, citing its strategic importance for national security and the defense of the "free world," including from China and Russia. Denmark and Greenland's authorities warned the US against seizing the island, noting that they expect respect for their shared territorial integrity.

**Sputnik**

# Tatmadaw columns recapture Ondan village, Kin village and an enemy camp on Mogok-Thabeikkyin road


NAY PYI TAW January 15

A news report on fully controlling and reopening of the Mandalay-Madaya-Singu-Thabeikkyin road after recapturing Madaya, Singu and Thabeikkyin townships in Mandalay Region, which were temporarily controlled by terrorist insurgent groups by the name PDF, one after another by Tatmadaw columns was issued on 31 December 2025, and the other, the recapturing of the areas in and around Nyaung Bintha, Pozar Nwe and Kyauk Hle Bee villages along Thabeikkyin-Mogok road and a local battalion HQ and surroundings of Sein Gone village by Tatmadaw columns, was issued on 14 January 2026.

In continuation, after the Tatmadaw columns crushed the terrorist insurgents hiding in a place between Sein Gone village on Thabeikkyin-Mogok road and Mogok town they split into different files and conducted area security operations in harmony to reopen the routes connecting Mogok-Thabeikkyin-Mandalay road soonest. As a result, the file of soldiers conducting area clearance operations and advancing from Sein Gone village crushed and recaptured Ondan village from enemy, and the other, conducting area clearance operations and advancing from Mogok crushed and reoccupied Kin village, Kin bridge 10,000 meters northwest of Mogok that were briefly under the control of terrorist insurgents and an enemy camp near the village respectively today.

While temporarily dominating the abovementioned villages, the terrorist insurgents erected bunkers and fortified positions at the monasteries, schools, houses and the bridge near a village, and opened temporary gates to collect extortion money.

Tatmadaw columns continued necessary area control operations to wipe out enemy forces along the remaining section of the road. They will continue their area security and control operation with added momentum in cooperation with the local people to reopen the roads connecting Mogok-Thabeikkyin-Mandalay road at the earliest time. **100**



Tatmadaw columns recapture areas in and around Ondan village, Kin village on Mogok-Thabeikkyin road.



Tatmadaw columns recapture Kin Tawya monastery at Kin village, Mogok Township.



Tatmadaw columns captured a fortified enemy camp near Kin village.



Tatmadaw columns recapture Kin village on Mogok-Thabeikkyin road.

## Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းရှိ သင်တန်းသား၊ သင်တန်းသူများ၏ လေ့ကျင့်နေမှုကို ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် လိုက်လံကြည့်ရှုစစ်ဆေး



ရန်ကုန် ဇန်နဝါရီ ၁၅

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ဇော်ဦးနှင့် အတူ ယမန်နေ့ညနေပိုင်းက ကျိုက္ကဆံကွင်းအတွင်းရှိ အားကစားနှင့်ကာယပညာ သိပ္ပံ (ရန်ကုန်)မှ အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများ၏ အားကစားနည်းအလိုက် လေ့ကျင့်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)မှ ရေကူး၊ ကရာတေး၊ လှေလှော်၊ လက်ဝှေ့၊ ဂျူဒို၊ ဗိုဗီနမ်၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ အလေးမ၊ ပြေးခုန်ပစ်၊ ဘောလုံးနှင့် ဝူရှူး အားကစားအဖွဲ့များမှ အားကစားသမားများ၏လေ့ကျင့်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးသည် အုပ်ချုပ်သူ/နည်းပြများနှင့်အားကစားသမားများကိုတွေ့ဆုံ၍ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) ကျောင်းကို ၁၉၉၇ ခုနှစ် ဩဂုတ်လ ၁ ရက်က စတင်ဖွင့်လှစ်ခဲ့ပြီး ယခုအချိန်တွင် မြန်မာ့လက်ရွေးစင် အမျိုးသား အားကစားသမား ၁၁၈ ဦး ၊ အမျိုးသမီးအားကစားသမား ၈၇ ဦး စုစုပေါင်း ၂၀၅ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ကြောင်း၊ အုပ်ချုပ်သူ/နည်းပြများအနေဖြင့် အားကစားနည်းများအလိုက် ကြံ့ခိုင်မှု၊ စွမ်းဆောင်နိုင်မှု၊ နည်းစနစ်၊ နည်းဗျူဟာ၊ နည်းပရိယာယ်များကို တတ်ကျွမ်းနားလည်ပြီး အရည်အချင်းရှိသည့် အားကစားသမားကောင်းများမွေးထုတ်ပေးနိုင်စေရေးအတွက် စနစ်တကျ သင်ကြားလေ့ကျင့်မှုများနှင့် လေ့လာဆန်းစစ်မှုများ အမြဲမပြတ် ပြုလုပ်ပေးသွားစေလိုကြောင်း၊ အားကစားသမားများအနေဖြင့် ပညာရေးတွင် ထူးချွန်ထက်မြက်ပြီး အားကစားပိုင်းတွင်လည်း ထူးချွန်ထက်မြက်သည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကောင်းများဖြစ်အောင် အမြဲတမ်းကြိုးစားလေ့ကျင့်သွားကြရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# (၃၃)ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာမသန်စွမ်းအားကစားအဖွဲ့မှ အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများ ထိုင်းနိုင်ငံသို့ရောက်ရှိ

ရန်ကုန် ဇန်နဝါရီ ၁၅

၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်မှ ၂၆ ရက်အထိ ထိုင်းနိုင်ငံ ဘန်ကောက်မြို့နှင့် နတ်ခွန်းရတ်ချဆီးမားမြို့တို့တွင် ကျင်းပမည့် (၁၃)ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် မြန်မာမသန်စွမ်းအားကစားအဖွဲ့မှ အုပ်ချုပ်သူ/နည်းပြများနှင့်အားကစားသမားများသည် ယနေ့နံနက် ၆ နာရီတွင် ရန်ကုန်မြို့မှ ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့ လေကြောင်းခရီးဖြင့်ထွက်ခွာရာ အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌လိုက်လံပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ ပြိုင်ပွဲသို့ ဖိတ်ကြားခံပုဂ္ဂိုလ်အဖြစ်တက်ရောက်မည့်မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်ချုပ်လှမိုးနှင့် အတူ ဖိတ်ကြားခံနှစ်ဦး၊ မြန်မာအားကစားအဖွဲ့ခေါင်းဆောင် မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ(ပြည်ပရေးရာ) ဒေါက်တာတင်မောင်လှိုင်ဦးဆောင်သည့် အားကစားနည်းအလိုက် အုပ်ချုပ်သူ/နည်းပြများ၊ ဒိုင်လူကြီးများနှင့် မသန်စွမ်းအားကစားသမားများ စုစုပေါင်းအင်အား ၁၄၇ ဦးတို့ လိုက်ပါသွားသည်။

(၁၃)ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲကို ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်မှ ၂၆ ရက်အထိ ထိုင်းနိုင်ငံ ဘန်ကောက်မြို့နှင့် နတ်ခွန်းရတ်ချဆီးမားမြို့တို့၌ ကျင်းပသွားမည်ဖြစ်ပြီး မြန်မာမသန်စွမ်းအားကစားအဖွဲ့အနေဖြင့် ရေကူး၊ ပြေးခုန်ပစ်၊ ဘိုစီယာ၊ ဘိုးလင်း၊ စစ်တုရင်၊ ဘောလုံး၊ ဂိုလ်းဘော၊ သေနတ်ပစ်၊ စားပွဲတင်တင်းနစ်၊ ဘော်လီဘောနှင့် အလေးမစသည့် အားကစားနည်း ၁၁ နည်းတို့တွင် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

အဆိုပါအဖွဲ့သည် ထိုင်းနိုင်ငံ ဒွန်မောင်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဒေသ



စံတော်ချိန် နံနက် ၆ နာရီ ၄၅ မိနစ်တွင် ရောက်ရှိကြရာ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဇော်ဇော်စိုးနှင့် စစ်သံမှူး ဗိုလ်မှူးချုပ် ဝင်းသူလင်းတို့က လာရောက်ကြိုဆိုကြသည်။

ဆက်လက်ပြီး မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့များ တည်းခိုနေထိုင်ရေးအတွက်အဖွဲ့ချုပ်ဥက္ကဋ္ဌအပါအဝင်ဖိတ်ကြားခံပုဂ္ဂိုလ်များ၊ အုပ်ချုပ်မှုအဖွဲ့ဝင်များနှင့် (NPC Official)များကို Kantary Hotel နှင့် Sima Thami Hotel တွင်လည်းကောင်း၊ ပြေးခုန်ပစ်၊ ရေကူး၊ သေနတ်ပစ်နှင့် ထိုင်လျက်ဘော် လီဘော အားကစားအဖွဲ့တို့အား Games Village Korat တွင်လည်းကောင်း၊ စစ်တုရင် (မျက်မမြင်)အားကစားအဖွဲ့အား The Imperial Hotel Korat တွင်လည်းကောင်း၊ ဂိုးလ်ဘော (မျက်မမြင်)နှင့် ခုနစ်ယောက်တစ်ဖက်ဘောလုံး အားကစားအဖွဲ့တို့အား Fortune Hotel Korat တွင်လည်းကောင်း၊ စားပွဲတင်တင်းနစ်အားကစားအဖွဲ့အား Louis Residence Hotel Korat တွင်လည်းကောင်း၊ အလေးမအားကစားအဖွဲ့အား Centre Point Hotel Terminal 21 Korat တွင်လည်းကောင်း၊ ဘိုးလင်းအားကစားအဖွဲ့အား ဘန်ကောက်မြို့ရှိ Graph Hotel တွင်လည်းကောင်း အသီးသီး နေရာချထားစီစဉ်ပေးခဲ့ကြောင်းသိရသည်။

မြဝတီ


**အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေး နှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့်CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့်အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။


# ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့အစည်းအဝေး ကျင်းပ



နေပြည်တော် ဇန်နဝါရီ ၁၅

ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၌ ကျင်းပသည်။

ဦးစွာလုပ်ငန်းအဖွဲ့၏ ဥက္ကဋ္ဌ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၆ ရက်နှင့် ၇ ရက်တို့တွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ ပြုလုပ်သည့် APJG ၏ မျက်နှာချင်းဆိုင်အစည်းအဝေးသို့မြန်မာနိုင်ငံကိုယ်စားလှယ်အဖွဲ့ တက်ရောက်၍ မြန်မာနိုင်ငံ၏ (၁၆)ကြိမ်မြောက် တိုးတက်မှုအစီရင်ခံစာပါ အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအမံ (Action Plan) များအနက် ဆောင်ရွက်ပြီးစီးမှုအပေါ် APJG ၏ အကြံပြုချက်များအရသက်ဆိုင်ရာဌာန/အဖွဲ့အစည်းများက ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရမည့်အချက်များကို ဆွေးနွေးကြရန်နှင့် လာမည့်ဖေဖော်ဝါရီလတွင် ကျင်းပမည့် FATF Planery Meeting တွင် ဆွေးနွေးနိုင်ရေးအတွက်လည်း ကြိုတင်ပြင်ဆင်ထားရန်လိုအပ်ကြောင်း။

လာမည့်မြန်မာနိုင်ငံ၏ (၁၇)ကြိမ်မြောက် တိုးတက်မှုအစီရင်ခံစာရေးသားရာတွင် APJG ၏လိုလားချက်နှင့် ကိုက်ညီသည့် အချက်အလက်များ တိုးမြှင့်တင်ပြနိုင်ရေး ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားသည်။

ယင်းနောက် လုပ်ငန်းအဖွဲ့၏အတွင်းရေးမှူးဖြစ်သည့် တပ်ဖွဲ့မှူး၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့၊ ရဲမှူးချုပ် ဇော်လင်းထွန်းက မြန်မာနိုင်ငံ၏ (၁၆)ကြိမ်မြောက်တိုးတက်မှုအစီရင်ခံစာအပေါ်ဆွေးနွေးသည့်APJG၏မျက်နှာချင်းဆိုင်အစည်းအဝေးသို့ တက်ရောက်ခဲ့မှု အခြေအနေများနှင့် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် အစီအမံများနှင့် Technical Assistant ရယူရန်ကိစ္စရပ်များအပေါ် မေးမြန်းဖြေကြားချက်များအား ရှင်းလင်းဆွေးနွေးသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ သစ်တောဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် (ဥပဒေရေးရာနှင့်မှုခင်းဌာနကြီး)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် (နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး)၊ မှုခင်းရဲတပ်ဖွဲ့၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့နှင့် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့တို့မှတာဝန်ရှိသူများ တက်ရောက်ကြသည်။

မြဝတီ

# (၅၄)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံတက်ရောက်နိုင်

နေပြည်တော် ဇန်နဝါရီ ၁၅

(၅၄)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံကို ဆေးသုတေသနဆောင်ရွက်မှုများမှသည် ပိုမို ကောင်းမွန်သောကျန်းမာရေးဆီသို့- Better Health through Medical Research ဟူသောဆောင်ပုဒ်နှင့်ကျင်းပမည်ဖြစ်သည်။

ညီလာခံတွင် သုတေသနစာတမ်း ၇၁ စောင်နှင့်သုတေသနပိုစတာ ၄၅ စောင်တို့ကို တင်သွင်းဖတ်ကြားပြသသွားရန် စီစဉ်ထားရှိကြောင်း သိရှိရသည်။

ညီလာခံသို့ပြည်တွင်း၊ပြည်ပမှသုတေသီများ တက်ရောက်ကြမည်ဖြစ်ပြီး ပညာရပ်ဆိုင်ရာဟောပြောပွဲ (Sympostum) လေးခုနှင့် (Scientific Talk) နှစ်ခုတို့ကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

ညီလာခံကို ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၂၆ ရက်မှ ၃၀ ရက်အထိ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်အမှတ်-၅ ဗိုလ်ကလေးဝီ (?) ရှိ ဆေးသုတေသနဦးစီးဌာန(ရုံးချုပ်)၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မြဝတီ**

# ကယားပြည်နယ်၌ စိုက်ပျိုးရေးနှင့်မွေးမြူရေးအခြေခံကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးလာရေး ကြိုးပမ်းအကောင်အထည်ဖော်

နေပြည်တော် ဇန်နဝါရီ ၁၅

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယနေ့နေ့လယ်ပိုင်းတွင် ပြည်နယ်၊ ခရိုင်နှင့်မြို့နယ်အဆင့် လယ်ယာကဏ္ဍဆိုင်ရာတာဝန်ရှိသူများကို ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ်ဦးစီးဌာနအလိုက်ပြည်နယ်ဦးစီးမှူးများက သက်ဆိုင်ရာကဏ္ဍများအလိုက် ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို တင်ပြကြပြီး ဝန်ထမ်းတစ်ဦးချင်းက လိုအပ်ချက်များတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြေရှင်းဆောင်ရွက်ပေးပြီး ပြည်နယ်၏ စားရေရိက္ခာဖူလုံရေးအတွက် မိမိတို့ဌာနအလိုက် ပြည်နယ်အစိုးရ၏ဦးဆောင်မှုဖြင့်အောင်မြင်အောင်ဆောင်ရွက်ရေး၊ ဦးစီးဌာနများ အချင်းချင်းစည်းလုံးညီညွတ်စွာပူးပေါင်းဆောင်ရွက်ရေး၊ လွိုင်ကော်မြို့အပါအဝင် အခြေအနေပေးသည့်ဒေသများတွင်စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများ အရှိန်အဟုန်မပြတ်ဆောင်ရွက်နိုင်ရေး၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးအခြေခံ ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးလာရေးအတွက် ဒေသအလိုက်၊ ရာသီကာလအလိုက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဖွံ့ဖြိုးအောင် စီမံဆောင်ရွက်ရန် ဝန်ထမ်းများ လိုက်နာကျင့်ကြံဆောင်ရွက်ရမည့်အချက်များကို အသေးစိတ်ဆွေးနွေးမှာကြားပြီး ဝန်ထမ်းများအတွက်စားသောက်ဖွယ်ရာများ ချီးမြှင့်ပေးအပ်သည်။




ဆက်လက်၍ပြည်ထောင်စုဝန်ကြီးသည် ပြည်နယ်အစိုးရ၏စီမံမှုဖြင့် ဆောင်ရွက်လျက်ရှိသော လွိုင်ကော်မြို့ ရေနီကန်ကျေးရွာရှိ စံပြဝက်မွေးမြူရေးခြံသို့ရောက်ရှိပြီး တာဝန်ရှိသူက အသားတိုးဝက်များ မွေးမြူထားရှိမှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် မျိုးဝက်မွေးမြူရေးဆောင်ရွက်ထားရှိမှု၊ ဒေသခံဝက်မွေးမြူသူများအား ဝက်မွေးမြူရေး နည်းပညာပေးလုပ်ငန်းဆောင်ရွက်ပေးနေမှုတို့ကို ရှင်းလင်းတင်ပြပြီး မွေးမြူရေးခြံများအား ကြည့်ရှုစစ်ဆေးသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ယခုခြံတွင် စံပြအဖြစ်မွေးမြူထားရှိမှုအား မြို့ပေါ်လုပ်ငန်းဆောင်ရွက်သူများ၊ မြို့နယ်များတွင်မွေးမြူဆောင်ရွက်သူများကိုလေ့လာစေပြီး ၎င်းတို့မှ စိတ်ပါဝင်စားမှုရှိလာစေရေးကြိုးပမ်းဆောင်ရွက်ရန်၊ ၎င်းမှတစ်ဆင့် တစ်နိုင်တစ်ပိုင်မွေးမြူရေးနှင့်စီးပွားဖြစ်မွေးမြူရေးလုပ်ကိုင်သူများ တိုးပွားလာပြီး ဒေသ၏မွေးမြူထုတ်လုပ်ရေး ဖွံ့ဖြိုးလာစေရန် မျိုးဝက်များအပြင် နည်းပညာပြန့်ပွားရေးနှင့် အခြားလိုအပ်ချက်များစီမံပေးနိုင်ရေးအတွက် ဌာနနှင့်တောင်သူ နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပေးကြရန်၊ နောင်ကာလများတွင် ပြည်နယ်အဆင့်သာမက ခရိုင်နှင့် မြို့နယ်အဆင့်တွင်လည်း မျိုးဝက်များပွားများဖြန့်ဖြူးပေးနိုင်ရေး တိုးချဲ့ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ စံပြဝက်မွေးမြူရေးခြံတွင် အသားတိုးဝက် ၈၅ ကောင် မွေးမြူထားရှိပြီး သက်တမ်းအလိုက် အသားကဏ္ဍအတွက်ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိကြောင်း၊ မျိုးဝက်မွေးမြူရေးအနေဖြင့် မျိုးဝက်မကောင်ရေ ၂၀ နှင့် မျိုးဝက်သားပေါက်သားခွဲ ၁၀ ကောင်၊ မျိုးဝက်သိုး ၂ ကောင် မွေးမြူထားရှိကြောင်း သိရသည်။ **မြဝတီ**

# နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများအား လှည့်လည်ကြည့်ရှုစစ်ဆေး



နေပြည်တော် ဇန်နဝါရီ ၁၅

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်သည် ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိခရိုင် တပ်ကုန်းမြို့နယ် သော်တာကျေးရွာ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း(MRTV) သို့သွားရောက်၍ ကျောင်းသား၊ကျောင်းသူများပညာသင်ယူနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ အားပေးစကားပြောကြားသည်။


ကြည့်ရှုစစ်ဆေးစဉ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီးသည့်အခါကျောင်းသားများ၏ အရည်အချင်းအပေါ်မူတည်၍ ပညာသင်ယူခွင့် အခွင့်အလမ်းများကွဲပြားသွားမည်ဖြစ်ကြောင်း၊ ထူးချွန်သည့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် နည်းပညာတက္ကသိုလ်နှင့် အစိုးရနည်းပညာကောလိပ်၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်များကို ဆက်လက်ဆည်းပူးရမည်ဖြစ်ပြီး ရိုးရိုးအောင်မြင်ကြသူများသည် အစိုးရစက်မှုလက်မှုသိပ္ပံ (အင်ဂျင်နီယာနည်းပညာဒီပလိုမာ)၊ စိုက်ပျိုးရေးသိပ္ပံ(စိုက်ပျိုးရေးဒီပလိုမာ)၊ အစိုးရစက်မှုလက်မှုသိပ္ပံ(စက်မှုလယ်ယာနည်းပညာဒီပလိုမာ)၊ စိုက်ပျိုးရေးသိပ္ပံ(မွေးမြူရေးဒီပလိုမာ)၊ ငါးလုပ်ငန်းသိပ္ပံ(ငါးလုပ်ငန်းသိပ္ပံဒီပလိုမာ)ကျောင်းတို့သို့လည်းကောင်း၊ မအောင်မြင်သည့်ကျောင်းသား၊ကျောင်းသူများအနေဖြင့် အသိအမှတ်ပြုလက်မှတ်ရရှိမည်ဖြစ်ပြီး လုပ်ငန်းခွင်များသို့လည်းကောင်း ဝင်ရောက်နိုင်ကြမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် စာသင်ခန်းများ၊ လက်တွေ့စိုက်ခင်းများ၊ ကွန်ပျူတာခန်း၊ စက်မှု၊ စိုက်ပျိုးရေးလုပ်ငန်းသုံးပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် အမှတ်(၂၀) အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းသို့ရောက်ရှိပြီး ကျောင်းသား၊ ကျောင်းသူများ လက်တွေ့သင်ယူနေမှုများကို ကြည့်ရှုအားပေးပြီး စာသင်ခန်းများနှင့် ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြဝတီ**

## မိုးလေဝသ သတင်း




| မှတ်သားဖွယ်ရာမိုးရေချိန် | |
|---|---|
| ရမည်းသင်း | (၀.၀၄)လက်မ |

| ထူးခြားသည့်ညအပူချိန်များ | |
|---|---|
| ဟားခါး | ၄°C |
| တီးတိန် | ၆.၃°C |
| နမ့်စန်(ရှမ်းပြည်တောင်ပိုင်း) | ၆.၅°C |
| ပူတာအို | ၇.၃°C |
| မိုးညှင်း | ၈°C |
| လွိုင်လင် | ၈.၁°C |
| ခန္တီး | ၉°C |
| မင်းကင်း | ၁၀°C |
| မြစ်ကြီးနား | ၁၀°C |
| မာန်အောင် | ၁၀°C |
| သီပေါ | ၁၀°C |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၉ | ၂၆ |
| ရှမ်း(မြောက်) | ၁၁ | ၂၆ |
| ရှမ်း(အရှေ့) | ၁၃ | ၂၆ |
| ရှမ်း(တောင်) | ၁၀ | ၂၄ |
| ချင်း | ၆ | ၂၀ |
| စစ်ကိုင်း(အထက်) | ၁၃ | ၂၇ |
| စစ်ကိုင်း(အောက်) | ၁၆ | ၃၀ |
| နေပြည်တော် | ၁၉ | ၃၁ |
| မန္တလေး | ၁၆ | ၃၀ |
| မကွေး | ၁၆ | ၃၁ |
| ရခိုင် | ၁၄ | ၂၈ |
| ပဲခူး | ၁၆ | ၃၂ |
| ရန်ကုန် | ၂၀ | ၃၂ |
| ဧရာဝတီ | ၁၉ | ၃၂ |
| ကယား | ၁၃ | ၂၆ |
| ကရင် | ၁၆ | ၃၃ |
| မွန် | ၁၈ | ၃၂ |
| တနင်္သာရီ | ၂၀ | ၃၃ |

# ၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲအတွက် နမူနာမေးခွန်းပုံစံ

**၂၀၂၆ ခုနှစ်**
**စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲ**
**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**


**မြို့ပြပုံဆွဲဘာသာရပ် (BT 301)** **ခွင့်ပြုချိန် (၄:၀၀)နာရီ**

**မေးခွန်းအားလုံးဖြေဆိုပါ။**

၁။ R.C.C Slab Culvert ၏ (က) Half Bottom Plan **(၃၀ မှတ်)**
(ခ) Half Top Plan **(၂၀ မှတ်)**
(ဂ) ကန့်လန့်ဖြတ်ပိုင်းပုံ **(၃၀ မှတ်)**
(ဃ) အလျားလိုက်ဖြတ်ပိုင်းပုံ တို့ကို **(၂၀ မှတ်)**
စကေး ¼" = 1' ဖြင့်ဆွဲပါ။

R.C.C Slab Culvert ၏ ယေဘုယျသတ်မှတ်ချက်များနှင့် ပုံကြမ်းများကို အောက်တွင် ဖော်ပြထားသည်။

Clear Span – 9'–0"
Effective Span – 10'–6"
Reduced Levels – RCC slab & တာရိုး၏ထိပ် = 198.58 ပေ
NGL = 192.58 ပေ၊ ရေနုတ်မြောင်းအောက်ခြေ = 191.83 ပေ
တာတမံ (Embarkment) – ထိပ်အကျယ် = လမ်း ၁၂ ပေ + လမ်းတစ်ဖက် တစ်ချက်ရှိ လမ်းပခုံး ၃ ပေ။ ဘေးဘက်ဖို့မြေလျှောစောက် = 1½ H : 1 V
RCC Slab – 9" အထူ 1:2:4 သံကူကွန်ကရစ်ကြမ်းခင်း။
Beams – 15" x 6" 45 ပေါင် သံမဏိဆင့် (RSJ) ကို တစ်ခုနှင့်တစ်ခုကြား 5'–10" စီ C/C ခြား၍ ထောက်မထားသည်။
တံတားအစွန်း ပလက်ဖောင်း – RCC ကြမ်းခင်းပေါ်တွင် 1:2:4 ကွန်ကရစ်ဖြင့် 13½" x 9" အထူရှိသော ပလက်ဖောင်း။
Abutment, Wing Wall & Return Wall – မြေကာနံရံအားလုံးကို 1:3 အချိုးသရွတ်ဖြင့်အုတ်စီထားပါသည်။ Wing Wall များကို Abutment နံရံနှင့် Construction joint ခံ၍ တည်ဆောက်ထားပါသည်။နံရံအားလုံးအတွက် အုတ်မြစ်အနက်သည် 4'–0"။ Return Wall ၏အမြင့်မှာ အုတ်မြစ်အထက် 4'–0" ဖြစ်ပြီး ၎င်း၏ အတိုဆုံး အလျားမှာ 1'–6" ဖြစ်သည်။
End piers – 18" x 18" အုတ်တိုင်အမျိုးအစား RCC slab အထက် 5'–3" အမြင့်။
လက်ရန်းသံတန်း – အချင်း ၂ လက်မ ပိုက်အား ရေပြင်ညီ ၄ တန်းထားရှိရမည်။ အပေါ်ဆုံး သံတန်း၏ အလယ်ဗဟိုသည် RCC slab အထက် 3'–9" ဖြစ်သည်။
လမ်း – သံကူကွန်ကရစ် Slab နှင့် Water Bound Macadam အောက်ခံလွှာပေါ်တွင် 3" အထူရှိသော ကတ္တရာမျက်နှာပြင်အား ရေမတင်စေရန် အနည်းငယ်ခုံး၍ ခင်းထားသည်။




*****************************************************

**၂၀၂၆ ခုနှစ်**
**စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲ**
**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**

**လက်သမားအတတ်ပညာနှင့် သစ်သားလုပ်ငန်း (BT 302)** **ခွင့်ပြုချိန် (၃)နာရီ**

**အပိုင်း (က)**

**မေးခွန်းအားလုံးဖြေဆိုပါ။**

၁။ (က) အောက်ပါတို့ကိုမှန်လျှင်(မှန်) မှားလျှင်(မှား)ဖြေဆိုပါ။ **(၁၀ မှတ်)**
(၁) သစ်၏အူတိုင်တစ်ဝိုက်ရှိသော အတွင်းသားကို အနှစ်သားဟုခေါ်သည်။
(၂) ဖန်တီးသောနည်းဖြင့် အသားသေစေခြင်း နည်းလမ်းမှာ အချိန်ပိုကြာသောကြောင့် အသုံးပြုခြင်း နည်းပါးသည်။
(၃) ခေါက်ပေတံသည် တိုင်းတာခြင်းတွင်သုံးသော အတိုင်းအတာကိရိယာဖြစ်ပါသည်။
(၄) ပိုး၍ဆက်ခြင်း (Fish joint) သည် ရှည်အောင်ဆက်နည်း (Lengthing Joint) အမျိုးအစားဖြစ်သည်။
(၅) အခန်းအတွင်း လေဝင်လေထွက် ကောင်းစေရန်အတွက် တံခါးများကို ဆန့်ကျင်ဘက်နံရံများတွင် ထားရှိသင့်သည်။
(၆) စံသတ်မှတ်ထားသော ပြတင်းပေါက်၏ အမြင့်သည် ယေဘုယျအားဖြင့်ကြမ်းပြင်အဆင့်မှ ၉၀၀ မီလီမီတာ သို့မဟုတ် ၃ ပေဖြစ်သည်။
(၇) လျှောတံခါးများကို ကားဂိုဒေါင်များ သို့မဟုတ် ဈေးဆိုင်များအတွက် အထူးသင့်လျော်ပြီး ကြီးမားသောအဖွင့်များ ပြုလုပ်နိုင်သည်။
(၈) တြိဂံပုံစံသစ်သားတုံးများကို ဖားတုံး(purlin cleats) ဟုခေါ်ပါသည်။
(၉) Couple close roof (အခြေထိန်းထုပ်တန်းနှင့် နှစ်ဖက်စောင်းအမိုး) အမိုးများကို ၄ မီတာရှိသော ခန်းပွင့်များအတွက် အသုံးပြုနိုင်သည်။
(၁၀) လှေကားခြေနင်းနှစ်ခုအကြား အထက်အောက် တည့်မတ်စွာရှိသော အစိတ်အပိုင်းကို လှေကားခြေနင်း(Tread)ဟု ခေါ်သည်။

(ခ) အောက်ပါတို့၏အမှန်ကန်ဆုံးအဖြေကိုရွေးချယ်ပါ။ **(၁၀ မှတ်)**
(၁) ...........တိုက်ခွဲနည်းသည် လွယ်ကူမြန်ဆန်ပြီး အလေအလွင့် အနည်းဆုံး ဖြစ်ပါသည်။
(က) အချပ်လွှာ (ခ) ဖရုံစိတ် (ဂ)လေးပိုင်းပိုင်း၍
(၂) ပင်စည်၏ အလယ်ဗဟိုတွင်ရှိသော ပျော့ပျောင်းသောအပိုင်းကို.................. ဟု ခေါ်သည်။
(က)အူတိုင် (ခ)အနှစ်သား (ဂ) အခေါက်
(၃) လက်သုံးကိရိယာများကိုအမျိုးအစား ......................မျိုးခွဲခြားနိုင်ပါသည်။
(က) ၃ (ခ) ၄ (ဂ) ၅
(၄) .................. နည်းကို သစ်သားကြမ်းခင်း ပျဉ်ပြားဆက်ရာနှင့် တံခါးများတွင် ပျဉ်များချထားရန်အတွက် အသုံးပြုသည်။
(က) ဘေးတိုက်ဆက်နည်း (ခ) ရှည်အောင်ဆက်နည်း (ဂ) အစောင်းဆက်နည်း
(၅) ထုပ်တန်းများကြားတွင်ရှိသော ဧရိယာကို...................ဟုခေါ်သည်။
(က) sill (ခ) panel (ဂ) Sash Door
(၆) တံခါးရွက်ကိုအပေါ်ဘက်တွင် ပတ္တာတပ်ဆင်ထားပြီး အပြင်ဘက်သို့ ရွှေ့နိုင်ခြင်းကို................... ဟုခေါ်သည်။
(က) အပေါ်ပတ္တာ (ခ) အောက်ခြေပတ္တာ (ဂ) ဆုံလည်
(၇) ပုံတွင် ပြထားသော လက်သုံးကိရိယာ၏နာမည်မှာ......................ဖြစ်ပါသည်။
(က) ဆောက်ခုံး (ခ) စရွေးဆောက် (ဂ) အုတ်ထွင်းဆောက်



**ပုံ (၁)**

(၈) မြင်းမိုရ်၌ အစွန်းထွက်နေသော မြားတန်းများ၏ ထိပ်ကို ဖုံးအုပ်ထားသော ပျဉ်ပြားကို ............................ ဟုခေါ်သည်။
(က)ဘဲတောင် (ခ) တံစက်မြိတ် (ဂ)မြင်းမိုရ်
(၉) လှေကားများသည် ၎င်းတို့၏အလျားတစ်လျှောက် ဦးတည်ရာတစ်ဖက်တည်းသို့သာ ဆက်သွားနေသော လှေကားကို.........................လှေကားဟုခေါ်သည်။
(က) Straight Flight (ခ) Quarter Turn (ဂ) Half Turn
(၁၀) လှေကားလက်ရန်း တောင့်တင်းစေရန် ထောက်ထားသော ဒေါင်လိုက်အစိတ်အပိုင်းများကို ............................ ဟုခေါ်သည်။
(က) Newels (ခ) Baluster (ဂ) Hand Rail

(ဂ) အောက်ပါတို့၏အဖြေမှန်များကို အဖြေလွှာစာအုပ်တွင် ရေးသားဖြေဆိုပါ။ **(၁၀ မှတ်)**
(၁) သစ်သားကိုခွဲစိတ်ခြင်းနည်းလမ်းမှာ.....................ရှိပါသည်။
(၂) သစ်သားများကို.....................(ကြေးနီအခြေခံ)ကို အသုံးပြု၍ ထိန်းသိမ်းနိုင်ပါသည်။
(၃) ...................ကိရိယာများကို ပြင်ပအတိုင်းအတာများအတွက် အသုံးပြုပြီး မှတ်သားမှုတိကျစေရန် ပတ္တာကွေးစတီးလ် ခြေထောက်တစ်စုံပါဝင်ပါသည်။
(၄) .....................သည် သစ်သားများကို အလျားလိုက် ချိတ်ဆက်ပေးသည်။
(၅) စံသတ်မှတ်ထားသော တံခါးဆိုက်မှာ.....................ဖြစ်သည်။
(၆) ကျည်းဘောင်၏အောက်ခြေတွင် အလျားလိုက် ဖွဲ့စည်းထားသောအဖွဲ့ဝင်ကို ......................ဟုခေါ်သည်။

**စာမျက်နှာ ၂၅ သို့** ■

■ စာမျက်နှာ ၂၄ မှအဆက်

(၇) ပြတင်းပေါက်ရွေ့လျားမှုများ၏ အထွေထွေအမျိုးအစားများ (types of window movements) ........................... ရှိပါသည်။

(၈) ပေးထားသောလက်သုံးကိရိယာပုံ၏အမည်မှာ...................ဖြစ်ပါသည်။



ပုံ (၂)

(၉) အပေါ်ထပ်သို့တက်သွားစဉ် သုံးကြိမ်တိုင် လက်ယာရစ် (သို့) လက်ဝဲရစ် လှည့်တက်ရသော လှေကားမျိုးဖြစ်သောကြောင့်..............ဟုခေါ်သည်။

(၁၀) ခေါင်မိုး၏ အောက်ဆုံးအနားကို .....................ဟု ခေါ်သည်။

အပိုင်း (ခ)

မေးခွန်းအားလုံးဖြေဆိုပါ။

၂။ အောက်ပါတို့ကိုဆွေးနွေးတင်ပြပါ။ (၃၀ မှတ်)

(က) အနှစ်သားနှင့်အကာသားအကြောင်းကိုဖော်ပြပါ။

(ခ) အချင်းတိုင်းကိရိယာ၏ အသုံးပြုပုံကို ဖော်ပြပါ။


(ဂ) ရှည်အောင်ဆက်နည်း အမျိုးအစားအမျိုးမျိုးကို ဖော်ပြပါ။

(ဃ) တံခါးပေါက်လှုပ်ရှားမှုများ၏ ယေဘုယျအမျိုးအစားများကို ဖော်ပြပါ။

(င) ခေါင်မိုးအမျိုးအစားများကို ဖော်ပြပါ။

(သို့မဟုတ်)

Calculate the splice length for beam in the following figure?




ပုံ (၃)

(စ) လှေကားအမျိုးအစားများကို ဖော်ပြပါ။

(သို့မဟုတ်)

သစ်လုံးပတ်ဖဲ၀လက်မနှင့် အရှည် ၃၂ပေရှိသော သစ်လုံးကို ကုဗပေနှင့်တန်ဖွဲ့ပြပါ။

## ၂၀၂၆ ခုနှစ်

## စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲ

## မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

မြေတိုင်းဘာသာရပ် (BT 303) ခွင့်ပြုချိန် (၃)နာရီ

အပိုင်း (က)

မေးခွန်းအားလုံးဖြေဆိုပါ။

၁။ (က) အောက်ပါတို့မှ အမှန်ကန်ဆုံးအဖြေကိုရွေးချယ်ပါ။ (၁၀ မှတ်)

(၁) Levelling တွင် staff reading များဖတ်သောအခါ line of collimation သည် ............ ဖြစ်သင့်သည်။
(က) အလျားလိုက် (ခ) ဒေါင်လိုက် (ဂ) (က) နှင့် (ခ)

(၂) Line of sight သည် အလျားလိုက်ဖြစ်သော်လည်း level line သည်မျဉ်းကွေးဖြစ်ပြီး မြေကြီး၏ ခုံးနေသော ပျမ်းမျှမျက်နှာပြင်နှင့်................ ဖြစ်သည်။
(က) အပြိုင် (ခ) ထောင့်မှန် (ဂ) ထက်ဝက်ပိုင်း

(၃) ..............သည် ကမ္ဘာ့မြေမျက်နှာပြင်နှင့် အပြိုင်ဖြစ်သည်။
(က) Horizon (ခ) Meridian (ဂ) Horizon

(၄) Theodolite သည် .................ထောင့်များကို တိုင်းတာသည့် instrument တစ်ခု ဖြစ်သည်။
(က) အလျားလိုက် (ခ) ဒေါင်လိုက် (ဂ) အလျားလိုက်နှင့်ဒေါင်လိုက်

(၅) End area formula ကို..............formulaဟုလည်းခေါ်ဆိုသည်။ ဖြင့် တွက်ယူနိုင်သည်။
(က) trapezoidal (ခ) prismoidal (ဂ) principle of reversal

(၆) ကြမ်းတမ်းသော မြေမျက်နှာသွင်ပြင်အတွက် five-level (သို့မဟုတ်)............ section ကိုအသုံးပြုသည်။
(က) multi-level (ခ) transition (ဂ) side-hill

(၇) Closed traverseတစ်ခုတွင်north latitudesနှင့်south latitudes ပေါင်းခြင်းသည် ..............နှင့်ညီသည်။
(က) 60 (ခ) 0 (ဂ) 180

(၈) SE quadrant တွင် latitude ၏ လက္ခဏာသတ်မှတ်ချက်မှာ....................... ဖြစ်သည်။
(က) အပေါင်း (ခ) အနုတ် (ဂ) သုည

(၉) Horizontal curve များကို အမျိုးအစား ............... ခွဲခြားနိုင်သည်။
(က) ၄ (ခ) ၅ (ဂ) ၆

(၁၀) .............. curve များသည် မတူညီသောအချင်းများရှိသည့် နှစ်ခု (သို့မဟုတ်) ပေါင်းစပ်မှု ဖြစ်သည်။
(က) compound (ခ) reverse (ဂ) spiral

အပိုင်း (ဂ)


အောက်ပါတို့မှနှစ်သက်ရာ(နှစ်ပုဒ်)ကိုဖြေဆိုပါ။

၃။ (က) သပ်ရပ်သော ပုံကြမ်းဖြင့် (exogenous) သစ်ပင်များ၏ ခန္ဓာဗေဒပုံစံကို ရေးဆွဲပါ။ (၂၀ မှတ်)

(ခ) အမိုးတွင်အသုံးပြုသည့် ဝေါဟာရအမျိုးအစားအမျိုးမျိုးကို ချရေးပြီး ကြိုက်နှစ်သက်ရာ အမျိုးအစား (၅)မျိုးကို ရှင်းပြပါ။

၄။ (က) လွ အမျိုးအစားများ၏ အမည်များကို ချရေးပါ။ (၂၀ မှတ်)

(ခ) Tabulate the total weight of bar for column (Bar Bending Schedule) in the following figure? (with tie bars)
(Unit weight of 16 mm(5/8") bar = 1.044 lb/ft)
(Unit weight of 8 mm(5/16") bar = 0.265 lb/ft)




ပုံ (၄)

၅။ အောက်ပါဝေါဟာရများကို အဓိပ္ပာယ်သတ်မှတ်ပါ။ (၂၀ မှတ်)

(က) Panel (ခ) တံခါးအောက်ခံ (ဂ) တံခါးရွက် (ဃ) တံခါးတိုင်
(င) အပေါ်ဆုံးထုပ် (စ) သော့ခတ်ထုပ် (ဆ) အောက်ခြေထုပ် (ဇ) ကြက်ရင်တန်း
(ဈ) Sash door (ည) ကျည်းတောင် သို့ ကျည်းခွေ

(သို့မဟုတ်)

(က) Draw the splice length for beam (Top Bar and Bottom Bar) with neat sketch?

(ခ) Draw a neat sketch for dovetail halving joint?

**(ခ) အောက်ပါတို့၏ အမည်များကို အဖြေလွှာစာအုပ်တွင်ရေးသားဖြေဆိုပါ။** (၁၀မှတ်)




အပိုင်း (ခ)

မေးခွန်းအားလုံးဖြေဆိုပါ။

၂။ A Dumpy level was set up at C exactly midway between two pegs A and B 100 metres apart. The readings on the staff when held on the pegs A and B were 2.250 and 2.025 respectively. The instrument was then moved and set up at a point D on the line BA produced, and 20 metres from A. The respective staff reading on A and B were 1.875 and 1.670, Calculate the staff readings on A and B to give a horizontal line of sight? (၁၀မှတ်)

၃။ A road at the formation level is 6 m wide and has a side slope of 2:1. The road is to have a constant R.L. of 200 m. The ground is level across the centre line of the road. The following observations were made: (၁၀မှတ်)

| Chainage (m) | 0 | 20 | 40 | 60 | 80 | 100 |
|---|---|---|---|---|---|---|
| Surface levels | | | | | | |
| Along c/l of raod | 204.6 | 203.0 | 200.8 | 201.6 | 202.0 | 00.2 |

Estimate the volume of earthwork?

၄။ Coordinates of two points A and B are given below. A third point C has been chosen in such a way that bearings of AC and CB are 29°30' and 45°45', respectively. Calculate the lengths of the lines AC and CB? (၁၀မှတ်)

| Point | North | Easting |
|---|---|---|
| A | 150 | 200 |
| B | 1500 | 1300 |

စာမျက်နှာ ၂၆ သို့ ■

■ စာမျက်နှာ ၂၅ မှအဆက်

၅။ A circular curve has a 200 m radius and 65° deflection angle. What is its degree (a) by arc definition and (b) by chord definition. Also calculate: (i) length of curve, (ii) tangent length, (iii) length of long chord, (iv) apex distance, and (v) mid-ordinate. (၁၀မှတ်)

**အပိုင်း (ဂ)**

**အောက်ပါတို့မှနှစ်သက်ရာ(နှစ်ပုဒ်)ကိုဖြေဆိုပါ။**

၆။ (က) Collimation line သည် အထက်သို့ (upward) တိမ်းညွတ်မှုကြောင့် ဖြစ်ပေါ် သော error သည် လုံးလုံးလျားလျား ဖယ်ရှားနိုင်ပြီး apparent difference သည် true difference နှင့်ညီမျှကြောင်းသက်သေပြပါ။ (၂၀မှတ်)

(ခ) မည်သည့်အခြေအနေတွင် staff ကိုအတည့်တိုင်း၍ မည့်သည့်အခြေအနေတွင်staff ကို ပြောင်းပြန်(inverted)တိုင်းပါသနည်း။ Inverted staff အသုံးပြုသောနေရာ (၃)မျိုးကို ဖြေဆိုပါ။

During the construction work, the following notes are recorded. Reading on Peg A and B on ground were 1.988 and 1.556. Reading on inverted staff at points C and D on ground were 3.682 and 4.832. The instrument was then shifted and read on point D again. Reading on point D was 3.175. Reading on pegs E, F and G were 4.112, 3.785 and 3.298 respectively. Assume the first reading was taken on a BM of RL100.000m and find the RLs of remaining reading?

၇။ (က) Traversingဟူသည်အဘယ်နည်း။Traverseတိုင်းတာရာတွင်မည်သည့်ကိရိယာများကို မည်သည့်ရည်ရွယ်ချက်ဖြင့် အသုံးပြုသနည်း။ Traverseအမျိုးအစားများကို ဖော်ပြပြီး ၎င်းတို့အား ဥပမာနှင့်တကွ ဖြေဆိုပါ။ (၂၀မှတ်)

(ခ) For the following traverse, compute the length of line CD so that A, D and E may be in one straight line.

| Line | Length (m) | Bearing |
| --- | --- | --- |
| AB | 110 | 83°12 |
| BC | 165 | 30°42 |
| CD | ? | 346°06' |
| DE | 212 | 16°18' |

၈။ (က) Theodolite instrument ကို object မှ 25’ 7’’ အကွာအဝေးတွင် set up ပြုလုပ်ထားပါသည်။ Zenith angles တန်ဖိုးများမှာ 41°10’55’’ နှင့် 99°25’55’’တို့ဖြစ်ပါသည်။ ထို object ၏အမြင့် (vertical height) ကိုရှာပါ။ အထက်ပါလုပ်ငန်းစဉ်အား Theodolite instrument ကို အသုံးပြု၍ တိုင်းတာမည်ဆိုပါက မည်သည့်ကိရိယာများကို ယူဆောင်သွားရန် လိုအပ်ပါသနည်း။ (၂၀မှတ်)

(ခ) A road embankment is 8 m wide and 200 m in length, at the formationlevel, with a side slope of 1.5:1. It has a falling gradient of 1 in 100 m.

| Distance (m) | 0 | 100 | 200 | 300 | 400 |
| --- | --- | --- | --- | --- | --- |
| R.L. (m) | 164.5 | 165.2 | 166.8 | 167 | 167.2 |

The formation level of zero chainage is 166 m. Calculate the volume of earthwork?

******************************************************

# ဆွေးနွေးပွဲများအပြီးတွင် ဂရင်းလန်းကျွန်းကိုရယူလိုသည့် အစီအစဉ်အပေါ် ထရမ့်ဆက်လက်စွဲကိုင်ထား



ဝါရှင်တန်၊ နိုင်ငံရေး

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ဂရင်းလန်းကျွန်းကို ဝယ်ယူရန် သို့မဟုတ် ပိုင်နက်အဖြစ်ရယူလိုသည့် ၎င်း၏ရည်မှန်းချက်ကိုစွန့်လွှတ်ခြင်းမရှိဘဲ ဆက်လက်စွဲကိုင်ထားကြောင်း ဇန်နဝါရီလ ၁၄ ရက်တွင်အိမ်ဖြူတော်၌ပြုလုပ်သည့် အဆင့်မြင့်တာဝန်ရှိသူများ၏ ဆွေးနွေးပွဲအပြီးတွင် ပြောသည်။

ဒိန်းမတ်နိုင်ငံနှင့် ဂရင်းလန်းကျွန်းတို့မှ နိုင်ငံခြားရေးဝန်ကြီးများနှင့် အမေရိကန်တာဝန်ရှိသူများတွေ့ဆုံရာတွင် သဘောထားကွဲလွဲမှုများရှိခဲ့သော်လည်း သမ္မတထရမ့်ကမူ “တစ်ခုခုတော့ ဖြစ်လာမှာပါ”ဟု အခိုင်အမာဆိုသည်။

ဂရင်းလန်းကျွန်းသည် အမေရိကန်၏ အမျိုးသားလုံခြုံရေးအတွက် အရေးပါပြီး ရုရှား သို့မဟုတ် တရုတ်တို့၏ ခြိမ်းခြောက်မှုကို ဒိန်းမတ်က မကာကွယ်နိုင်ကြောင်း ထရမ့်ကထောက်ပြသည်။ ထို့ပြင် NATO တပ်ဖွဲ့အနေဖြင့်လည်း အမေရိကန်၏ ကြိုးပမ်းမှုကို ကူညီသင့်ကြောင်း ၎င်းက လူမှုကွန်ရက်တွင် ရေးသားထားသည်။

သို့သော် ဒိန်းမတ်နှင့် ဂရင်းလန်းအစိုးရတို့က အမေရိကန်၏ပြောဆိုချက်ကိုအတိအလင်းငြင်းဆိုထားသည်။ ဂရင်းလန်းကျွန်းကို အမေရိကန်အနေဖြင့် သိမ်းယူရန်မလိုအပ်ကြောင်း ဒိန်းမတ်နိုင်ငံခြားရေးဝန်ကြီးကတုံ့ပြန်ပြီး ဂရင်းလန်းအစိုးရကလည်း ဥရောပသမဂ္ဂနှင့် NATO ၏ အစိတ်အပိုင်းအဖြစ်သာ ဆက်လက်ရှိလိုကြောင်း ပြောသည်။ လက်ရှိတွင် အမေရိကန်လွှတ်တော်တွင်လည်း အဆိုပါကိစ္စအတွက် ရန်ပုံငွေသုံးစွဲမှုကို ကန့်သတ်ရန် ကြိုးပမ်းမှုများရှိနေသဖြင့် အငြင်းပွားဖွယ်ရာ ကိစ္စရပ်တစ်ခုဖြစ်နေဆဲဖြစ်သည်။ **Ref: ST**

# ကမ္ဘာ့ရေနံစီးဆင်းမှုလမ်းကြောင်းအပြောင်းအလဲကြောင့် ဆီတင်သင်္ဘောငှားရမ်းခနှုန်းထားများ မြင့်တက်လာ

စင်ကာပူ၊ စီးပွားရေး

အမေရိကန်ပြည်ထောင်စုက ဗင်နီဇွဲလားနိုင်ငံ၏ရေနံကဏ္ဍကို ထိန်းချုပ်ရန်ကြိုးပမ်းလာပြီးနောက် ကမ္ဘာ့ရေနံစီးဆင်းမှုလမ်းကြောင်းများ ပြောင်းလဲလာခြင်းကြောင့် ဒေသတွင်း ဆီတင်သင်္ဘောငှားရမ်းခများမှာ နှစ်နှစ်အတွင်း အမြင့်ဆုံးသို့ ရောက်ရှိလာကြောင်း သိရသည်။

အမေရိကန်က ဗင်နီဇွဲလားသမ္မတနီကိုးလပ်မာဒူရိုကိုဖမ်းဆီးပြီးနောက် ၎င်းနိုင်ငံမှ ရေနံများကို အမေရိကန်ရေနံချက်စက်ရုံများသို့ တိုက်ရိုက်တင်ပို့ရန်စီစဉ်နေခြင်းကြောင့် အလတ်စားဆီတင်သင်္ဘောများကို လိုအပ်ချက်မြင့်တက်လာခြင်းဖြစ်သည်။

ယခင်က ဗင်နီဇွဲလားမှရေနံအများစုကို တရုတ်နိုင်ငံသို့တင်ပို့ခဲ့သော်လည်း ယခုအခါ အမေရိကန်သို့ လမ်းကြောင်းပြောင်းလဲလာခြင်းက သင်္ဘောအငှားဈေးကွက်ကို ရိုက်ခတ်စေခြင်းဖြစ်သည်။ ကာရေဘီယံပင်လယ်မှ အမေရိကန်ပင်လယ်ကွေ့သို့ ပို့ဆောင်သည့်လမ်းကြောင်း၌ ဇန်နဝါရီလ ၁၄ ရက်တွင် ဆီတင်သင်္ဘောတစ်စင်း၏ တစ်ရက်ငှားရမ်းခမှာ အမေရိကန်ဒေါ်လာ ၇၈၇၉၅ ဒေါ်လာအထိရှိသည်။ အလားတူ အမေရိကန်မှ ဥရောပသို့ ပို့ဆောင်သည့် လမ်းကြောင်းများတွင်လည်း သင်္ဘောရရှိနိုင်မှု နည်းပါးလာသဖြင့် ငှားရမ်းခများ လိုက်ပါမြင့်တက်လျက်ရှိသည်။ ယခုကဲ့သို့ အခြေအနေများကြောင့် သင်္ဘောပိုင်ရှင်များအတွက် အကျိုးအမြတ်ရရှိစေသော်လည်း ကမ္ဘာ့ရေနံဈေးကွက်၌ မရေရာမှုများဖြစ်ပေါ်လာရသည်။ **Ref: ST**



# ထိုင်းနိုင်ငံ၌ ဆောက်လုပ်ရေးကရိန်း ပြိုကျမှုကြောင့် လူနှစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရ

ဘန်ကောက်၊ မတော်တဆမှု

ထိုင်းနိုင်ငံ၌ ဇန်နဝါရီလ ၁၅ ရက်တွင် ဆောက်လုပ်ရေးကရိန်းတစ်ခု အဝေးပြေးလမ်းမပေါ်သို့ ပြိုကျမှုဖြစ်ပွားခဲ့ရာ လူနှစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိကြောင်း တာဝန်ရှိသူများကပြောသည်။

အဆိုပါမတော်တဆမှုသည် ဒေသစံတော်ချိန်နံနက် ၉ နာရီ ၁၀မိနစ်ခန့်တွင် ဘန်ကောက်မြို့နှင့် စမွတ်စခွန်ခရိုင်ကိုဆက်သွယ်ထားသည့် ရာမ ၂ လမ်းပေါ်၌ ဖြစ်ပွားခြင်းဖြစ်သည်။

အဝေးပြေးလမ်းမကြီး ဆောက်လုပ်ရေး၌အသုံးပြုနေသည့် အဆိုပါကရိန်းသည် လမ်းပေါ်တွင်ဖြတ်သန်းမောင်းနှင်နေသော မော်တော်ယာဉ်များပေါ်သို့ ပြိုကျခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် တာဝန်ရှိသူများက ကယ်ဆယ်ရေးလုပ်ငန်းများနှင့် ကရိန်းပြိုကျရသည့်အကြောင်းရင်းကို သိရှိနိုင်ရန် စုံစမ်းစစ်ဆေးမှုများ ဆက်လက်လုပ်ဆောင်နေသည်။

**Ref: AGC**

**● ကျောဖုံးမှအဆက်**


ဇန်နဝါရီလ ၁၄ ရက်နေ့တွင်လည်းကောင်း သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ဆက်လက်၍ တပ်မတော်စစ်ကြောင်းများအနေဖြင့် အဆိုပါသပိတ်ကျင်း-မိုးကုတ် လမ်းကြောင်းပေါ်ရှိ စိန်ကုန်းကျေးရွာနှင့် မိုးကုတ်မြို့အကြားလမ်းပိုင်းတွင် ခိုအောင်းနေသည့် အကြမ်းဖက်သောင်းကျန်းသူများအား တိုက်ခိုက်ချေမှုန်းပြီး မိုးကုတ်-သပိတ်ကျင်း-မန္တလေးမြို့များသို့ ဆက်သွယ်ထားသည့်လမ်းကြောင်းများအား အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် စစ်ကြောင်းများခွဲ၍ နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဟန်ချက်ညီဆောင်ရွက်ခဲ့ရာ ယနေ့တွင် စိန်ကုန်းကျေးရွာဘက်မှ နယ်မြေရှင်းလင်းရေးလုပ်ငန်းများဆောင်ရွက်ပြီး ချီတက်လာသည့် တပ်မတော်စစ်ကြောင်းသည် အဆိုပါလမ်းကြောင်းပေါ်ရှိအုန်ဒန်ကျေးရွာအားလည်းကောင်း၊ မိုးကုတ်မြို့ဘက်မှ နယ်မြေရှင်းလင်းရေးလုပ်ငန်းများဆောင် မြောက်ဘက် မီတာ ၁၀၀၀၀ ခန့်အကွာ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့်ကင်းကျေးရွာ၊ ကင်းတံတားနှင့် အဆိုပါကျေးရွာအနီးရှိ ရန်သူ့စခန်းနေရာတို့အား အသီးသီးတိုက်ခိုက်ချေမှုန်းသိမ်းပိုက်နိုင်ခဲ့သည်။

အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် အဆိုပါကျေးရွာများအား ယာယီစိုးမိုးထားစဉ် ကျေးရွာရှိဘုန်းတော်ကြီးကျောင်း၊ စာသင်ကျောင်းနှင့် လူနေအဆောက်အအုံများနှင့် ကျေးရွာအနီးရှိ တံတားနေရာတို့တွင် ဘန်ကာများပြုလုပ်၍ အခိုင်အမာခံစစ်စခန်းတည်ဆောက်ခြင်း၊ ယာယီဂိတ်စခန်းဖွင့်လှစ်၍ ဆက်ကြေးကောက်ခံခြင်းများ ပြုလုပ်ခဲ့ကြောင်းကို တွေ့ရှိရသည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် အဆိုပါလမ်းကြောင်းတစ်လျှောက်၌ ကျန်ရှိနေသည့်လမ်းပိုင်းအား ဆက်လက်ရှင်းလင်းနိုင်ရေး လိုအပ်သည့်နယ်မြေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး

## တပ်မတော်စစ်ကြောင်းများက သပိတ်ကျင်း-မိုးကုတ် ကားလမ်းပေါ်ရှိ အုန်ဒန်ရွာနှင့် ကင်းရွာဝန်းကျင်ဒေသအား ပြန်လည်ထိန်းချုပ်






တပ်မတော်စစ်ကြောင်းများက မိုးကုတ်မြို့နယ်၊ ကင်းကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းအား ပြန်လည်ထိန်းချုပ်စဉ်။



တပ်မတော်စစ်ကြောင်းများက မိုးကုတ်မြို့နယ်၊ ကင်းကျေးရွာရှိ ကင်းတံတားအား ပြန်လည်ထိန်းချုပ်စဉ်။



အကြမ်းဖက်သမားများက ကင်းကျေးရွာရှိ အခြေခံပညာ မူလတန်းကျောင်း၌ သဲအိတ်များဖြင့် ဘန်ကာများ ဆောက်လုပ်ထားမှုကိုတွေ့ရစဉ်။



တပ်မတော်စစ်ကြောင်းများက ကင်းကျေးရွာ အနီးရှိ ရန်သူ့အခိုင်အမာခံစစ်စခန်းအား သိမ်းပိုက်ရရှိစဉ်။

ရွက်ပြီး ချီတက်လာသည့်တပ်မတော်စစ်ကြောင်းသည် မိုးကုတ်မြို့၏အနောက် မိုးကုတ်-သပိတ်ကျင်း-မန္တလေးမြို့များသို့ ဆက်သွယ်ထားသည့် လမ်းကြောင်းများအား အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေးတို့ကို ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ နယ်မြေလုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် လိုင်စင်မဲ့မော်တော်ယာဉ်များဖမ်းဆီးရမိ

နေပြည်တော် ဇန်နဝါရီ ၁၅

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ ချင်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဇန်နဝါရီလ ၁၁ ရက်**တွင် ဟားခါးမြို့နယ်၊ မြို့သစ်ရပ်ကွက်၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် စားသောက်ကုန်ပစ္စည်း (၁၄)မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၄၁၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ချင်းဝိသေသတိုင်း အက်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဇန်နဝါရီလ ၁၁ ရက်**တွင် စစ်ကိုင်းမြို့နယ်၊ ပတ္တမြားရပ်ကွက်၌ တရားမဝင်ရွှေသတ္တု တူးဖော်ရာတွင် အသုံးပြုသည့် လုပ်ငန်းသုံးပစ္စည်း (၁၆)မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၅၂၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး မြန်မာ့သတ္တုတွင်းဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဇန်နဝါရီလ ၈ ရက်**တွင် ပဲခူးမြို့နယ်အတွင်း၌ တရားမဝင် ကျွန်းသစ် (၁၀ ဒသမ ၀၄၇)တန်၊ သစ်မာ (၂၀ ဒသမ ၂၂၈)တန် **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၄၇၅၀၈၈)**ကိုဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဇန်နဝါရီလ ၆ ရက်**တွင် အောင်မြေသာစံမြို့နယ်နှင့် ပြင်ဦးလွင်မြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ်(၂)စီး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၅၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ **ဇန်နဝါရီလ ၆ ရက်**တွင် ညောင်တုန်းမြို့နယ်၊ သာပေါင်းမြို့နယ်နှင့် လပွတ္တာမြို့နယ်တို့အတွင်း၌ တရားမဝင်အခြားသစ် (၃၀ ဒသမ ၀၃၈)တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၀၄၈၉၅၈)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၆ ခုနှစ်၊ **ဇန်နဝါရီလ ၆ ရက်၊ ၈ ရက်နှင့် ၁၁ ရက်**တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ (၈)မှု **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၁၃၁၇၀၄၆)**ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်တင်သွင်းမှုများကြောင့် သွင်းကုန်အစားထိုး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်ပါ၍ ၎င်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

မြဝတီ

# ဒေါ်နယ်ထရမ့်ပြောသလို တရုတ်နိုင်ငံဟာ ဂရင်းလန်းအတွက် ခြိမ်းခြောက်မှုဖြစ်နေလား

ဒီကနေ့ထွက်ပေါ်နေတဲ့ သတင်းတွေကိုကြည့်ရင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က အာတိတ်ဒေသမှာအရေးပါတဲ့ ကျွန်းကြီးဖြစ်တဲ့ ဂရင်းလန်းကျွန်းကို တရုတ်နိုင်ငံရဲ့လက်ထဲ မရောက်သွားစေဖို့အတွက် NATO မဟာမိတ်ဖြစ်တဲ့ ဒိန်းမတ်နိုင်ငံဆီကနေ ဘယ်လိုနည်းလမ်းမျိုးနဲ့မဆို ရအောင်ယူမယ်လို့ အကြိမ်ကြိမ် ခြိမ်းခြောက်ပြောဆိုဖူးပါတယ်။ ထရမ့်ရဲ့ အယူအဆအရဆိုရင် တရုတ်က ဒီဒေသမှာ ခြေကုပ်ယူပြီး အမေရိကန်ရဲ့လုံခြုံရေးကို ခြိမ်းခြောက်လာလိမ့်မယ်ဆိုတာပဲ ဖြစ်ပါတယ်။

ဒါပေမဲ့ ဒီကိစ္စနဲ့ပတ်သက်ပြီး နိုင်ငံတကာရေးရာလေ့လာဆန်းစစ်သူတွေကတော့ ထရမ့်ရဲ့အမြင်နဲ့ မတူဘဲ တခြားဘက်ကနေရှုမြင်ကြပါတယ်။ သူတို့ရဲ့ အဆိုအရ အာတိတ်ဒေသမှာတရုတ်နိုင်ငံရဲ့အင်အား အနည်းငယ်ပဲရှိတဲ့အတွက် ဒေါ်နယ်ထရမ့် ပြောသလို ကြီးမားတဲ့ ခြိမ်းခြောက်မှုမျိုးမဟုတ်ဘူးလို့ ထောက်ပြကြပါတယ်။ ဒါဆိုရင် ထရမ့်ပြောသလိုပဲ တရုတ်နိုင်ငံက ဂရင်းလန်းကျွန်းကို တကယ်ပဲမျက်စိကျပြီး စိုးမိုးဖို့ကြိုးစားနေသလား။ ဒါမှမဟုတ် ထရမ့်ကပဲ သူ့ရဲ့လိုဘအတွက် အကြောင်းရှာနေတာလားဆိုတာကို အောက်မှာဆက်လက်ဖော်ပြမယ့် အချက်အလက်တွေနဲ့တိုက်ဆိုင်ကြည့်နိုင်ပါတယ်။




**တရုတ်သင်္ဘောတွေနဲ့ ပြည့်နှက်နေပြီလား**

ဒေါ်နယ်ထရမ့်က အမေရိကန်သာ ကြားမဝင်ဘူးဆိုရင် ဂရင်းလန်းကျွန်းပတ်ဝန်းကျင်မှာ တရုတ်ဖျက်သင်္ဘောတွေနဲ့ ရေငုပ်သင်္ဘောတွေ နေရာအနှံ့ရှိနေလိမ့်မယ်လို့ အခိုင်အမာပြောဆိုခဲ့ပါတယ်။ ဒါပေမဲ့ လက်တွေ့အခြေအနေကို ကြည့်ရင်တော့ တရုတ်ရဲ့ အာတိတ်စစ်ရေးလှုပ်ရှားမှုဟာ သိပ်ပြီးပြောပရတဲ့ အခြေအနေမရှိလှပါဘူး။

နော်ဝေ ကာကွယ်ရေးလေ့လာမှုတက္ကသိုလ်က ပညာရှင် Paal Sigurd Hilde ကတော့ "ဂရင်းလန်းကျွန်းမှာ တရုတ်နဲ့ ရုရှားသင်္ဘောတွေ ဝိုင်းနေတယ်ဆိုတာ လုံးဝကိုအဓိပ္ပာယ်မရှိတဲ့စကားပါ" ဆိုပြီး ပြတ်ပြတ်သားသား တုံ့ပြန်ထားပါတယ်။ အာတိတ်ဒေသရဲ့ တခြားနေရာတွေမှာ ၂၀၂၂ ခုနှစ်နောက်ပိုင်း တရုတ်က ရုရှားနဲ့ပူးပေါင်းပြီး စစ်ရေးလှုပ်ရှားမှု အနည်းငယ် တိုးမြှင့်လုပ်ဆောင်လာတာမျိုးတော့ ရှိပါတယ်။

"အာတိတ်ဒေသမှာ တရုတ်နိုင်ငံအနေနဲ့ သိသိသာသာ ဩဇာလွှမ်းမိုးဖို့အတွက် တစ်ခုတည်းသောလမ်းကြောင်းက ရုရှားကနေတစ်ဆင့်သွားဖို့ပဲရှိပါတယ်" လို့ Hilde က ရှင်းပြပါတယ်။ ဒီနှစ်နိုင်ငံဟာ ၂၀၂၄ ခုနှစ်အတွင်း အလက်စကာဒေသအနီးဝန်းကျင်မှာ ဗုံးကြဲလေယာဉ်တွေနဲ့ ပူးတွဲကင်းလှည့်တာမျိုး အပါအဝင် အာတိတ်ဒေသနဲ့ ကမ်းခြေစောင့်လုပ်ငန်းတွေကိုပူးတွဲပြီး အရှိန်အဟုန်နဲ့ တိုးမြှင့်လုပ်ဆောင်လာကြပါတယ်။

ဒ့ါအပြင် တရုတ်နိုင်ငံမှာ ရေအောက်ကြမ်းပြင်ကို မြေပုံဖော်နိုင်တဲ့ ရေငုပ်သင်္ဘောငယ်များစွာပါ ရေခဲခွဲသင်္ဘောအနည်းငယ်ရှိသလို အာတိတ်ဒေသကို အပေါ်စီးက စောင့်ကြည့်ဖို့ ဂြိုဟ်တုတွေလည်းရှိပါတယ်။ ဒီအရာတွေကို စစ်ရေးအရအသုံးချမယ်ဆိုရင် အလွန်အသုံးဝင်နိုင်ပေမယ့် တရုတ်အစိုးရဘက်ကတော့ဒါတွေဟာ သိပ္ပံသုတေသနလုပ်ငန်းတွေကို ဆောင်ရွက်ဖို့အတွက်သာဖြစ်တယ်လို့ အမြဲတမ်းပြောလေ့ရှိပါတယ်။

**တရုတ်ရဲ့ ဩဇာလွှမ်းမိုးမှုတိုးလာနေသလား**

တရုတ်တပ်မတော် ဒါမှမဟုတ် သူတို့နဲ့ဆက်နွှယ်နေတဲ့အဖွဲ့အစည်းတွေဟာ ဒီဒေသမှာပုံမှန်ခြေကုပ်ယူလာမယ်ဆိုရင်တော့ ဒါဟာလုံခြုံရေးအရ တကယ့်ကို စိုးရိမ်စရာဖြစ်လာနိုင်တယ်လို့ ဘာလင်မြို့ရှိ Mercator Institute for China Studies မှ ပညာရှင် Helena Legarda က ပြောပါတယ်။ သူက "တရုတ်နိုင်ငံဟာ ဒီဒေသကို ပထဝီနိုင်ငံရေးအရ အားပြိုင်မယ့် နေရာအသစ်တစ်ခုလို့ယူဆထားပြီး ခြေကုပ်နေရာယူဖို့နဲ့ ဩဇာချဲ့ထွင်ဖို့ ရှင်းလင်းတဲ့ရည်မှန်းချက်တွေ ရှိနေတာပါ" လို့ ဆိုပါတယ်။

တရုတ်နိုင်ငံဟာ ၂၀၁၈ ခုနှစ်မှာ Polar Silk Road လို့ခေါ်တဲ့ စီမံကိန်းကိုစတင်ခဲ့ပြီး ၂၀၃၀ ပြည့်နှစ်မှာ "ဝင်ရိုးစွန်းအင်အားကြီးနိုင်ငံ" ဖြစ်ဖို့ ရည်မှန်းထားပါတယ်။ အိုက်စလန်နဲ့ နော်ဝေနိုင်ငံတွေမှာ သုတေသနစခန်းတွေ ဖွင့်လှစ်ထားသလို တရုတ်ကုမ္ပဏီတွေဟာ ရုရှားရဲ့ သဘာဝဓာတ်ငွေ့လုပ်ငန်းတွေနဲ့ ဆွီဒင်နိုင်ငံရှိ မီးရထားလမ်းတွေမှာလည်း ရင်းနှီးမြှုပ်နှံထားပါတယ်၊ အာတိတ်ဒေသက သယံဇာတတွေနဲ့ ကုန်သွယ်ရေးလမ်းကြောင်းတွေအတွက် တရုတ်နဲ့ပြိုင်ဆိုင်ရတာဟာ ဥရောပရဲ့အကျိုးစီးပွားကို ခြိမ်းခြောက်လာနိုင်တယ်လို့ Legarda က သတိပေးထားပါတယ်။

ဒါပေမဲ့ မကြာသေးခင်နှစ်တွေအတွင်းမှာတော့ တရုတ်ဟာ နေရာအနှံ့မှာ ကန့်ကွက်မှုတွေနဲ့ရင်ဆိုင်နေရပါတယ်၊ ဂရင်းလန်းကျွန်းရှိရေတပ်စခန်းဟောင်းတစ်ခုကိုဝယ်ယူဖို့ ကြိုးပမ်းတာနဲ့ ဖင်လန်နိုင်ငံမှ လေဆိပ်တစ်ခုကို ဝယ်ယူဖို့ကြိုးစားတာတွေဟာ မအောင်မြင်ဘဲ ပျက်ပြယ်ခဲ့ရပါတယ်။ အမေရိကန်အစိုးရကလည်း တရုတ်ကုမ္ပဏီတွေကို လက်မခံဖို့ တခြားနိုင်ငံတွေကို ဖိအားပေးခဲ့တယ်လို့သိရပါတယ်၊ ဥပမာအားဖြင့် ၂၀၁၉ ခုနှစ်မှာ ဂရင်းလန်းကျွန်းက သူတို့ရဲ့ 5G ကွန်ရက်အတွက် တရုတ်ရဲ့ Huawei ကို အသုံးမပြုဖို့ ဆုံးဖြတ်ခဲ့တာမျိုး ဖြစ်ပါတယ်၊ ရုရှားနိုင်ငံကတော့ ခွင်းချက်အနေနဲ့ တရုတ်ကို လက်ခံထားပြီး တရုတ်ဟာ ရုရှားမြောက်ပိုင်းကမ်းရိုးတန်းရှိ ဆိပ်ကမ်းတွေနဲ့သယံဇာတလုပ်ငန်းများစွာမှာ အကြီးအကျယ် ရင်းနှီးမြှုပ်နှံနေပါတယ်။

**တရုတ်က ဘာကို အဓိကရှာဖွေနေတာလဲ**

အမေရိကန် ဘူမိဗေဒလေ့လာရေးဌာန (USGS) ရဲ့ အဆိုအရ ဂရင်းလန်းကျွန်းမှာ ကမ္ဘာ့အဋ္ဌမမြောက် အများဆုံးဖြစ်တဲ့ မြေရှားသတ္တုသိုက်တွေရှိတယ်လို့ သိရပါတယ်။ အဲဒီသတ္တုတွေဟာ လျှပ်စစ်ကားတွေ၊ စမတ်ဖုန်းတွေနဲ့ အဆင့်မြင့် စစ်လက်နက်ပစ္စည်းတွေ ထုတ်လုပ်ဖို့အတွက် အလွန်အရေးပါတဲ့အရာတွေ ဖြစ်ပါတယ်။ တရုတ်က ဒီပစ္စည်းတွေထုတ်လုပ်မှုမှာ ကမ္ဘာကို လွှမ်းမိုးထားပေမယ့် ဂရင်းလန်းကျွန်းမှ သယံဇာတတွေကို ရယူဖို့ကြိုးစားမှုတွေကတော့ အောင်မြင်မှု သိပ်မရသေးပါဘူး။

Kvanefjeld မှာရှိတဲ့ အကြီးစားသတ္တုသိုက်စီမံကိန်းကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးအကြောင်းပြချက်နဲ့ ဂရင်းလန်းအစိုးရက ၂၀၂၁ ခုနှစ်မှာရပ်ဆိုင်းခဲ့သလို ကျွန်းတောင်ပိုင်းရှိ အခြားသတ္တုသိုက်တစ်ခုကိုလည်း အမေရိကန်ရဲ့စည်းရုံးမှုကြောင့် ၂၀၂၄ ခုနှစ်မှာ နယူးယောက်အခြေစိုက် ကုမ္ပဏီတစ်ခုက ဝယ်ယူသွားခဲ့ပါတယ်။

"လွန်ခဲ့တဲ့ ၁၀ စုနှစ်တစ်ခုလောက်က တရုတ်ရဲ့ ရင်းနှီးမြှုပ်နှံမှုတွေဟာ ဂရင်းလန်းရဲ့ စုစုပေါင်းကုန်ထုတ်လုပ်မှုပမာဏထက် အဆပေါင်းများစွာများနေတာကြောင့် ဒိန်းမတ်နဲ့ အမေရိကန်တို့ဟာ တကယ်ပဲ ကြောက်ခဲ့ကြပါတယ်။ ဒါပေမဲ့ အဲဒီရင်းနှီးမြှုပ်နှံမှုတွေဟာ တကယ်တမ်းဖြစ်မလာခဲ့ပါဘူး" လို့ Aalborg University မှ ပါမောက္ခ Jesper Willaing Zeuthen က ပြောပါတယ်။ အခုနောက်ပိုင်းမှာတော့ တရုတ်နိုင်ငံဟာ သံတမန်ရေးရာ ကုန်ကျစရိတ်တွေများလွန်းတာကြောင့် ဒီရင်းနှီးမြှုပ်နှံမှုကိစ္စတွေကို သိပ်ပြီး တိုက်တွန်းတာမျိုး မလုပ်တော့ပါဘူး။

**ပို့ဆောင်ရေးလမ်းကြောင်းပြောင်းလဲလာခြင်း**

Polar Silk Road ရဲ့ အဓိကရည်ရွယ်ချက်ကတော့ ကမ္ဘာကြီးပူနွေးလာလို့ ရေခဲတွေအရည်ပျော်လာတဲ့ အာတိတ်လမ်းကြောင်းမှတစ်ဆင့် တရုတ်နဲ့ ဥရောပကို ဆက်သွယ်ဖို့ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ်အောက်တိုဘာလမှာ တရုတ်နဲ့ ရုရှားဟာ ရုရှားမြောက်ပိုင်းလမ်းကြောင်းကို ဖွံ့ဖြိုးအောင်လုပ်ဖို့ သဘောတူခဲ့ပါတယ်။ ပြီးခဲ့တဲ့နှစ်က တရုတ်သင်္ဘောတစ်စင်းဟာ အာတိတ်လမ်းကြောင်းကနေ ဗြိတိန်နိုင်ငံကို ရက်ပေါင်း ၂၀ နဲ့ရောက်ရှိပြီး ဒါဟာပုံမှန်သွားလာနေကျ လမ်းကြောင်းဖြစ်တဲ့ စူးအက်တူးမြောင်းလမ်းကြောင်းထက် အချိန်ထက်ဝက်နီးပါးသက်သာတာဖြစ်ပါတယ်။

ဒီလမ်းကြောင်းအသစ်ဟာ ကမ္ဘာ့ကုန်သွယ်ရေးကို ပြောင်းလဲစေနိုင်သလို မလက္ကာရေလက်ကြားအပေါ် တရုတ်ရဲ့ မှီခိုမှုကိုလည်း လျှော့ချနိုင်ပါတယ်။ ဒါပေမဲ့ သင်္ဘောတွေကို ရေခဲပြင်ထဲသွားနိုင်အောင် အထူး ပြင်ဆင်ရမှာဖြစ်သလို မြူထူတဲ့အခြေအနေတွေနဲ့ ရာသီဥတုဆိုးရွားမှုတွေကလည်း အဓိက အခက်အခဲဖြစ်နေပါသေးတယ်။ မနှစ်က တရုတ်သင်္ဘောတွေဟာ ဒီလမ်းကြောင်းကို ၁၄ ကြိမ်ပဲသွားခဲ့ပြီး အများစုက ရုရှားဓာတ်ငွေ့တွေကို သယ်ဆောင်တာဖြစ်ပါတယ်။

အခြားဖြစ်နိုင်ခြေရှိ လမ်းကြောင်းတစ်ခုဖြစ်တဲ့ Northwest Passage ကတော့ ကနေဒါကျွန်းစုတွေကြားကနေသွားတာဖြစ်ပြီး ရုရှားနဲ့တရုတ်လွှမ်းမိုးထားတဲ့ မြောက်ပိုင်းလမ်းကြောင်းရဲ့အန္တရာယ်တွေကို လျှော့ချပေးနိုင်ပါတယ်၊ အရေးကြီးဆုံးအချက်က NSR လမ်းကြောင်းဟာ ဂရင်းလန်းနားကနေ ဖြတ်သွားတာမဟုတ်ပါဘူး။ ဒါကြောင့် ဂရင်းလန်းကမ်းရိုးတန်းမှာ တရုတ်သင်္ဘောတွေ လှည့်ပတ်သွားလာနေတယ်ဆိုတဲ့ ဒေါ်နယ်ထရမ့်ရဲ့ပြောဆိုချက်ဟာ အရင်းအမြစ်မရှိတဲ့ စွပ်စွဲချက်တစ်ခုသာဖြစ်ပါတယ်။ Zeuthen ကတော့ ဂရင်းလန်း အာတိတ်ဒေသတစ်ဝိုက်မှာ တရုတ်ရဲ့ စစ်ရေးလှုပ်ရှားမှုနဲ့ပတ်သက်တဲ့ လက္ခဏာလုံးဝမရှိကြောင်း၊ တကယ့်လုံခြုံရေးပြဿနာတွေကို ရှာဖွေဖို့တောင်ခက်ခဲကြောင်း အတည်ပြုပြောထားပါတယ်။

ဒီနှစ်အတွင်းမှာ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ရဲ့အစိုးရအဖွဲ့ဟာ နိုင်ငံတကာဆက်ဆံရေးမှာ တော်တော်လေးကိုကြမ်းတမ်းတဲ့ပုံစံမျိုးနဲ့ ဆောင်ရွက်လာတာတွေ့ရပါတယ်။ နှစ်အစပိုင်းမှာတင်ပဲ ဗင်နီဇွဲလားသမ္မတနီကိုးလပ်မာဒူရိုကို အထူးတပ်ဖွဲ့တွေနဲ့ဖမ်းဆီးပြီး အမေရိကန်နိုင်ငံမှာ တရားရင်ဆိုင်စေပါတယ်။ ဗင်နီဇွဲလားနိုင်ငံဖြစ်စဉ်ဖြစ်ပြီး ရက်ပိုင်းအတွင်းမှာပဲ တခြားနိုင်ငံတွေကိုပါ အလားတူလုပ်ဆောင်ချက်မျိုး လုပ်ဆောင်လာမှာကို ကမ္ဘာ့နိုင်ငံအများအပြားက စိုးရိမ်နေကြတာပါ။ ထရမ့်လေသံပစ်လာတဲ့အထဲမှာ ဂရင်းလန်းကျွန်းလည်းအပါအဝင်ဖြစ်ပေမယ့် သူပြောဆိုထားတဲ့အခြေအနေနဲ့ လက်တွေ့ပကတိအခြေအနေတို့ကြား ဘယ်လောက်အထိကွာဟမှုရှိနေလဲဆိုတာကို နိုင်ငံတကာရေးရာနဲ့ပတ်သက်လို့လေ့လာနေသူများရဲ့သုံးသပ်ချက်များအတိုင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

Ref: RT

ထက်မြတ်

**ပျောက်ဆုံးကြောင်း**
စိုင်းဇော်မျိုးဟိန်း(ဘ)ဦးကျော်မြင့် ၁၃/မလတ(နိုင်)၀၀၀၉၉၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၀၈၁၄၇၈၄

**ပျောက်ဆုံးကြောင်း**
မြင့်မြင့်သူ(ဘ)ဦးမြသိန်း ၉/အမရ(နိုင်)၁၁၆၁၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၉၂၆၅၉၂၉

**ပျောက်ဆုံးကြောင်း**
အေးသင်း(ဘ)ဦးကြင် ၈/တတက(နိုင်)၂၁၄၈၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ဗန်သျှန်းနဲမ်(ဘ)ဦးဇမ်းလှယ် ၄/ဖလန(နိုင်)၀၆၈၄၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ဗန်နွမ်မွေး(ဘ)ဦးဗန်နိုင်ထန်း ၄/ဖလန(နိုင်)၀၅၂၃၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 384044)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၁၁၃၈၆၈

**တစ်ဦးတည်းဖြစ်ပါကြောင်း**
ကျိုက္ကဒေးဝလမ်း၊ ဘုရားကုန်းကျေးရွာ၊ သန်လျင်မြို့နယ်နေ အဘ ဦးဇော်ဝင်း ၇/ဒဥန(နိုင်)၀၀၂၀၇၅ ၏သမီး မဝင်းဝင်းခိုင်(ခ)မဝင်းဝင်းခင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
မဝင်းဝင်းခိုင်(ခ)မဝင်းဝင်းခင်

**ပျောက်ဆုံးကြောင်း**
ဇင်မာလတ်(ဘ)ဦးအောင်စွမ် ၁၁/ကဖန(နိုင်)၀၄၃၇၉၆ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၀၂၁၅၁၇၆

**ပျောက်ဆုံးကြောင်း**
မြင့်ကျော်စိုး(ဘ)ဦးကိုယယ် ၉/ဝတန(နိုင်)၁၅၄၆၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 610636)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၂၀၀၇၅၀၀

**ပျောက်ဆုံးကြောင်း**
မဂျာရာ(ဘ)ဦးဇော်မြတ် ၁/ဆပဘ(နိုင်)၀၀၃၁၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 395226)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
မူမူထွေး(ဘ)ဦးတင်ဦး ၁၄/ဟသတ(နိုင်)၃၄၆၅၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇




**ပျောက်ဆုံးကြောင်း**
မမေဝါလင်း(ဘ)ဦးမြတ်ဌေး ၉/ခမစ(နိုင်)၀၄၆၇၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 046756)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၀၈၁၄၇၈၄

**ပျောက်ဆုံးကြောင်း**
စိုးမင်း(ဘ)ဦးထွန်းအောင် ၉/ပဘန(နိုင်)၂၂၇၇၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ခင်မာဝင်း(ဘ)ဦးထွန်းသောင် ၈/တတက(နိုင်)၁၃၈၃၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ဦးအောင်ဟန်(ဘ)ဦးစံရွှေ ၈/မလန(နိုင်)၀၉၁၇၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
စန်းစန်းတင့်(ဘ)ဦးကျော်သိန်း ၅/မရန(နိုင်)၀၁၅၅၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၇၉၈၀၀၉၂

**ပျောက်ဆုံးကြောင်း**
ယင်းမာထွေး(ဘ)ဦးလှိုင်မြင့် ၁၄/ကခန(နိုင်)၁၀၃၈၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၁၅၉၂၅၁၆

**ပျောက်ဆုံးကြောင်း**
နေမျိုးကျော်(ဘ)ဦးချစ်ကြည် ၁၂/ဒဂတ(နိုင်)၀၃၃၂၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 557043)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
ထွန်းထွန်းကြည်(ဘ)ဦးကျော်ခိုင် ၁၂/ဆကခ(နိုင်)၀၁၉၆၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ဖြူနှင်းဝေ(ဘ)ဦးလှဝေ ၁၄/မမန(နိုင်)၃၀၁၇၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
ဝိလာသဂ္ဂ(ဘ)ဦးတင်မောင် ၁၂/ကမန(သ)၀၀၀၃၀၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၉၂၆၅၈၃၀

**ပျောက်ဆုံးကြောင်း**
နန်းဟွမ်ဟိန်း(ဘ)ဦးစိုင်းရှဲန် ၁၃/ကတန(နိုင်)၁၁၃၆၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၈၀၁၃၂၆၉

**ပျောက်ဆုံးကြောင်း**
ရီရီလွင်(ဘ)ဦးကြည် ၈/တတက(နိုင်)၂၀၄၄၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
မေသကြိန်မိုး(ဘ)ဦးမြင့်ဦး ၁၂/ထတပ(နိုင်)၁၃၅၉၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 838375)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
အောင်အောင်ဦး(ဘ)ဦးရန်ယုချင်း ၁၃/လရန(နိုင်)၂၀၅၃၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 776389)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ရွှေရည်ဦး(ဘ)ဦးညွန့်နိုင် ၉/မဟမ(နိုင်)၀၃၇၁၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 433586)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၇၃၀၀၄၄၄

**ပျောက်ဆုံးကြောင်း**
ကြူဆန်းမင်း(ဘ)ဦးသောင်းတင် ၁၂/မဂဒ(နိုင်)၁၂၆၈၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၅၀၄၉၀၈

**ပျောက်ဆုံးကြောင်း**
ဇော်လင်းနိုင်(ဘ)ဦးစံထွန်း ၁၁/သတန(နိုင်)၀၉၄၆၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၃၈၉၀၇၅၃

**ပျောက်ဆုံးကြောင်း**
အောင်ကိုဟိန်း(ဘ)ဦးအေးမွန် ၁၂/မရက(နိုင်)၁၆၂၈၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 388470)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၅၅၄၇၃၁၆

**ပျောက်ဆုံးကြောင်း**
သုမန(ဘ)ဦးဒင်သား ၆/ထဝန(သ)၀၀၀၈၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၆၀၆၄၇၉၇၉

**ပျောက်ဆုံးကြောင်း**
ဒေါ်မူမူ(ဘ)ဦးသိန်းဖေ ၁၁/သတန(နိုင်)၀၃၉၈၃၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၁၇၃၅၆၁၆

**ပျောက်ဆုံးကြောင်း**
ထနိုင်ပါး၊ရ်(ဘ)ဦးဗိုင်းရမ်၅/ကလထ(နိုင်) ၂၈၀၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၇၃၉၈၈၈၂




**ပိုဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**
**မြန်မာ့မီးရထား**
**အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း**

၁။ အောက်ဖော်ပြပါလုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမျိုးအမည် |
|---|---|---|
| ၁ | ၃၃၇/မမ/CE | မြစ်ငယ်ကွန်ကရစ်ဇလီဖားစက်ရုံတွင် ကွန်ကရစ်ဇလီဖား(၉၅၀၀)တုံးထုတ်လုပ်ခြင်းလုပ်ငန်း |

တင်ဒါပိတ်မည့်နေ့/အချိန် - (၃၀-၁-၂၀၂၆)နေ့လယ်(၂:၃၀)နာရီ
၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၁၆-၁-၂၀၂၆)ရက်နေ့မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။
**ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း 294352, 291994**

**ပျောက်ဆုံးကြောင်း**
အောင်သူတင်(ဘ)ဦးသန်းတင် ၈/ပခက(နိုင်)၁၄၄၁၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 387544)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၈၈၈၈၃၅၈

**ပျောက်ဆုံးကြောင်း**
ကျော်နိုင်ထွန်း(ဘ)ဦးမောင်ကျော် ၈/ဆပဝ(နိုင်)၁၁၄၇၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**တစ်ဦးတည်းဖြစ်ပါကြောင်း**
မြောက်ဒဂုံမြို့နယ်၊ (၃၇)ရပ်ကွက်နေ အဘ ဦးဇာနည်အောင်၏သား မောင်အောင်ဇာနည်ဖြိုး(ခ)အောင်စွမ်းရည်ဖြိုး ၁၂/ဒဂမ(နိုင်)၀၆၃၀၇၂ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
မောင်အောင်ဇာနည်ဖြိုး(ခ)အောင်စွမ်းရည်ဖြိုး

**ပျောက်ဆုံးကြောင်း**
ရိုစလင်း(ဘ)ဦးတူးလူ ၂/လကန(နိုင်)၀၆၁၆၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၁၅၉၀၉၇၇

**ပျောက်ဆုံးကြောင်း**
အိဖြူချစ်(ဘ)ဦးချစ်ကို ၁၄/ကပန(နိုင်)၂၆၁၉၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 773587)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၅၀၄၉၀၈၂

**ပျောက်ဆုံးကြောင်း**
စိမ်းနုဝေဝေ(ဘ)ဦးအောင်ခိုင်ဦး ၁၄/ဟသတ(နိုင်)၃၃၁၁၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 563721)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၃၀၃၁၃၄၃

**ပျောက်ဆုံးကြောင်း**
မေဇင်ဦး(ဘ)ဦးထွန်းဦး ၈/သရန(နိုင်)၁၁၆၀၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ဦးဘူဘာလာ(ဘ)ဦးဆန္ဒရား ၁၀/မလမ(နိုင်)၃၃၄၄၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၂၅၀၄၈၆၈

**HE HAI NEW ARCHITECTURE MATERIAL COMPANY LIMITED**
**Section (147)of the Myanmar Insolvency Law**
**Liquidation at the will of shareholders**

(15–1–2026) a Extraoridinary Meeting of the director was held at the company's office, and the following resolutions were made under the chairmanship of managing director Mr.Lin, Teng–Tsai,

1. Based on the Myanmar Companies Law and insolvency laws, it has been decided to liquidate the company starting in 15th, January month, 2026 as in accordance with the wishes of the shareholders.
2. The decision was made to appoint U Shin Nyein(LL.B)Advocate(Series No. 4644)as liquidator to handle the liquidation of the company.
3. The official Liquidation office has notified me that creditors of the company may submit their debt claims within(1)months, along with supporting documents.

with regard
U SHIN NYEIN
ADVOCATE(SR.NO.4644)
LIQUIDATOR

**9 PERCENT COMPANY LIMITED**
**မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ(၁၄၇)**
**အစုရှယ်ယာရှင်များဆန္ဒအလျောက်**
**ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းရန်ကြေညာခြင်း**

၁။ "9 PERCENT COMPANY LIMITED."ကို အစုရှင်များဆန္ဒအလျောက် ဖျက်သိမ်းရန်(၁၆-၁-၂၀၂၆)နေ့က ကုမ္ပဏီရုံးခန်းတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအရပ်ရပ်အစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။
၂။ ၎င်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တိုက်အမှတ်(၂၉၅)အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးဇင်ဝေ(၂၁၀)လက်မှတ်ရပြည်သူ့စာရင်းကိုင်အား ခန့်အပ်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။
၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို တစ်လအတွင်း ဦးဇင်ဝေ(၂၁၀)လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| ဦးဇင်ဝေ | U SAI SAN KHONE |
| B.Com(AA);C.P.A(210) | Managing Director |
| စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ | 9 PERCENT COMPANY LIMITED |

**ပျောက်ဆုံးကြောင်း**
လှည်းဆိပ်အုပ်စု၊ ဘုရားကြီးရွာနေ ကိုကိုဝင်း(ဘ)ဦးတင်ဆန်း ၁၄/ကပန(နိုင်)၁၈၇၇၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ပဲခူးမြို့နေ စီစီသင်း(ဘ)ဦးစိန်ကြိုင် ၇/ပခန(နိုင်)၀၀၃၃၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ရှမ္ဘလည်ဆွဲရပ်၊ အာဇာနည်လမ်း၊ အမှတ်(၃၄)နေ မဝတ်ရည်အေး(ဘ)ဦးခင်မောင်အေး ၆/ထဝန(နိုင်)၀၆၄၁၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၆၇၈၄၅၂၈၇

**ပျောက်ဆုံးကြောင်း**
တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ရှမ္ဘလည်ဆွဲရပ်၊ အာဇာနည်လမ်း၊ အမှတ်(၃၄)နေ ကျော်ကျော်နိုင်(ဘ)ဦးကျော်မြင့် ၆/ထဝန(နိုင်)၀၇၇၇၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၆၇၈၄၅၂၈၇

**ပျောက်ဆုံးကြောင်း**
နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ ကျန်စစ်သားရပ်ကွက်နေ မအေးစုမွန်(ဘ)ဦးကျော်ဝင်းသန်း ၁၁/ကဖန(နိုင်)၁၁၆၈၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 900426)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၁၇၆၂၃၃၆

**သစ်တောမှန်လျှင်**
**အသုံးဝင်**
**အစဉ်ထာဝရ**
**ထိန်းသိမ်းကြ**

**ပျောက်ဆုံးကြောင်း**
မြပွင့်အေး(ဘ)ဦးဟန်ထွန်း ၈/ကမန(နိုင်)၀၆၀၀၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၆၃၅၂၉၇၇

**ပျောက်ဆုံးကြောင်း**
ရဲညီညီနိုင်(ဘ)ဦးတင်အေး ၁၂/လမတ(နိုင်)၀၂၉၆၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၉၀၀၃၃၉၈

**ပျောက်ဆုံးကြောင်း**
ကိုမျိုး(ဘ)ဦးညီစိန် ၉/လဝန(နိုင်)၁၃၇၉၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

# ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

( ခ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန်ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

( ဂ ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(ဃ) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီးသူဖြစ်ရမည်။ မည်သည့်ဘွဲ့မဆိုလျှောက်ထားနိုင်သည်။

( င ) မဟာဘွဲ့တက်ရောက်ရန်အဆင့်မီသူဦးစားပေးမည်။ မဟာဘွဲ့ရရှိပြီးသူ၊ ပါရဂူဘွဲ့ရရှိပြီးသူများလည်း လျှောက်ထားနိုင်သည်။

( စ ) ဘွဲ့လက်မှတ်**(မူရင်း)**နှင့် ဘွဲ့ရအမှတ်စာရင်းတင်ပြနိုင်ရမည်။

(ဆ) **၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့**တွင် အသက် ၂၅ နှစ်ထက် မကျော်လွန်စေရ။ မဟာဘွဲ့ရရှိပြီးသူများအနေဖြင့် ၂၇ နှစ်အထိလည်းကောင်း၊ ပါရဂူဘွဲ့ရရှိပြီးသူများအနေဖြင့် ၃၀ နှစ်အထိလည်းကောင်း လျှောက်ထားနိုင်သည်။

( ဇ ) ဗိုလ်လောင်းသင်တန်း တက်ရောက်အောင်မြင်ပါက ဒုတိယဗိုလ်အဆင့် စတင်ခန့်အပ်ခြင်းခံရမည်။ မဟာဘွဲ့ရရှိပြီးသူ၊ ပါရဂူဘွဲ့ရရှိပြီးသူများသည် ဗိုလ်အဆင့်စတင်ခန့်အပ်ခြင်းခံရမည်။

(ဈ) တပ်မတော်မှ လေ့ကျင့်သင်ကြားမှုစနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် **အခမဲ့** ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ**(မူရင်း)**၊ ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံနှင့် တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတို့မှ ပဏာမဆေးစစ်အောင်မြင်ကြောင်း ထောက်ခံချက်ပူးတွဲတင်ပြရမည်။

၄။ အစိုးရဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်ပါရှိရမည်။

၅။ လျှောက်လွှာများကို **၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့**တွင် စတင်ထုတ်ပေးမည်ဖြစ်ပြီး **ဖေဖော်ဝါရီလ ၁၈ ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် အချိန်မီပေးပို့ကြရမည်။

၆။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၇။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာ ရေးသားဖော်ပြခြင်းမရှိသောလျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့် တိုင်းစစ်ဌာနချုပ်တွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**


ISO 9001:2008 Cert. No.683099
ဘေးကင်းစိတ်ချ လုံခြုံမှုရစေတာ
SIGMA
CABLE & WIRE
COPPER 99.99%
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၃၃၆၃၃၉၉၊ ၀၉ ၄၅၀၀၁၈၉၆၂
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀


ပြင်ဦးလွင်
နန်းမြိုင်ကော်ဖီ
PURE ARABICA COFFEE
Black Coffee
PYIN OO LWIN
NAN MYAING
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၈၅ ၂၀၂၁၇၄၀၊ ၀၉ ၃၀၅၂၉၁၁၁
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


AVAILABLE SERVICES
Inland Container Depot
Warehouse Service
Customs Freight Station Service
Trucking Service
Logistic Service
Multi-modal Transportation Services
LANN PYI MARINE
COMPANY LIMITED
No. 55/61, Strand Road, Botahtaung Township, Yangon, Myanmar.
Tel. 01 8372879, 8373013 Fax. 095 1 8373011
Email. lannpyi.hq@lpm-myanmar.com, lannpyi.icd@lpm-myanmar.com


Smart
GENTLEMEN FASHION
Ph : 033-60337~8 , 09-5022324
Fax : 033-60339
E-mail : mehlgarment.pol@gmail.com
Facebook : Smart Smart
Viber : +95-9777585772
Address : Pyin Oo Lwin

❖ သစ်ပင်စိုက်ပျိုးခြင်း၏ အကျိုးကျေးဇူးများကို လက်ငင်းခံစား၍ မရနိုင်သော်လည်း နောင် ၇ နှစ်၊ ၈ နှစ်ခန့်တွင် ခံစားရမည်ဖြစ် . . .

❖ မိမိတို့အနေဖြင့်လည်း ယခင်ကစိုက်ပျိုးထိန်းသိမ်းခဲ့မှုများကြောင့် သစ်ကြီးဝါးကြီးများ၏ အရိပ်အာဝါသကို ခံစားရခြင်းဖြစ် . . .

❖ မိမိတို့၏ လာမည့်သားစဉ်မြေးဆက်ကိုလည်း ထိုသို့ခံစားရစေလိုသည့်စိတ်ဖြင့် ဆောင်ရွက်သွားကြရန်လို . . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့တွင် အပူပိုင်းဒေသ(၁၃)ခရိုင်အတွင်း ၂၀၂၅ ခုနှစ်၊ မိုးရာသီလူထုလှုပ်ရှားမှုအသွင်ဖြင့် မိတ္ထီလာခရိုင်၊ လိန်တောကြိုးပြင်ကာကွယ်တောနေရာ၌ ပြုလုပ်သော သစ်ပင်စိုက်ပျိုးပွဲတော်တွင် ပြောကြားသောအမှာစကားမှကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။


❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# တပ်မတော်စစ်ကြောင်းများက မိုးကုတ် - သပိတ်ကျင်းလမ်းကြောင်းပေါ်ရှိ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် အုန်ဒန်ကျေးရွာ၊ ကင်းကျေးရွာနှင့် ရန်သူ့စခန်းတစ်ခုတို့အား ဆက်လက်သိမ်းပိုက်ရရှိ

နေပြည်တော် ဇန်နဝါရီ ၁၅

တပ်မတော်စစ်ကြောင်းများအနေဖြင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားသည့် မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၊ စဉ့်ကူးမြို့နယ်၊ သပိတ်ကျင်းမြို့နယ်များအား တစ်ခုပြီးတစ်ခုပြန်လည်သိမ်းပိုက်ထိန်းချုပ်ခဲ့ပြီး မန္တလေး-မတ္တရာ-စဉ့်ကူး-သပိတ်ကျင်း ဆက်သွယ်ရေးလမ်းကြောင်းအား အပြည့်အဝပြန်လည်ထိန်းချုပ်ဖွင့်လှစ်ပေးခဲ့သည့်သတင်းအား ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင်လည်းကောင်း၊ သပိတ်ကျင်း-မိုးကုတ် ဆက်သွယ်ရေးလမ်းကြောင်းတစ်လျှောက်ရှိ ညောင်ပင်သာကျေးရွာ၊ ပိုးဇာနွယ်ကျေးရွာ၊ ကျောက်လှည်းဘီးကျေးရွာ၊ နယ်မြေခံတပ်ရင်း၌ာနချုပ်နှင့် စိန်ကုန်းကျေးရွာတစ်ဝိုက်တို့အား ပြန်လည်သိမ်းပိုက်ရရှိခဲ့သည့် သတင်းအား ၂၀၂၆ ခုနှစ်၊ **စာမျက်နှာ ၂၇ ကော်လံ ၁ ●**



တပ်မတော်စစ်ကြောင်းများက သပိတ်ကျင်း-မိုးကုတ် လမ်းကြောင်းပေါ်ရှိ ကင်းကျေးရွာအား ပြန်လည်ထိန်းချုပ်စဉ်။

# သီပေါမြို့နယ်၊ နမ့်လန်ဒေသနှင့် မိုင်းရယ်မြို့အနီး မူးယစ်ဆေးဝါးချက်လုပ်ရာတွင်အသုံးပြုသည့်ပစ္စည်းများ ထပ်မံသိမ်းဆည်းရမိ

နေပြည်တော် ဇန်နဝါရီ ၁၅

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူ၍ နိုင်ငံတစ်ဝန်း မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့် တရားမဝင်ရောင်းဝယ်မှုတားဆီးကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို အင်တိုက်အားတိုက်စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်၊ ၁၀ ရက်နှင့်၁၁ ရက်တို့တွင်ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ သီပေါမြို့နယ်နှင့် မိုင်းရယ်မြို့နယ်များအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုပြုလုပ်ရာတွင် အသုံးပြုသည့်ပစ္စည်းများနှင့် မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ပစ္စည်းကိရိယာများကို သိမ်းဆည်းရမိခဲ့ကြောင်းနှင့် ဇန်နဝါရီလ ၁၀ ရက်နှင့်၁၁ ရက်တွင်ဖော်ထုတ်သိမ်းဆည်းရမိခဲ့သည့် **စာမျက်နှာ ၁၆ ကော်လံ ၁ ◆**



သီပေါမြို့နယ်၊ နမ့်လန်ဒေသနှင့်မိုင်းရယ်မြို့အနီး ထပ်မံသိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများချက်လုပ်ရာတွင် အသုံးပြုသည့်ပစ္စည်းများကိုတွေ့ရစဉ်။

### စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲအတွက် နမူနာမေးခွန်းပုံစံဖော်ပြပါရှိ

၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲအတွက် နမူနာမေးခွန်းပုံစံမြို့ပြပုံဆွဲဘာသာရပ်(BT 301)၊ လက်သမားအတတ်ပညာနှင့်သစ်သားလုပ်ငန်း (BT 302)နှင့် မြေတိုင်းဘာသာရပ် (BT 303) ဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကို ယနေ့ထုတ်မြဝတီသတင်းစာ စာမျက်နှာ(၂၄)၊ (၂၅) နှင့်(၂၆)တို့တွင် ဖော်ပြထားပါသည်။